www.burmeseclassic.com



ဓောင်မှူးကြီး

# သိန်းဝင်း ကွတ်ရှပ် တလဲ

နှင့်

ထောင်တွင်းဝတ္ထုတိုများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၄၅၀၇၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၄၉၀၈၀၈

စီစဉ်သူ ။ ကိုတင်ထွန်း

## ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၀၈၊ ဒီဇင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

## ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

## ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## "စာရေးသူ၏အမှာစာ"

BURMESE CLASSIC

ကျွန်ုပ်ထောင်လုပ်သက်အနှစ် (၂၀)ခန့်အတွင်း၌ လူမျိုးစုံ စရိုက်မျိုးစုံပြစ်မှုမျိုးစုံ ကျခံရသူများနှင့် ကြုံခဲ့ရသည်။ အချို့မှာ လူတော်များ ဖြစ်ကြသည်။ သို့သော်လူကောင်းတော့မဟုတ်၊ အချို့မှာ လူရိုးလူကောင်း များဖြစ်ကြသည်။ စိတ်ကိုတစ်ခဏမထိမ်းချုပ်နိုင်၍ ပြစ်မှုကျူးလွန်ခဲ့သော သူများဖြစ်ကြသည်။ အချို့မှာလူတော် ဖြစ်သော်လည်း အငြိုးအတေးကြီးလွန်း၍ နှစ်ပေါင်းများအနစ်နာခံ၊ အပင်ပမ်းခံပြီး စနစ်တကျ အကွက်ချ၍ ပြစ်မှုကျူးလွန်ကြခြင်းဖြစ်သည်။ ဤလူမျိုး၏ လုံ့လ၊ ဝီရိယကို နိုင်ငံတော် အတွက်သော်လည်းကောင်း၊ မိမိကိုကျိုးစီးပွား အတွက်သော်လည်းကောင်း၊ ကောင်းသည့်ဘက်မှအသုံးချနိုင်လျှင် ပေါက်မြောက်အောင်မြင်သော လူတော်လူကောင်းတစ်ဦးဖြစ်ပေမည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သို့သော်တစ်လွဲဆံပင်ကောင်းသဖြင့် နောက်ဆုံးတွင်ထောင်နန်းစံရပေတော့သည်။

အချို့သူများမှာ တဏှာရာဂကြီးမားလွန်းသဖြင့် မိမိ၏အိမ်ထောင်ရေးကိုပင် အပျက်စီးခံပြီး ကိလေသာတဏှာကို ခံစားတတ်ကြသည်။ အချို့သူများကတော့ ဥစ္စာပစ္စည်းမြင်လျှင် လောဘတဏှာကို မထိန်းသိမ်းနိုင်ကြသဖြင့် မိမိ၏ကျေးဇူးရှင်ကိုပင် ပြစ်မှားစော်ကားလုပ်ကြံတတ်ကြသည်။ အချို့သူများကတော့ အကျဉ်းသားဖြစ်သော်လည်း မိမိ၏ဆရာသမားကျေးဇူးရှင်အား အသက်စွန့်၍ ကာကွယ်တတ်ကြသည်။ ထိုထိုဤဤ၊ ဤလောကီတွင်ဖြစ်တတ်သည့်သဘာဝထက် ကျော်လွန်၍ဖြစ်ပျက်တတ်သည့်ဖြစ်ရပ်ဆန်းများအား စာဖတ်သူများ၊ သတိ၊ သံဝေဂရယူနိုင်စေရန် ကျွန်ုပ်၏သတ္တမစာအုပ်အဖြစ်တင်ပြလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ် ယခုရေးသားသည့်“ဣတ္ထိရူပံဗာလံနှင့်ထောင်တွင်းမှ လူထူးဆန်းများ”စာအုပ်အားဖတ်ရှုပြီး ပရိတ်သတ်ကြီး နှစ်ခြိုက်သဘောကျလျှင် ကျွန်ုပ် ရေးရကျိုးနပ်ပြီဟု ခံစားမိပါသည်။

စာဖတ်သူများအား အစဉ်လေးစားလျက်

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ခါးပိုက်နှိုက်အောင်ဘ | ၁ |
| ၂။ | ကြိုးသမားတစ်ဦး၏ဖွင့်ဟဝန်ခံချက် | ၃၁ |
| ၃။ | မန်းဆရာ | ၉၇ |
| ၄။ | မုဆိုးတင်မောင် | ၁၁၁ |
| ၅။ | ကုလ္လိ ရုပ် ဗာလံ | ၁၅၁ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အကျဉ်းထောင်အတွင်း၌ ခါးအောင်ပုဆိုလျှင် လူတကာ သိကြသည်။ အကြဲအဖန်လုပ်ရာ၌လည်း နံမည်ကြီးသူတစ်ယောက်ဖြစ်၍ အကြံအဖန်အောင်ပုဟုလည်း ခေါ်ကြသည်။ လူက အသားဖြူဖြူ သေးသေး လူဖလံလေးဖြစ်သည်။ ရုပ်ချော၍အပြောလည်းကောင်းလှသည်။ အပြင်၌ခါးပိုက်နှိုက်ခေါင်းဆောင်ဖြစ်၍ လူဆိုးစာရင်းဝင် ဖြစ်သော်လည်း ထောင်းတွင်း၌ လူချစ်လူခင်များသည်။ တပည့်တပန်းလည်း ပေါများလှသည်။ သူကဆရာကြီး ထောင်ဝင်စာပေါများသူဖြစ်၍ အနီး၌ အချုပ်သား၊ အကျဉ်းသားများ ဝိုင်းဝိုင်းလည်နေတတ်သည်။

ဝန်ထမ်းများနှင့် ပေါင်းသင်းရာ၌လည်း အောင်ဘုကညက်သည်။ ဘယ်ဝန်ထမ်း၊ ဘယ်အထာဆိုသည်ကိုသိသည်။ ထောင်အရာရှိများကိုလည်းခင်အောင်ပေါင်းတတ်သည်။ ဖင်ပေါ့သည်။ လက်မှုပညာလည်း မျိုးစုံအောင်တတ်သည်။ ထောင်သို့မကြာခဏရောက်တတ်သူဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဆိုသည်မှာ သူ့အတွက် အမေ့အိမ် ခြင်ထောင်သဖွယ်ပင်။ ဝင်လိုက်ထွက်လိုက်နှင့် ထောင်သို့ရောက်သည့်ကာလသည် အောင်ဘ အတွက်အနားယူ အပမ်းဖြေချိန်ဖြစ်သည်။

တစ်နေ့ နေ့လည်စာ၊ စားပြီး၍ ကျွန်ုပ်ထောင်တွင်းရုံးသို့ ပြန်ဝင်လာရာ၊ ခေတ္တအမောဖြေပြီးသည်နှင့် အချုပ်သုံးဝန်ထမ်းတပ်သား ဂျမ်းဖော်နှင့် တပ်ကြပ်စံသိန်းတို့က လာ၍သတင်းပို့ကြသည်။

"လူသစ်ကြည့်ဖို့အဆင်သင့်ဖြစ်ပြီဆရာ"

"ဒီနေ့လူများသလားကွ"

တပ်ကြပ်စံသိန်းက "များတယ်ဆရာ၊ တနင်္လာနေ့ဆိုတော့ ပိတ်ရက်တွေခံနေလို့ ရဲစခန်းတွေက အချုပ်သားတွေကို သောကြာနေ့ညနေကထဲက ပို့ထားကြတာ"

"အေးပေါ့လေ၊ သူတို့စခန်းမှာက နေရာကျဉ်းလို့ ထောင်ကိုပို့ကြတာနေမှာပေါ့ ထူးခြားတာရှိသေးသလား"

"ထူး၊ မထူးတော့မသိဘူးဆရာ ခါးအောင်ဘတို့အဖွဲ့တော့ ပြန်ဝင်လာကြပြန်ပြီ၊ ဒီတစ်ခါ (၇)ယောက်တောင်ဆရာ"

"စိမ့်ချက်ဖြစ်မှာပေါ့ကွာ၊ ဒီကောင်တွေကလည်း အခုတစ်လော အတော်သောင်းကျန်းနေတယ်ကြားတယ်"

"ဟုတ်တယ်ဆရာ၊ ကျောင်းသားကို ခါးပိုက်နှိုက်ပြီး ဓါးနဲ့ထိုးထွက်ပြေးသွားတာ၊ ကျောင်းသားက သေသွားတယ်"

"ဟာ–အဲဒါဆိုရင် ဆူးလေဘုရားနားက ကြေးနန်းရုံးကြီးရှေ့မှာဖြစ်တာဘဲ"

"ဆရာ ဘယ်လိုလုပ်သိတာလဲ၊ ဒီကောင်တွေကို ဖမ်းမိတာမကြာသေးဘူး"

"ပြီးခဲ့တဲ့အပါတ်၊ ဗုဒ္ဓဟူးနေ့ကကွာ၊ အဲ့ဒီနေ့က ပိတ်ရက်၊ ကဆုန်လပြည့်နေ့ကွ၊ ငါကညနေပိုင်းအားလို့ မိုလ်တထောင်က ငါ့

www.burmeseclassic.com



အစ်ကိုကြီး ဦးကြည်ဆီကို အမှတ် (၈)လိုင်း ဟီးနိုးကားကြီးစီးသွားတာ၊ ကြေးနန်းရုံးကြီးရှေ့မီးပွိုင့်မှာ မီးနီနေလို့ ကားအရပ်၊ ကျောင်းသားလေးကို ဓါးနဲ့ထိုးပြီးဆင်းပြေးသွားကြတာ၊ ဒီကောင်တွေအဖွဲ့ကိုး၊ တော်တော် ရက်စက်တဲ့ကောင်တွေပဲ၊ ပစ္စည်းလည်းနှိုက်သေး၊ လူသိတော့ ဓါးနဲ့ ထိုးသွားတာနေမှာပေါ့"

"ဒါနဲ့ ဒီကောင်တွေက ဝန်ခံသလား စံသိန်း"

"ဝန်မခံသေးဘူး ဆရာ၊ ရုံးတော်မှာ စစ်ဆေးမှ ပေါ်မယ်ထင် တယ် ဆရာ"

"ဝန်မခံရင်တော့၊ ငါသက်သေလိုက်မယ်ကွာ၊ အဲဒီနေ့က အောင်ဘုန်းနဲ့တူပါတယ်လို့ကြည့်နေတာ ဒီကောင်က ဦးထုပ်ဆောင်းပြီး မျက်မှန်တပ်ထားတော့ ရုတ်တရက်မမှတ်မိဘူး၊ ဓါးပိုက်နှိုက်တွေကို ငါကမုန်းလို့ အရေးမဝင်တာ၊ မင်းလည်းအသိသားဘဲ၊ ကဲလာ လူသစ် ကြည့်ရင်း ဒီကောင်တွေနဲ့ တွေ့ကြတာပေါ့"

အိပ်ဆောင် (၂) အောက် (ခ) ခန်းမှာ လူသစ်ခန်းဖြစ်သည်။ အကျဉ်းထောင်စည်းကမ်းဥပဒေများအား သင်ပေးရာနေရာလည်းဖြစ်၍ ဖုံစခန်းဟုလည်းခေါ်သည်။ ကျွန်ုပ်ရောက်သွားတော့ အချုပ်သား (၁၀၀) ကျော်ခန့်ပုံစံထိုင်နေကြသည်။ ပုံစံထိုင်သည်ဆိုသည်မှာ ထောင်အရာရှိ တစ်ဦးဦးလာလျှင် တင်ပျဉ်ခွေချိတ်၊ ဓါးကော့၍ လက်နှစ်ဘက်အား ဒူးပေါ်တွင်တင်၍ ခေါင်းမတ်ထားရသော အနေအထားဖြစ်သည်။ ကျွန်တော် စားပွဲနောက်ထိုင်ခုံတွင်ထိုင်သည်နှင့် အခန်းလူကြီးမြင့်ဦးက အော်သည်။

"နေမြဲ"

အချုပ်သားအားလုံး ပုံစံလျှော့၍သက်သာစွာပြင်ထိုင်ကြသည်။ ခန္ဓာကိုယ်မှ အမှတ်အသားများအားကြည့်၍ မှတ်ပုံတင်စာအုပ်ကြီးတွင် မှတ်တမ်းတင်ရမည်ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



.. ကျွန်ုပ်မှ“ မြင့်ဦးရေ ဒီနေ့လူဘယ်လောက်ရှိသလဲကွ”

“လူသစ် (၁၂) ဦးဆရာ”

“အင်း ညနေစောင်း အာမခံလွတ်လူကလည်း တနင်္လာနေ့ဆို တော့များအုံးမှာ၊ အလုပ်ကတော့ ဆက်သွားတော့မှာဘဲ၊ ညကြတော့ လည်း တာဝန်မှူးကြီးကျတယ်ကွ”

ကျွန်ုပ်တို့ လူသစ်ကြည့်ခြင်းကို စကြသည်။ မြင့်ဦးကစ၍ခေါ် သည်။ အစီအစဉ်အတိုင်းထိုင်နေသူများအနက်မှ

“တစ်ယောက်လာ”

အစွန်ဆုံး၊ အစ၊ အချုပ်သားတစ်ဦးလာ၍ ကျွန်ုပ်ရှေ့တွင် ပုံစံရပ်သည်။ ပုံစံရပ်သည်ဆိုသည်မှာ သတိအနေအထားဖြင့် လက်နှစ် ဘက်အား ဆန့်တန်းကာရှေ့တွင်စု၍ ဆုပ်ထားရခြင်းဖြစ်သည်။

အခန်းလူကြီးမြင့်ဦးကမေးသည်။

“နာမည်”

“မောင်နီ”

“အဘအမည်-ဦးမောင်ကြိုင်”

“အသက် - ၇၀ နှစ်”

“ဟဲ့ကောင် . မင်းအဖေအသက်ကိုမေးတာမဟုတ်ဘူး မင်း အသက်ကိုမေးတာ”

“၃၂ နှစ်”

“အမိနာမ်မည်-ဒေါ်နှင်းစိန်”

“ကျား/မ အလုပ်အကိုင်”

“မ လယ်စိုက်”

မြင့်ဦး - “မင်းအမေကိုပြောတာမဟုတ်ဘူး မင်းကိုပြောနေတာ မင်းက မိန်းမလား၊ ယောကျ်ားလား ငါ - တယ် လုပ်လိုက်ရ

“ဘုန်း. . .”



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းမောင်းသောစကားမပြီးမီ လက်ကပါသွားသည် အချိန်ကုန်မခံရစေရန် ထောင်တွင်း၌လိုရင်းတိုရင်းကိုသာ ပြောကြသည်။ အချို့အချုပ်သား အကျဉ်းသားများမှာ အတော်ဒုန်းဝေးကြသည်။ တိုတိုမေး၍မရ ရှည်ရှည်ရှင်းပြမှနားလည် သဘောပေါက်ကြသဖြင့် အရာရှိလုပ်သူက စိတ်ရှည်ရသည်။ အရာရှိလုပ်သူကပါ ဟောက်ငမ်းဆဲဆိုလျှင်တော့ ထိုအချုပ်သား အကျဉ်းသားပိုင်းသမခံရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့စိတ်ရှည်ရပါသည်။ မြင့်ဦးက ဆက်မေးသည်။

"ကျား/မ" အလုပ်အကိုင်"

"ကျား၊ လယ်ထွန်"

"နေရပ်လိပ်စာ"

"အမှတ်မရှိ၊ လမ်းမရှိ၊ စဉ့်ငူကျေးရွာ၊ အင်းစိန်မြို့နယ်"

"ဘာမှုလဲ"

"ခိုးမှု"

"ဘယ်တရားရုံးလဲ"

"အင်းစိန်မြို့နယ်တရားရုံး"

"ရုံးချိန်း"

"၁၈–၅–၇၇"

မြင့်ဦး– "ကိုယ့်ရုံးချိန်းကို မှတ်ထားကြပါ၊ ရုံးချိန်းရက်မှာ လိုက်မခေါ်ရစေနဲ့ မနက်ထောင်ဖွင့်ပြီးတာနဲ့ အချုပ်ရုံးမှာသတင်းပို့ပြီးမှ ကိုယ့်ကိစ္စကိုယ်လုပ်ပါ၊ ရုံးထွက်အချိန်မှီမရောက်ရင်နာမယ်"

အားလုံး "ဟုတ်"

ဆက်လက်၍ အချုပ်သား၏ကိုယ်ပေါ်မှ ထင်ရှားသည့်အမှတ်အသားများအား အခန်းလူကြီးမြင့်ဦးက လက်ထောက်၍အော်သည်။

"ဝဲရင်အုံမှဲ့နက် (၁)"

"ယာနဖူးစောင်းအမာရွတ် (၁)"

www.burmeseclassic.com



"လည်တိုင်ရင်းမှဲ့နက် (၁)"

"ထောင်မှာအပ်နှံထားတဲ့ပစ္စည်းရှိသလား"

"မရှိ"

"သွားတော့၊ ဟိုဘက်မှာအေးအေးနေ၊ အားလုံးပြီးရင် ရေချိုးရမယ်၊ ပြီး ညနေစာစားရမယ်၊ စကားမပြောရ၊ ဆေးလိပ်မသောက်ရ"

သို့နှင့် လူသစ်ကြည့်လာကြရာမှ (၅၀)ကျော်တော့ ကျွန်ုပ်အတော်ပင်ပမ်းလာသည်။ ခေတ္တနား၍ ရေနွေးကြမ်းသောက်ရင်း အပမ်းဖြေရသည်။ လူတစ်ယောက်ကို (၁)မိနစ်နှုန်းဖြင့် လူ (၁၂၁)ယောက်အတွက် (၂) နာရီကျော်ကြာပေမည်။ အသေးစိပ်လိုက်ရေးရလျှင်တော့ လွယ်မည်မထင်။ ယခုတပ်ကြပ်စံသိန်းနှင့် မှတ်ပုံတင်အဖွဲ့က စစ်ဆေးရေးသွင်းထားခြင်းကို ကျွန်ုပ်က လူနှင့်တိုက်ဆိုင် စစ်ဆေးမေးမြန်းရုံသာဖြစ်သည်။ အနားယူပြီး ဆက်၍မေးရပြန်သည်။

"နာမည်"

"အောင်ဘု"

ကျွန်ုပ်အိပ်ငိုက်နေရာမှာ မျက်လုံးပြူးသွားသည်။

"အလို–မင်း ခါးအောင်ဘုမဟုတ်လား"

"ဟုတ် ဆရာ"

"ဟိုနေ့က ကြေးနန်းရုံးကြီးရှေ့မှာဖြစ်တာ၊ မင်းတို့အဖွဲ့မဟုတ်လား၊ မှန်မှန်ပြော၊ "အဲဒီဟီးနိုးကားကြီးပေါ်မှာ ငါလည်းပါတယ်"

အောင်ဘု အတန်ကြာစဉ်းစားပြီး "ဟုတ်ဆရာ"

"အေးအေး ညကျငါတာဝန်မှူးကြီးကျတယ် မင်းကိုလာတွေ့မယ် ဆက်မေးမြင့်ဦး"

"အဘအမည် – ဦးတုတ်ကြီး"

"အမိအမည် – ဒေါ်မိန်းကလေး"

"အသက် – ၃၅ နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျား/မ အလုပ်အကိုင်"

"ကျား၊ လက်သမား"

နေရပ်လိပ်စာ - ၂၉/ဘီ၊ ကျားလမ်း၊ ကျားကွက်သစ်၊ တွံတေးမြို့"

"ဘာမှုဖြစ်သလဲ - ခါးပိုက်နှိုက်လူသတ်မှု"

"ဘယ်တရားရုံးလဲ"

"ကျောက်တံတားမြို့နယ်တရားရုံး"

"ရုံးချိန်း - ၁၂-၅-၇၇"

"အမှတ်အသား"

"ဝဲပါးပြင်မှဲ့နက် (၁)"

"အောက်မေးရိုး မှဲ့နီ (၁)"

"ယားနား မှဲ့နက် (၁)"

"ထောင်မှာအပ်နှံပစ္စည်းရှိသလား"

"မရှိ"

"သွားမကော"

"ဟုတ်"

နေ့လယ် (၁) နာရီခန့်က လူသစ်ကြည့်လိုက်သည်မှာ ညနေ (၃) နာရီကျော်မှ ပြီးတော့သည်။ ပြီးတော့လည်း အနားမရ အာမခံလွတ်လူ လွတ်ဝရမ်းများ တဖွဲဖွဲဝင်လာနေပြီဖြစ်၍ တစ်ယောက်ချင်း စစ်ဆေးရတော့သည်။

ညနေ (၅) နာရီတွင် လွတ်လူများအား ထောင်ပိုင်ရုံးခေါ်၍ ပြပြီးလွှတ်ရသည်။ ပြီးတော့အချုပ်သားရုံးပြန်လည်ခံပြီးနောက် ပိတ်ရတော့သည်။

ည (၇) နာရီတွင် ကံကောင်းထောက်မစွာဖြင့် အများအယွင်း မရှိ တောင်ပိတ်၍ရသည်။ ထောင်ဆိုသည်မှာ "လူသတ်တိုက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အထုတ်အသွင်းလူများကို ထောင်ဖွင့် ထောင်ပိတ်စာအုပ်ကြီးမှ လူပေါင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီးမှ အတိုးအလျော့လုပ်၍ ပိတ်ခွင့်ရသည်။ မိမိတာဝန်ကျရာအဆောင်မှ လူပေါင်းစာရင်းကိုလည်း ကိုယ်တိုင်ရေတွက်နိုင်မှ စိတ်ချသေချာသည်။ ပြီးမှနံကန်ကြောင်းလက်မှတ်ရေးထိုးရသည်။ .

ထောင်ပိတ်ပြီးနောက် တာဝန်မှူးဦးလှဝင်လာသည်။ တာဝန်ကြပ်ဦးထွန်းမောင်ကတော့ မိန်းဈေးအသင့်ရှိနေသည်။

"ကဲ–ဦးလှနဲ့ ဦးထွန်းမောင် ကျွန်တော်အိမ်ပြန်ထမင်းစားဦးမယ်။ ထောင်တွင်းထောင်ပြင်စစ်ဆေးထားပါ။ ည (၈) နာရီတိတိမှာ ကျွန်တော်ပြန်ဝင်လာမယ်။

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်ထောင်ပြင်ထွက်၍ အိမ်ပြန်ထမင်းစားသည် ထောင်ပိတ်ပြီးသည်နှင့် တာဝန်အားလုံးအား တာဝန်မှူးကြီးက လုံးဝတာဝန်ယူဖြေရှင်းရသည်။ မနိုင်ရင်ကန်ဖြစ်မှသာ ထောင်ပိုင်ထံသတင်းပို့ရသည်။

အိမ်ပြန်၊ ရေချိုး၊ ညစာထမင်းစားသည်။ မိသားစုနှင့် ခေတ္တတွေ့ဆုံပြီး ယူနီဖောင်းလဲ၍ ထောင်တွင်းပြန်ဝင်ခဲ့သည်။ မိန်းဈေးတွင် တာဝန်မှူးနှင့် တာဝန်ကြပ်အသင့်ရှိနေသည်။

"ဘာထူးသေးသလဲဦးလှ"

"မထူးဘူးဆရာ၊ အားလုံးအေးအေးဆေးဆေးဘဲ၊ အဲတစ်ခုကတော့ ၂/ဆောင် အောက် (၁)ခန်းအနီးရှိ ဒုအဆောင်မှူးရုံးခန်းတွင် ထိုင်လိုက် သည်နှင့် အခန်းလူကြီးမြင့်ဦး အတွင်းခန်းမှ ကျွန်ုပ်အနီးသံတိုင်စိုက် ထားသည့် ပြူတင်းပေါက်အနီးပြေးလာသည်။

"ဆရာ ဘာလုပ်ပေးရမလဲ"

"ဟိုကောင်ခါးအောင်ဘကို ခေါ်လိုက်၊ ငါမေးစရာနည်းနည်းရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ဆရာ''

မကြာမီခါးအောင်ဘု ကျွန်ုပ်ရှေ့သံတိုင်အနီးရောက်လာသည်။

''အောင်ဘု၊ မင်းရဲ့စခန်းမှာ ဝန်ခံပြီးပြီးလား''

''ဝန်မခံရသေးဘူးဆရာ''

''မင်းဝန်ခံမှာလား၊ ငြင်းမှာလား''

''အဲဒီညက ဆရာကျွန်တော်ကို မြင်သွားပြီဆိုတော့ ဝန်ခံရတော့မှာပေါ့ဆရာရယ်၊ ရဲတွေကတော့ ကျွန်တော်ကျက်စားတဲ့ လမ်းကြောင်းဖြစ်လို့ ကျွန်တော်တို့ကို ဖမ်းတာပါ။ သူတို့မှာ မျက်မြင်သက်သေမရှိဘူးဆရာ''

''စပယ်ယာကရော၊ မင်းတို့ကို မသိဘူးလား''

''စပယ်ယာက အသစ်ဆရာ၊ ကျွန်တော်တို့နဲ့ မရင်းနှီးဘူး''

''တခြားခရီးသည်ထဲကရော သက်သေမလိုက်ဘူးလား''

''သက်သေနှစ်ယောက်တော့ရှိတယ်ဆရာ၊ ဒါပေမယ့် ရဲကတန်းစီပြီးဆွဲပြခိုင်းတော့ ဇဝေဇဝါဖြစ်နေတယ်၊ မပြနိုင်ဘူးဆရာ''

''ဟ–အဲဒါဆို မျက်မြင်သက်သေက ငါပဲရှိတာပေါ့ နောက်ပြီး ငါကဥပဒေဝန်ထမ်း၊ မင်းဘယ်လိုလုပ်မလဲ''

''အဲဒီနေ့က ဆရာ့ကိုကားပေါ်မှာမြင်လို့ ကျွန်တော်တို့ မီးပွိုင့်မှာဆင်းပြေးတာ၊ ရဲစခန်းထဲ ကားမောင်းဝင်သွားတာနဲ့ ဆရာက ကျွန်တော်တို့ကို လက်ညှိုးထိုးတော့မှာဘဲမဟုတ်လားဆရာ''

''သေချာတာပေါ့ကွာ၊ မင်းတို့က ရက်စက်လွန်းပါတယ်၊ ခါးပိုက်နှိုက်ရုံတင်မက၊ လူပါသတ်တာတော့ လွန်လွန်းတယ်ကွာ''

''လက်လွန်သွားတာပါဆရာ၊ ကျွန်တော်တို့အဖွဲ့ လူသတ်ရိုးထုံးစံမရှိပါဘူး၊ ကျောင်းသားလေးက သိသွားပြီး ပြန်ခုခံလို့ ဟိုကောင်မောင်နီဓါးနဲ့တွတ်လိုက်တာ လက်လွန်သွားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"အေး–မင်းတို့အဖွဲ့တွေလည်း သောင်းကျန်းလွန်းသကွာ လက်ရဲ
ဇက်ရဲနိုင်လှတယ်၊ ခါးပိုက်နှိုက်ရုံတင်မက၊ လူပါသတ်လာတော့ ဒီတစ်ခါ
တော့ မင်းတို့အဖွဲ့ အပြစ်ကြီးလိမ့်မယ်၊ နိုင်ငံတော်ကလည်း စစ်ဆင်ရေး
နဲ့နှိမ်နင်းတော့မှာလို့ သတင်းစာမှာပါလာတယ်"

"မင်း ဝန်ခံတယ်ဆိုတော့ ငါသက်သေလိုက်စရာမလိုတော့ပါဘူး
ကိုယ့်အပြစ်ကိုယ် သိတာကောင်းပါတယ်ကွာ ငါ့ဘက်ကလည်း အတတ်
နိုင်ဆုံးကူညီပါ့မယ်"

နောက်တစ်ပါတ်ရုံးချိန်းနေ့တွင် အောင်ဘုက ဝန်ခံသဖြင့်
ခါးအောင်ဘုတို့အဖွဲ့ ထောင်ကျသည်။ အောင်ဘုက ခေါင်းဆောင်ကြရာ
ပါဖြစ်၍ ထောင် (၁၀)နှစ်၊ လူသတ်သူမောင်နီက အနှစ် (၂၀)
နောက်လိုက်မောင်ပြုံးက ထောင်ဒဏ် (၅) နှစ် ကျန်လူ(၄)ယောက်က
ဌင်းနေ့ပြစ်မှုကျူးလွန်ရာတွင်မပါသဖြင့် တရားသေလွတ်သည်၊ ခါးအောင်
ဘု၏ တပည့်များအပေါ်ငဲ့ညှာခြင်းဖြစ်ပေမည်။

၁၉၇၈ ခုနှစ်တွင် ကျွန်ုပ် ရန်ကုန်–မန္တလေး အမြန်ရထားဖောက်
လုပ်ရေးစခန်း ဖောင်ကြီး(မင်းကုန်း)စခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်း
ဆောင်ရသည်။ သုံးတန်ကူးဟူသော စခန်းကလေးတွင် တာဝန်ကျသည်။
စခန်းသစ်ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရ၍ အလွန်
အလုပ်များလှသည်။ တစ်လခန့်အကြာ စခန်းဆောက်လုပ်ပြီးသည်နှင့်
အင်းစိန်ထောင်မှ ရဲဘက် (၂၀၀) ရောက်လာသည်။ ထိုအထဲတွင်
ခါးအောင်ဘု၊ မောင်ပြုံးတို့ပါလာသည်။ အင်းစိန်ထောင်မှ တပည့်ဟောင်း
များဖြစ်၍ ကျွန်ုပ်ခေါ်ယူကြည့်ရှုထားရတော့သည်။

"အောင်ဘုရေ၊ ဒီတစ်ခါ ငါ့အလှည့်မေ့ါကွာ မင်းကငါ့စကား
နားထောင်ပြီး ဝန်ခံလို့ ထောင်ကျတယ်၊ ငါကလည်း ဒီစခန်းရောက်နေ
တော့ မင်းတို့ကိုကြည့်ရှုရတော့မှာပေါ့ စခန်းကလွတ်လပ်ပါတယ်၊ ထောင်

www.burmeseclassic.com



လိုမဟုတ်ဘူး၊ မင်းတို့စည်းကမ်းရှိပြီး လိမ္မာကြရင် ငါသွားလေရာ ခေါ်သွားမယ်။ ငါတို့ဝန်ထမ်းဘဝကလည်း စခန်းတစ်ခုပြီး တစ်ခုပြောင်း နေရတာ''

''ဆရာ့တပည့်ပါဆရာ ဆရာသွားလေရာ ကျွန်တော်လိုက်ပါ့မယ် သစ္စာရှိရှိ ဆရာ့ကိုလုပ်ကျွေးပြုစုပါ့မယ်''

''အေးကောင်းပြီလေ မင်းကောင်းရင် ငါလည်းမဆိုးပါဘူး တစ်ဦးနဲ့တစ်ဦး သစ္စာရှိကြဖို့အရေးကြီးတယ်''

''ဟုတ်ကဲ့ ဆရာ့တပည့်ရင်းလို ကျွန်တော့်ကိုမှတ်ပါ ဆရာ့စိတ်တိုင်းကျဖြစ်စေရပါ့မယ်၊ ကျွန်တော်အရင်က လက်သမားလုပ်ခဲ့လို့ အဆောက်အအုံလည်း ဆောက်တတ်ပါတယ်၊ မတ္တရာသားဖြစ်လို့ သစ်အကြောင်း ဝါးအကြောင်းလည်း နားလည်ပါတယ်၊ ကြက်ထောင် ငှက်ထောင်လည်း တတ်ပါတယ်''

အေး ကောင်းတာပေါ့ကွာ၊ တောထဲနေတော့ တောအကြောင်း သိရင်နားလည်ရင် ပိုကောင်းတာပေါ့၊ ဒီတောထဲမှာတော့ အကောင် ပလောင်နဲ့ သီးပင်စားပင်တွေ ပေါသကွ၊ ထုံးစံအတိုင်း တစ်လအတွင်း မှာတော့မင်းတို့ကို ချေကျဉ်းဖြုတ်ပေးလို့မရသေးဘူး၊ ခဏသည်းခံပေဦး တစ်လပြည့်ပြီးရင် ဖြုတ်ပေးမယ် ဟုတ်လား''

''ဟုတ်ကဲ့ဆရာ ကျွန်တော်သဘောပေါက်ပါတယ်''

သို့နှင့် ကျွန်ုပ်တို့သုံးတန်ကူးရဲဘက်စခန်းတွင် အတူနေလာကြသည်။ အောင်ဘုမှာ ဖားရှာ၊ ငါးရှာအပြင် အချက်အပြုတ်လည်း ကောင်းသည်။ လက်သမားလည်းကျွမ်းကျင်သဖြင့် ရုံးခန်းကြီးဆောက်ရာ၌လည်း အကူအညီရသည်။ လူပေါကြော့ ခါးပိုက်နှိုက်တစ်ဦးဟု ကျွန်ုပ် မြင်ထားခြင်းများ မှားယွင်းနေသည်။ အောင်ဘုမှာ စခန်းအတွက် အလွန်အားကိုးရသူဖြစ်သည်။ အနစ်နာခံသည်။ ဖင်ပေါ့သည်။ အားချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း အနားမနေ ရုံးခန်းအတွက် စားပွဲထိုင်ခုံများအား ဝါးနှင့် ကြိမ်တွဲ၍ သပ်ယပ်လှပစွာလုပ်တတ်သေးသည်။

စခန်းတာဝန်ခံ ဦးသိန်းမြင့်တို့ ရောက်လာတော့လည်း သူ့ကို သဘောကျသည်။ ဝန်ထမ်းနှင့်ရဲဘက်များကလည်း ချစ်ခင်ကြသည်။ သူ့တပည့် မောင်ပြုံးကတော့ အကျူ၊ နိုင်းမှသာလုပ်တတ်သည်။ သို့သော် အမိန့်ကိုတော့ နာခံပါသည်။ သူ့ဆရာအောင်ဘကိုလည်း လေးစား ချစ်ခင်သည်။ ဘာဘဲဖြစ်ဖြစ် ကျွန်ုပ်အတွက်တော့ အတော်အားကိုးရ သော လက်ရုံးတပည့်များဖြစ်လာသည်ကတော့ အမှန်ပင်။

အားလပ်ရပ်တစ်နေ့တွင် ကျွန်ုပ်တို့တောလည်ကြသည်။ အောင်ဘက မတ္တရာသားဖြစ်သဖြင့် တောအကြောင်း တောင်အကြောင်း နားလည်သည်။ မောင်ပြုံးကတော့ သစ်ပင်တက်ကျွမ်းကျင်သည်။ ထို့ကြောင့်လည်း တောဟင်းသီးဟင်းရွက်များ.အမြဲတမ်းစားနေရသည်။ ပဒပ်စာ၊ ကြိမ်ခါးဖူး၊ ဝါးရောင်းချဉ်ရွက်၊ မျှစ်၊ ဇရစ်ရိုး၊ ဖားပေါင်၊ ဇင်ပြွန်းသီး၊ သရက်သီးများအလျှံပယ်စားရသည်။

ကျွန်ုပ်တို့ ရိုးမအလယ်ကြောသို့ တက်ခဲ့ကြသည်။ လမ်းတွင် တွေ့ရသည့် ဝါးရောင်းငှက်တစ်အုပ်ကိုလည်း အောင်ဘနှင့် မောင်ပြုံး တို့က လေးခွကိုယ်စီနှင့် အပြတ်ရှင်းရာ (၇) ကောင်အုပ်အကုန်ရသည်။ ဝါးရောင်းငှက်မှာ ဆက်ရက်ငှက် (ဇရက်) ခန့်သာရှိပြီး လေးခွနှင့်ပစ်လျှင် အဝေးသို့ပြန်မပြေး၊ ဝါးရုံများတစ်လျှောက်လှည့်ပတ်ပြေးနေတတ်သဖြင့် တစ်အုပ်လုံးရခြင်းဖြစ်သည်။

ရိုးမအလယ်၊ ဆီးဖြူတောနှင့် ဓာတ်ငွေ့ပင်များအနီးအရောက် တွင် ကျွန်ုပ်သူတို့အားထားခဲ့ပြီး တစ်ဦးတည်း တောတိုးခဲ့သည်။ ကြိမ်ရုံ နှင့် ရေငန်းရုံများကြောင့်လည်း တောမှအောက်ခြေရှုပ်ထွေးနေသည်။ ဆီးဖြူတောတန်းအောက်တွင် ဘာကောင်မျှမရှိသော်လည်း ငွေ့ပင်များ



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ချေ(ဂျီ)နှစ်ကောင်ကို မြင်ရသည်။ ကြွေကျနေသော တောငွေ့ဒသီးအမှည့်များအား စိမ်ပြေနပြေကောက်စားနေခြင်းဖြစ်သည်။ ခေဖိုချေမဖြစ်သည်။ ချေဖိုကြီးမှာ ဦးချိုပင်အတော်ရှည်လျားနေပြီး (၁၅) ပိဿာခန့်ရှိသည်။ ချေမကတော့ (၁၀) ပိဿာခန့်ပင်ရှိပေမည်။ ကျွန်ုပ်ချေဖိုကြီးအား ရွေးလိုက်သည်။

၃၀၃ ရိုင်ဖယ်သေနတ်ကြီးအား မောင်းကြိတ်တင်၍ပြောင်းရင်းသို့ ကျည်ဆံတစ်တောင့်ထည့်လိုက်ပြီး ရေငန်းပင်အကွယ်မှ အသေအချာ ချိန်ပစ်လိုက်ရာ–

"ဒိုင်း" ဟူသောကျော်ဒိုက် ယမ်းဖောက်ခွဲသံနှင့်အတူ ချေဖိုကြီးမှာ ပက်လက်လန်၍ တစ်ပတ်လည်သွားပြီး ငြိမ်သက်သွားသည်။ သေနတ်သံကြောင့် ချေမကတော့ ကဆုန်ပေါက်၍ပြေးလေပြီ။

အောင်ဘုတို့နှစ်ဦး ပြေးရောက်လာကြသည်။ တောထုံးစံအတိုင်း ချေဖိုကြီး၏ လျှာနှင့်နားရွက်အစကလေးများဖြတ်၍ အောင်ဘုကတော့ တောပိုင်တောင်ပိုင်များအား တင်မြှောက်ပသသည်။ ထိုစဉ်တွင် အနီးရှိ ပျဉ်းမပင်ကြီးအား ကျွန်ုပ်တွေ့မိသည်။ ပင်စည်တွင် အမှတ်အသားများ ရေးခြစ်ထားသည်။ လတ်လတ်ဆတ်ဆတ်မဟုတ် နှစ်ပေါင်းအတော်ကြာ ဖြစ်ဟန်တူသည်။ (T)တီပုံစံရေးထားပြီး ကောက်ဘက်သို့စိုက်၍ မြှားပြ ထားခြင်းဖြစ်သည်။ ဤနေရာမှာ လူသူအရောက်အပေါက် အလွန်နည်း သောနေရာလည်းဖြစ်သည်။

ကျွန်ုပ်က အောင်ဘုတို့နှစ်ဦးအားကုတ်၍ညွှန်ပြရာ

"ဆရာ အဲဒါဘာအဓိပ္ပါယ်လည်းဆရာ"

"တစ်ခုခုပေါ့ သင်္ချိုင်းနေရာလား ပစ္စည်းတစ်ခုခုမြှုပ်ထားတဲ့ နေရာလားမသိဘူး"

သစ်ပင်ကြီးအား ပတ်ကြည့်ရာ၊ ဂျပန်စာဖြင့် "ငါး"ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စာလုံးကိုရေးထွင်းထားသည်။ မြန်မာလို ရွှေငွေရတနာဟု အဓိပ္ပါယ်ရသည်။ ဂျပန်စာတတ်သော ကျွန်တော့်အတွက် ရတနာသိုက်တစ်ခုဖြစ်ကြောင်းသိလိုက်ရသည်။ ဤရတနာသိုက်အား တစ်ယောက်တည်းတော့ တူးဖော်၍ မဖြစ်နိုင်ပါ၊ တောင်ပေါ်မြေကြီးမှာ အလွန်မာကျောလှသည့်အပြင် ပျဉ်းမပင်ကြီးမှာ လူ (၃)ဘက်စာခန့်ရှိသဖြင့် ရတနာပစ္စည်းများမှာ ပျဉ်းမပင်ကြီး၏ အမြစ်အောက်သို့လည်း ရောက်ရှိသွားနိုင်သည်။ အောင်ဘတို့ကလည်း မည်မျှအားကိုးယုံကြည်ရမည်ကို မသိနိုင်သေးပါ။

ထို့ကြောင့် "အောင်ဘရေ ပစ္စည်းတစ်ခုခုတော့ မြှုပ်ထားတာအမှန်ဘဲကွ၊ ဂျပန်သချိုင်းလည်းဖြစ်နိုင်တယ်၊ လက်နက်ခဲယမ်းတွေလည်းဖြစ်နိုင်တယ်၊ မင်းတို့တူးကြည့်မလား"

"ဆရာတူးဆိုရင်တော့ ဘာဘဲဖြစ်ဖြစ်တူးမှာပါ အခုတော့တူးစရာလက်နက်မှမပါဘဲဆရာ"

"အခုတူးဖို့လည်းမဟုတ်ပါဘူးကွာ၊ နောက်ကြုံရင်တူးကြမလားလို့မင်းကိုမေးကြည့်တာပါ။ ငါစိတ်ဝင်စားလို့ပါ။"

"ရပါတယ်ဆရာ၊ တစ်ရက်လာကြတာပေါ့ တူးရင်တစ်နေ့ကုန်လောက်တယ်ဆရာ ထမင်းထုပ်၊ ရေပုလင်း၊ ပေါက်ချွန်း၊ ဂေါ်ပြားပုဆိတ်တွေလိုလိမ့်မယ်၊ အမြစ်တွေပါရှင်းရမှာဆရာ"

"အေး–အေး နောက်ကြုံမှပေါ့ကွာ၊ အားရက်တစ်ရက်လာကြတာပေါ့"

အောင်ဘကတော့ အခြေအနေအေးဆေးတည်ငြိမ်နေသည်။ မောင်ပြုံးအခြေအနေက မတည်ငြိမ်ပါ၊ ကျီးကန်းတောင်းမှောက်လေ့လာကြည့်ရှုနေသည်။ သူတစ်ပါးပစ္စည်းကို အလွယ်လိုချင်ကြသော ခါးပိုက်နှိုက်များဖြစ်၍ ကျွန်ုပ်အနေဖြင့် ၎င်းတို့အား အလွယ်တကယုံကြည်၍မဖြစ်နိုင်ပါ။ အချိန်ယူ၍ စမ်းသပ်စစ်ဆေးရပေဦးမည်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက် (၅၀၀) ဆန့် စခန်းကြီးဖြစ်၍ အိမ်ဆောက်များတိုးချဲ့ဆောက်ခြင်း၊ အိမ်သာနှင့်ညှိဆောင်ဆောက်ခြင်း သုံးတန်ကူးချောင်းဆုံအနီးတွင် တောင်ယာခင်းများလုပ်ခြင်း၊ တဲတားများဆောက်ခြင်း၊ သောက်သုံးရန်ရေတွင်းများတူးခြင်းကိစ္စများကြောင့် တစ်လခန့်ကြာသွားမှ ကျွန်ုပ်ရတနာသစ်ပင်ကြီးကို သတိရမိတော့သည်။ ထိုအချိန် အောင်ဘုနှင့် မောင်ပြုံးမှာ သေဝပ်စွာအလုပ်လုပ်နေကြသည်။

ရဲဘက်များထပ်မံရောက်လာသဖြင့် ကျွန်ုပ်တို့ထပ်မံအလုပ်များကြပြန်သည်။ ပင်မအလုပ်ဖြစ်သော ပေ (၆၀၀) လမ်းနယ်ရှင်းခြင်းကိုလည်း တပ်စိတ်များ တပ်ခွဲ၍လုပ်ကြရသည်။ ပဲခူးရိုးမသစ်ပင်ကြီးများထူထပ်ရာဖြစ်သဖြင့် သစ်ပင်လှဲခြင်းက အဓိကအလုပ်ဖြစ်နေသည်။ သစ်တောရှင်းရာတွင် အကောင်ပလောင်များ၊ သစ်ခွအမျိုးမျိုးနှင့် ပျားရည်များရတတ်သဖြင့် ရဲဘက်များအလွန်ပျော်ကြသည်။ တပေါင်းလရာသီဖြစ်၍ ညောင်ချဉ်ရွက်၊ ယင်းတိုက်ရွက်၊ ပဒပ်စာများက ပေါသည်။ တောစာကိုကြိုက်နှစ်သက်သလောက် စားကြရသည်။

မြွေအမျိုးမျိုးနှင့် တောင်လိပ် (ဆောက်လိပ်)များ၊ ဖွတ်၊ ပုတက်နှင့် ချေလှောင် (ခြေတံရှည်၍ ခွေးပေါက်လောက်ရှိသောချေကလေး) မြေဝက်ခေါ် ပွေးကောင်များ၊ ဖြူနှင့်ကြွက်များ၊ ယုန်နှင့် တောကြောင်များကိုလည်း တောရှင်းရင်းနှေ့စဉ်ရနေသည်။ မှိုအမျိုးမျိုးကို မစားရန်တော့ ကြပ်တည်းစွာအမိန့်ထုတ်ထားရသည်။ ဝါးမှို၊ သစ်ဆွေးမှိုနှင့် တောမှိုအမျိုးမျိုးကပေါလှသည်။

နောက်တစ်လခန့်အကြာ စခန်းသည်အထိုင်ကျသွားစဉ် ကျွန်ုပ်ရတနာသစ်ပင်ကြီးအား အမှန်ရမိပြန်သည်။ ထိုအချိန်တွင် ရှေ့တန်းတက်ရန်အတွက် လက်သမား ရဲဘက် (၂၀)ဦး စခန်းသို့ရောက်လာသည်။ ထိုအထဲတွင် ကျွန်ုပ်သာယာဝတီထောင်၌ တာဝန်ကျစဉ် ရဲခိုတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထောင် (၅)နှစ်ကျသော တပည့်ရင်းမှဆိုးအောင်သန်းပါလာသည်။ သူကလွတ်ရန် (၂)နှစ်ခန့်သာ ကျန်တော့၍ ရဲဘက်ထွက်လာခြင်းဖြစ်သည် ကျွန်ုပ်တို့စခန်းတွင် ခေတ္တနားနေစဉ် အဖွဲ့ခေါင်းဆောင်နှင့် ညှိနှိုင်းပြီး လူစားလဲ၍ ကျွန်ုပ်ခေါ်ထားလိုက်သည်။

အောင်သန်း – "ဆရာရယ် ကျေးဇူးတင်လိုက်တာ၊ ကျွန်တော်တို့က စခန်းတစ်ခုပြီးတစ်ခုဆောက်ပြီးကူးရ၊ ပြောင်းရမှာ အခြေတစ်ကျမရှိဘူး။ ရိုးမ (၂)အထိ သွားရမှာလို့ သိရတယ်၊ ကံကောင်းလို့ ဆရာနဲ့တွေ့ရတာ၊ သာယာဝတီထောင်တုန်းကလည်း ဆရာ့ကျေးဇူးတွေ အများကြီးပါ။ ကျွန်တော့်ကိုလိုရာခိုင်းပါဆရာ ကျွန်တော်အသက်စွန့်ပြီးတောင် ဆရာ့ကို ကျေးဇူးဆပ်ချင်ပါတယ်"

"အေးအေး အဲလိုကျေးဇူးသိတတ်တာ ဝမ်းသာပါတယ်ကွာ မင်းလည်း ငါနဲ့တွဲရရင်အားလုံးအဆင်ပြေ အကျိုးရှိမှာပါ တပည့်ရာ"

"အခုတော့ ငါ့မှာအောင်ဘုနဲ့ မောင်ပြုံးတော့ ရှိနေတယ် ဒီကောင်တွေက ခါးပိုက်နှိုက်လူလည်တွေ မင်းလောက်တော့ အားကိုးရမှာ မဟုတ်ဘူး"

"စိတ်ချပါဆရာ သူတို့က ကျွန်တော့်အလျှင်ရောက်ပြီး ဆရာ့ တပည့်တွေဖြစ်နေပါပြီ၊ ထိမ်းထိမ်းသိမ်းသိမ်းလုပ်ကြတာပေါ့၊ ဒါနဲ့ဆရာ့ မှာဘာအရေးတကြီးလုပ်စရာရှိလို့လဲ"

နှစ်ပေါင်းအတော်ကြာ တွဲလာသော တပည့်ရင်းဖြစ်၍ သူ့အား ကျွန်ုပ်အားကိုးမိသည်။ ထို့ကြောင့် ဂျပန်ရတနာသိုက်ကိစ္စအားတိုင်ပင်မိ သည်။

"ရပါတယ်ဆရာ ချက်ချင်းတော့မလုပ်ပါနဲ့ဦး သူတို့နဲ့လည်း ကျွန်တော်ခင်အောင်ပေါင်းရဦးမှာ စည်းရုံးပြီး တဖြည်းဖြည်းလုပ်တာပေါ့"

"အေး–အဲဒါကောင်းပါတယ်။ ငါလည်းအလျှင်စလိုမလုပ်ချင် ပါဘူး၊ ဖြေးဖြေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်ုပ်တို့ နောက်တစ်လခန့်ကြာသွားပြန်သည်။ ထိုတစ်လအတွင်း အမဲလိုက်ရင်းမှဆိုးအောင်သန်းတစ်ဦးတည်းကိုခေါ်ကာ ရတနာသစ်ပင်ကြီးအားပြရသည်။ မှဆိုးအောင်သန်းရောက်လာမှ ကျွန်ုပ်မပါဘဲ သူကကြက်ထောင်၊ ငှက်ထောင်၊ ငါးရှာ၊ ဖားရှာလုပ်ပေးသည်။ မှဆိုးအောင်သန်းနှင့် အောင်ဘုတို့လည်းအဆင်ပြေသည်။

လကုန်ပိုင်းတွင် ကျွန်ုပ်အတွက် ပြောင်းရွှေ့မိန့်ထွက်လာသည်။ မအူပင်ဆိပ် ရဲဘက်စခန်း၊ စခန်းခွဲတာဝန်ခံအဖြစ် ပြောင်းရွှေ့မိန့်ဖြစ်သည်။ သုံးတန်ကူးစခန်းတွင် ပစ္စည်းနှင့်စာရင်းများလွှဲပြောင်းရဦးမည်ဖြစ်၍ တစ်ပါတ်ခန့်တော့အချိန်ရသေးသည်။ ထိုအချိန်အတွင်း ရတနာသိုက်ဖော်ရေးကိစ္စကိုတော့ လုပ်မှဖြစ်ပေတော့မည်။ စခန်းပေးသွားပါက လက်လှမ်းမမီတော့ဘဲ အနှောက်အယှက်များ ဝင်လာပေတော့မည်။ ထို့ကြောင့် တပည့်များနှင့်တိုင်ပင်ပြီး တစ်ရက်ကျော်လိုသေးသော တနင်္ဂနွေနေ့ကိုရွေးလိုက်တော့သည်။

စနေနေ့တွင် လုပ်ငန်းများဖြစ်အောင်လုပ်ရသည်။ ညနေစောင်းမှ အလုပ်ပြီးတော့သည်။ ပေါက်ချွန်း၊ ပေါက်ပြား၊ ပုဆိန်နှင့် ဓါးများအား ညကတည်းက စခန်းအနောက်ဘက်ထွက်လမ်း ကြိမ်တောတွင် သွားဝှက်ထားစေလိုက်သည်။

တနင်္ဂနွေနေ့မနက်စောစောတွင် တောလည်ရန် သစ်ခွပန်းများရှာ၍ အကြောင်းပြ၍ကျွန်ုပ်တို့ တောထဲဝင်ခဲ့ကြသည်။ မှဆိုးအောင်သန်း အောင်ဘုနှင့် မောင်ပြူးတို့ပါလာကြသည်။ ကျွန်ုပ်ကတော့ ထုံးစံအတိုင်း ဒသမ ၃၀၃ ရိုင်ဖယ်ကြီးကိုထမ်းခဲ့သည်။ သုံးတန်ကူးချောင်းကို ဖြတ်၍ ကညင်နှစ်ပင်စခန်းကိုကျော်တော့ ရိုးမတောင်ခြေသို့ ရောက်သည်။ ထိုမှမြေနီကွင်းရွာကိုပတ်၍တောင်ပေါ်သို့ တရွေ့ရွေ့တက်ခဲ့သည်။ ရိုးမကြောအလယ်မှာ အတတ်ပြေသော်လည်း အတော်ရှည်များသည်။ တဖြည်းဖြည်းမတ်လာသည်။ တောင်ကြောထိပ်ရောက်တော့ ကျွန်း။



www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းကတိုးနှင့် ကညင်ပင်ကြီးများသာ အများစုပေါက်နေကြသဖြင့် ကျွန်ုပ်တို့ တွေ့ခဲ့သောပျဉ်းမပင်ကြီးကို ရှာရပြန်သည်။ မတွေ့ပါ။ ကျွန်ုပ်တို့မှတ် သားထားသော တောင်ပူစာအနီးတွင် တဝဲလည်လည် ဖြစ်နေသည်။ တောခြောက်ခြင်း၊ တောမှောက်ခြင်းဖြစ်နိုင်ကြောင်း ကျွန်ုပ်စဉ်းစားမိသော အချိန်သည် အချိန်မီကလေးဖြစ်သည်။

တောင်ပူစာအနီး ဝါးရုံအောက်တွင် စပါးကြီးမြွေကြီးခွေနေသည်။ ဦးခေါင်းထောင်နေပြီး ပါးစပ်မှလည်း အမြှုပ်များထွက်နေ၍ တရှူးရှူး နှာမှုတ်နေသည်။ ခန္ဓာကိုယ်ကြီးအား ဆန့်တန်းလိုက် ပြန်ခွေလိုက်၊ မြွေကြီးအားကုပ်ထားလိုက်လုပ်နေသည်။ ကျွန်ုပ်၊ ကျွန်ုပ်၏လူများအား ကြိုနိစစ်ဆေးမိသည်။ မုဆိုးအောင်သန်းတွင် ဖိနပ်မပါပါ။

ကျွန်ုပ် သေနတ်ကြီးအား မောင်တင်၍ ထိုးချိန်လိုက်ချိန်တွင် မုဆိုးအောင်သန်းမှာ လက်နှစ်ဘက်တွဲလောင်းချ၍ မျက်မစုံမှိတ်ခါ မြွေကြီးထံသွားနေသည်။ လက်ထဲတွင်ဘာမျှမပါ။ ငှင်းကိုင်ဆောင်လာသော ပေါက်စိန်နှင့် ဓါးကိုပစ်ချထားသည်။ ဖိနပ်မပါသော မုဆိုး အောင်သန်းအား စပါးကြီးမြွေညှို့ထားခြင်းဖြစ်သည်။ ကျွန်ုပ်နေရာ ပြောင်းလိုက်ပြီး အောင်ဘုနှင့် မောင်ပြုံးအား လက်ရိပ်ပြကာ၊ မြွေကြီး၏ ပါးစပ်တွင်းသို့ငှင်း ဦးခေါင်းအောက်ပိုင်းသို့ငှင်း ညှို့ရှိမည့်ခါးလည်သို့ ငှင်း တစ်တောင့်ပြီးတစ်တောင့်ပစ်ချလိုက်သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "

ပေ (၅၀)ခန့်အတွင်း အနီးကပ်ပစ်မှတ်ဖြစ်၍ လိုသောပြစ်မှတ်ကို အတိအကျမှန်သည်။ မြွေကြီးတွန့်လိမ်နေပြီး၊ ခေါင်းကျိုးကျသွားသည်။ ထိုအချိန်မှ မုဆိုးအောင်သန်းသတိရလာပြီး ပြုံးတူးပြတဲဖြင့် ထခုန် တော့သည်။

အောင်ဘုနှင့် မောင်ပြုံးတို့က မြွေကြီးအား ဓါးနှင့်ငှင်း ပေါက်တူး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ငုံး ဝင်ခုတ်တော့သည်။ စပါးကြီးမြွေကြီးမှာ စိစိညက်ညက်ကြေ၍ ငြိမ်သက်သွားတော့သည်။

အောင်သန်းက "ဆရာ၊ ကျွန်တော်တို့ဘာဖြစ်တာလဲ ကျွန်တော် လမ်းလျှောက်နေရင်း တစ်ချက်သမ်းဝေပြီး အိပ်ပျော်သလိုဖြစ်သွား တယ်"

"မင်းက ဖိနပ်မပါတော့ စပါးကြီးမြွေညှိုခံရတာပေါ့၊ မင်းကရှေ့ ကသွားတော့၊ ငါတို့ကလည်း နောက်ကလိုက်တယ်၊ အဲ့ဒီမှာတင် ဒီဝါးရုံ ပင်နားက တောင်ပူစာကိုပတ်နေကြတာ သုံးလေးခေါက်ရှိပြီ၊ ငါကတော့ မှောက်တယ်ထင်နေတာ၊ ဝါးရုံပင်ရိပ်မှာ ဒီကောင်ကြီးကိုတွေ့တော့မှ သဘောပေါက်တော့တယ်၊ ဟိုနှစ်ကောင်ကလည်း ဘာမှုစူးစမ်းမှုမရှိဘူး ငါသာမပါလာရင် မင်းတို့အားလုံး စပါးကြီးမြွေဗိုက်ထဲရောက်ကုန်ကြပြီ"

အောင်ဘှ "ဟုတ်ပါရဲ့ဆရာရယ် ကျွန်တော်တို့လည်း မျက်စေ့လည်ပြီး လမ်းမှားနေမှန်းသိပေမဲ့ အိပ်ငိုက်ပြီးလမ်းလျှောက်နေကြတာ နှာခေါင်း ထဲမှာ အမွှေးနံ့တစ်ခုက ဆွဲခေါ်နေသလိုပဲ၊ မျက်စေ့အမြင်တွေလည်း ဝေဝါးနေတယ်။ တော်ပါသေးရဲ့ဆရာရယ်၊ ဆရာကယ်ပေလို့၊ တောထဲ တောင်ထဲကြောက်စရာအလွန်ကောင်းတယ်နော်"

"အေး အဲ့ဒါမှတ်ထား တောထဲတောင်ထဲရောက်ရင် သတိကို အမြဲတမ်းထား၊ မျက်စေ့ဖွင့်၊ နားစွင့်ထားရတယ်။ တစ်နေရာထဲ နှစ်ခါ ပြန်ရောက်နေရင် အဲဒါမရိုးတော့ဘူး၊ သတိထားပေရော့၊ ငါမြွေကို ဘယ်တော့မှ မသတ်ဘူး၊ အခုတော့အသက်အန္တရာယ်ကြောင့် မရှောင် လွှဲနိုင်ဘဲ သတ်လိုက်ရပြီ"

မုဆိုးအောင်သန်း "ဆရာရယ် စိတ်မကောင်းဖြစ်မနေပါနဲ့ ကိုယ် မသတ်ရင် သူကသတ်မှာဘဲ မဟုတ်လား လက်ဦးလို့သာတော်တော့ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး မင်လည်းကြပ်ကြပ်သတိထား။ မုဆိုးလုပ်နေပြီး စပါးကြီးညှို့ခံရလို့ မုဆိုးမြွေမျိုသွားတယ်ဆိုတာ လူကြားလို့တောင် မကောင်းဘူး ဖိနပ်က စခန်းမှာငါမြင်မိပါသေးတယ်၊ ဘယ်တုန်းကပြုတ်သွားတာလဲ"

"တောင်ခြေမှာပြုတ်သွားတာဆရာ၊ ကျွန်တော်လည်း ခရီးဖင့်မှာဆိုးလို့ လမ်းဘေးမှာပစ်ထားခဲ့တယ်"

"အေး နောက်ဆိုမှတ်ထား ဖိနပ်မပါဘဲ တောထဲတစ်ယောက်တည်းသွားမနေနဲ့ ငုတ်ထိုးမိနိုင်တယ်၊ စပါးကြီးညှို့နိုင်တယ်၊ သတိထား"

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်တို့ခေတ္တနား အမောအပန်းဖြေပြီး ရတနာသိုက်ညွှန်းရှိရာ ပျဉ်းမပင်ကြီးကို ရှာရပြန်သည်။ မဝေးပါ ကိုက် (၁၀၀)ခန့်အတွင်း ကျွန်းပင်များကြား၌ ပြန်တွေ့ရသည်။ ခြေရာ၊ လက်ရာ၊ မပျက်ပါ။ ဤမျှနီးကပ်လျက်သားနှင့် ကျွန်ုပ်တို့ရှာမတွေ့သည်မှာ ထူးဆန်းလှသည်။ တောမှောက်တောခြောက်သည်ကို ကြုံဖူးသော်လည်း ဤကဲ့သို့ နီးလျက်နှင့်ဝေးနေသည်၊ အဖြစ်ကိုမကြုံဘူးခဲ့ပါ။ ဤသည်လည်း တော၏ မာယာတစ်မျိုးဟုယူဆမိပါသည်။ ကျွန်ုပ်ပျဉ်းမပင်ကြီးအား ပတ်ကြည့်ရာ ပင်စည်၌ လတ်ဆက်သောလက်သည်းရာကြီးများကို တွေ့ရသဖြင့် စောင့်ကြည့်မိ၍ ပင်စည်အထက်ခွဆုံတွင် လှုပ်ရှားနေသော မဲမဲအရာကြီးကိုမြင်ရသည်။ ဝက်ဝံကြီးဖြစ်သည်။ ခွဆုံထက်ကိုင်းတွင် တွဲလွဲကျနေသော ပျားအုံကြီးအား နှိုက်စားနေသည့်အတွက် ကျွန်ုပ်တို့အား မမြင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကလည်း မောမောပမ်းပမ်းနှင့် အသံတိတ်ချဉ်းကပ်လာခြင်းဖြစ်သည်။

သို့သော်သူက အနံ့ခံကောင်းဟန်တူသည်။ ကျွန်ုပ်တို့အားမြင်သွားသဖြင့် " ဂူး. . . ဂဲ. . . ဂူး. . . ဂဲ" အော်ဟစ်ခါ သစ်ပင်အား ဖက်တွယ်၍ ဆင်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေပြေးကြ" ဝက်ဝံကြီးဆင်းလာပြီ"

ကျွန်ုပ်ဝက်ဝံကြီးအား မပစ်လိုပါ၊ အားလုံးအား ပြေးခိုင်းပြီး ကျွန်ုပ်လည်းအနီးရှိ ကျွန်းပင်ကြီးတစ်ပင်အား ကပ်နေလိုက်သည်။ သေနပ်ကိုတော့ မောင်းတင်ပြီး၊ သော့ဖြုတ်၍ အရန်သင့်ပြင်ဆင်ထားသည်။ ကျွန်ုပ်တို့အား ရန်မူလာလျှင်တော့ ပစ်ခတ်ရပေတော့မည်။

ဝက်ဝံကြီးမှာ သစ်ပင်အောက်ရောက်တော့ ပတ်ဝန်းကျင်အား ကြည့်ရှုပြီး လူများအား မတွေ့ရတော့ သစ်ပင်ပေါ်သို့ ပြန်တက်ပြန်ဆင်းသံသရာကရှည်တော့မည်။ ကျွန်ုပ်တို့လည်း အလုပ်လုပ်၍ရတော့မည်မဟုတ်သဖြင့် ခြောက်လှန့်ပစ်ခတ်ရတော့သည်။

ဒိုင်း. . . ဒိုင်း. . . နှစ်ချက်ဆင့်၍ အပေါ်ထောင်ပစ်လိုက်သည်။ ဝက်ဝံကြီးမှာ အလွန်စိတ်ဆိုးပြီး ကြောက်လန့်သွားဟန်နှင့် သစ်ပင်ပေါ်မှ ပြေးဆင်းပြီး တောထဲသို့ ထွက်ပြေးသွားတော့သည် လေးဘက်ထောက်၍ ပြေးခြင်းမဟုတ် လူလိုပင်မတ်တပ်ရပ်၍ တစ်လှမ်းခြင်းသွားခြင်းဖြစ်သည်။ ရင်ဘတ်တွင်လည်း အဖြူကွက်ကြီးနှင့် အညိုရောင်အမွေးများရှိသည် ပါးစပ်ကြီးဖြန့်အော်လိုက်လျှင်တော့ အာခေါင်နီရဲရဲ အစွယ်ပြူးပြူးနှင့် အလွန်ကြောက်စရာရောင်းလှသည်။

ဂူး. . . ဂဲ. . . ဂူးဂဲ. . . ဂူးဂဲ. . .

ကျွန်ုပ်တို့အတန်ကြာ ပုန်းအောင်းရင်း စောင့်နေရသည်။ (၁၅) မိနစ်ခန့်ကြာမှ လူပြန်စုမိကြသည်။

မုဆိုးအောင်သန်း "ဆရာ ဘာလို့မပစ်တာလဲ တန်ဘိုးရှိတယ်နော်၊ ဝက်ဝံသည်းခြေ၊ ထောင်ဂဏန်းတန်တယ်ဆရာ"

"လူနဲ့တူတဲ့ကောင်ကြီးမို့ ငါမပစ်ချင်ဘူးကွာ ကိုယ့်လည်းရန်မူတာမှမဟုတ်ဘဲနဲ့ ဝက်ဝံသည်းခြေ တန်ဘိုးရှိမှန်းငါသိတာပေါ့"

"ကဲ အချိန်တောင် အတော်နှောင်းသွားပြီ အလုပ်စကြရအောင်" ကျွန်ုပ်သစ်ပင်ခြေရင်းအား အသေအချာလေ့လာ၍ စတင်တူးမည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



အားပြုရသည်။ သစ်ပင်ခြေရင်း မှုားအောက်ပတ်ဝန်းကျင်ဖြစ်သည်။ မောင်ပြုံးစ၍တူးသည်။ နွေရာသီတောင်ပေါ်မြေဖြစ်၍ မာကျောလှသည်။ တူးရွှင်းမနိုင်သဖြင့် ပေါက်ချွန်းကိုသုံးရသည်။ မောင်ပြုံးပြီးတော့ အောင်ဘအလှည့်၊ ကျွန်ုပ်ကတော့ အနီးရှိကျွန်းပင်ကြီးခြေရင်းတွင် ထိုင်ရင်းအသင့်အနေအထားဖြင့် ကင်းစောင့်နေရသည်။ ထိုစဉ်မှုဆိုး အောင်သန်း ကျွန်ုပ်အနီးသို့ရောက်လာပြီး

"ဆရာ၊ ရတနာပစ္စည်းရှိတဲ့နေရာဟာ၊ အစောင့်အရှောက် အန္တရာယ်များတယ်ဆိုတာ ဟုတ်မယ်ထင်တယ်နော်"

"ဟုတ် မဟုတ် မင်းအမြင်ဘဲလေ"

ထိုစဉ်တွင် ပျဉ်းမပင်ကြီးပေါ်မှာ အရည်များစီးကျလာသဖြင့် အောင်ဘ လန့်၍ခုန်သည်။

ကျွန်ုပ်က "အောင်ဘ မလန့်ပါနဲ့ကွ ပျားရည်တွေပါ၊ ဝက်ဝံကြီး စားသွားလို့ ကျန်တာတွေစီးကျလာတာပါ"

အောင်သန်းဆက်၍ တူးပြန်သည်။ မြေမှာပိုမိုမာကျောလာသဖြင့် ပေါက်ချွန်းအပြင် သံတူးရွှင်းကူရပြန်သည်။ အနက်မှ (၂) ပေခန့်သာ ရှိသေးသည်။ ဘာမျှမတွေ့ရသေး အောင်သန်းက မုဆိုးပီပီဖွဲ့ကောင်း သည်။ ဘဝကိုချဲ့၍ တူးပြန်သည်။ သံတူးရွှင်းနှင့် သံထည်ပစ္စည်းထိသံ လိုလိုကြားလာရသည်။ ကျွန်ုပ်တား၍တွင်းဝအား ငုံ့ကြည့်သည်။ ကျောက် သားပြင်လိုမာကျောသောအခဲကြီးအား တွေ့ရသည်။

"အောင်သန်းရေ အဲ့ဒီအခဲကြီးကို သံတူးရွှင်းနဲ့စိုက်တူးကွ၊ တဲ့တဲ့တူးလို့လွယ်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ဆရာ"

တွင်းဝအား သံတမျှမာကြောလှသော ကျောက်ပြားကြီးဖြင့် ပိတ်ဆို့ထားခြင်းဖြစ်သည်။ ကျောက်ပြားကြီးမှာမည်မျှကြီးမား၍ ထူထဲ ကြောင်းမသိနိုင်သေးပါ။ ကျောက်ပြားအစပ်အား စိုက်၍တူးရသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အစပေါ်လာတော့ (၃' × ၄')ခန့် ကျောက်ပြားကြီးဖြစ်သည်။ (၂")မခန့်ထူသည်။ တူရွင်း၊ ပေါက်ပြား၊ ပေါက်ချွန်းများနှင့် လှန်ရာမရ ရိုက်ခွဲမှသာဖြစ်တော့မည်။ သို့သော် ကျွန်ုပ်တို့တွင် တူကြီးပါမလာ၊ လက်လျှော့ရမလိုဖြစ်နေသည်။

ထိုစဉ်မှဆိုအောင်သန်းက တောင်ပူစာအနီးရှိ ဝါးနက်ဝါးရုံမှ ဝါးကောင်းကောင်းနှစ်လုံးခုတ်လာသည်။ အရင်းပိုင်းအားချွန်၍ ကျောက်ပြားကြီး၏တစ်ဘက်အစပ်မှာ ထိုးသွင်း၍ကလော်သည်။ မရ၊ အောင်ဘအားခေါ်၍ တစ်ချောင်းစီကိုင်ကာ ကလော်ပြန်သည်။ "ဖြစ်–ဖြစ်" မြည်၍ ကျောက်ပြားကြီးကြွလာသည်။ သို့သော် "ဟ"ရုံသာဖြစ်သည်။ မောင်ပြုံးက တူရွင်းနှင့်တစ်ဘက်ထိပ်မှာ ကလော်မှကျောက်ပြားကြီး ဟသွားတော့သည်။ ဝါးများထပ်ခုတ်ရပြန်သည်။

"အောင်သန်းပြန်လာရာ ဆရာရေမြွေကြီးကို ဘယ်လိုလုပ်မလဲ၊ ယင်မမဲရိုင်းတွေတရုန်းရုန်းနဲ့ တော်ကြာပုပ်သွားဦးမယ်၊ မြွေသားကာန တယ်နော်"

"မင်းမှာ မီးခြစ်ပါတယ်မဟုတ်လား၊ မြွေကြီးနားမှာထင်းခြောက်ရှာပြီး မီးပုံလေးလုပ်ပေးလိုက်ကွာ"

ကျွန်ုပ်လည်း မနေသာတော့ပါ။ ဝါးလုံးများနှင့် ဝင်၍ကလန့်ပေးရတော့သည်။ လူလေးယောက်အင်အားဖြင့်ကော်၍မှင့်ရာ ဂျုံတစ်ကြိမ်တော့ကျောက်ပြားကြီးမနေသာတော့၊ ထောင်မလာပြီး အနောက်ဘက်သို့ ဝုန်းခနဲလန်၍ လဲကျသွားတော့သည်။

"ဝေး ဟေး ဟေး"

အားပေးသံနှင့်ပိုင်းအော်ကြသည်။ ပေါ်လာသည့်တွင်းအောင့်ကြည့်ရာ အတော်နက်ပုံရသည်။ တွင်းထဲတွင် စစ်သုံးကျည်ဆံခွံများနှင့်လူ့အရိုးစုများကို တွေ့ရသည်။ ဦးခေါင်းခွံလေးလုံးတွေ့ရသဖြင့် လူလေးယောက်ဖြစ်ပေမည်။ ပစ္စည်းများအားမြှုပ်နှံပြီး လူများကိုပါ

www.burmeseclassic.com



တစ်ခါတည်းသတ်ဖြတ်၍မြှုပ်နှံထားခဲ့ဟန်တူသည်။ သေတ္တာများမှာ ဘာမှန်းတော့မသိသေးပါ။ အဖိုးတန်ပစ္စည်းများဖြစ်ဖို့တော့ သေချာနေသည်။

ထိုစဉ်တွင် ပျားရည်စီးကြောင်းအတိုင်း သစ်ပင်ပေါ်မှ ပုရွက်ဆိတ်ကြီးများဆင်းလာကြသည်။ ဒုက္ခတစ်မျိုးပေးပြန်ပြီဖြစ်သည်။ မှဆိုးအောင်သန်းက ဝါးကိုင်းခြောက်အဖျားများ မီးရှို့၍ ထိုမှအပင်ပေါ်သို့တက်ပြေးကြသည်။

နေ့လည် (၁၂)နာရီခန့်ရှိပြီဖြစ်၍ ကျွန်ုပ်တို့နားကြသည်။ ပါလာသည့်ထမင်းထုပ်များအားဖြည့်၍ စားကြသည်။ အောင်သန်းစီစဉ်လာသော ငါးဟင်းနှင့် ထမင်းများသာဖြစ်သည်။ အခြားဟင်းဖွယ်ဖွယ်ရာရာ မပါလာပါ။ သို့သော်လည်း ပင်ပမ်းသောကြောင့် ထမင်းထုပ်များပြောင်အောင်စားနိုင်ကြသည်။

ကျွန်ုပ်စားသောက်ပြီး လမ်းလျှောက်ရင်း ဘေးလွယ်အိတ်တွင်းအသင့်ပါလာသော လက်နှိပ်မီးကလေးဖြင့်တွင်းကြီးအတွင်း ထိုးကြည့်မိသည်။ ကျည်ဆံသေတ္တာလေးလုံးအား စတုဂံပုံစံစီထားခြင်းဖြစ်သည်။ အရိုးစု (၄)စုမှာ သေတ္တာများဘေးတွင် ပြန့်ကျဲနေသည်။ သေတ္တာများအလယ်တွင်စစ်သုံးလက်နက်များအပြင် တူးရွင်းများ၊ ပေါက်ပြားများ၊ ဂေါ်ပြားနှင့် ရဲတင်းကြီးများကိုတွေ့ရသည်။ မြွေများရှိနိုင်သဖြင့် ကျွန်ုပ်နေရာအနှံ့မီးထိုးရှာကြည့်သည်။ မတွေ့ရပါ။ အန္တရာယ်တစ်ခုခုရှိနေနိုင်သဖြင့် ကျွန်ုပ်မှဆိုးအောင်သန်းအားခေါ်ပြီး သေတ္တာများပတ်ဝန်းကျင်အားဝါးလုံးရှည်ရှည်ဖြင့် ထိုးမွှေခိုင်းသည်။ မြွေများထွက်မလာပါ။ သို့သော် ကင်းမလက်မဲများတန်းစီထွက်လာသည်။ အလွန်အဆိပ်ပြင်းသောအကောင်များဖြစ်သည်။

အောင်သန်း "ဆရာ–တွင်းထဲကိုမီးတိုက်လိုက်ရမလား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ လက်နက်ခဲယမ်းတွေရှိနေနိုင်တယ်၊ ထပေါက်ကွဲလိမ့်မယ်"

"ဒါဖြင့်ဘယ်နှယ့်လုပ်မလဲဆရာ"

"နွယ်ကြိုးသေးသေးခိုင်ခိုင်ရှာ၊ ဝါးလုံးကိုထိပ်ချွန်ပေး ငါလုပ်တတ်တယ်၊ အောက်ဆင်းစရာမလိုဘူး။"

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်ဝါးချွန်ဖြင့် သေတ္တာဘေးနစ်ဘက်အားထိုးကြည့်သည်။ တွင်းအစိုဓါတ်ကြောင့် သံချေးကိုက်နေဟန်တူသည် ဘေးလက်ကိုင်ကွင်းများသေတ္တာနှင့်ကပ်၍ သံချေးတက်နေဟန်တူသည်။ ကွာထွက်မလာပါ။ အတော်ကြာလှည့်ပတ်ထိုးမှ သံချေးများပြုတ်ပြီး လက်ကိုင်ကွင်းကွာသွားသည်။ အောင်သန်းရှာလာသောနွယ်ကြိုးများအား လက်ကိုင်ကွင်းအတွင်းထိုးထည့်သည်။ နွယ်ကြိုးဝင်သွားသော်လည်း ကြိုးအစကားအပေါ်သို့ဆွဲတင်ရန် မဖြစ်နိုင်ပြန်။ ထို့ကြောင့်

"အောင်သန်းရေ ဝါးကိုင်းကအလက်တွေကို (၃)လက်မချန်ပြီးခုတ်ပေးစမ်းကွာ၊ အရှည်ကြီးမလိုချင်ဘူး (၆) ပေ (၇) ပေလောက်ပဲ ဝါးကိုင်းရင့်ရင့်နော်"

"ဟုတ် ဆရာ"

အောင်သန်း ဝါးရုံဆီသို့ပြေးပြန်သည်။ ဝါးသစ်ကိုင်းရလာပါသည်။ ဤတစ်ကြိမ်တော့ ကျွန်ုပ်နွယ်ကြိုးအားလျှာထိုးကွင်းလုပ်၍ သေတ္တာလက်ကိုင်ကွင်းထဲချကာ ဝါးသစ်ကိုင်းခက်ဖြင့် ချိတ်တင်ရပါလာတော့သည်။ သံသေတ္တာထိပ်နစ်ဖက်အား ကြိုးချည်ပြီးနောက်ဆွဲတင်သော်လည်း ပါမလာပြန် သေတ္တာအောက်ခင်းအား သဲကိုက်နေပြန်သည်။ ထို့ကြောင့် အောင်သန်းအား ဝါးချွန်ဖြင့် ထိုးစေ၍နှံ့ခိုင်ပြီး တစ်ဖက်စီမှ အောင်ဘုနှင့်မောင်ပြုံးတို့အား ဆွဲတင်စေရာ လှုပ်ခါးလာပြီး



www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့ပါလာတော့သည်။ သံသေတ္တာအား ဂျပန်ကြေးသော့ကြီးခတ်ထားသည်။ သို့သော် မျောက်လက်မှာသံချေးတက်ပြီး ဆွေးနေသဖြင့် ဓါးနှောင့်နှင့်ထုရာ ပြုတ်သွားတော့သည်။ သို့သော်အဖုံးကမပွင့်နိုင်သေး။ သံချေးကိုက်နေသဖြင့် ဓါးနှင့်ပတ်လည်ကလော်ရပြန်သည်။ သေတ္တာပွင့်သွားပါသည်၊ သို့သော်အထဲတွင် ရိုင်ဖယ်ကျည်ဆံများကိုသာ အပြည့်တွေ့ရသည်။ နောက်တစ်လုံးအား ဆက်၍ဆွဲတင်ပြန်သည်။ လက်ပစ်ဗုံးများဖြစ်နေပြန်သည်။ တတိယအလုံးကတော့ လက်နက်ပြင်ဆင်သည့် ကိရိယာများဖြစ်သည်။ ကျွန်ုပ်အလွန်စိတ်ပျက်သွားမိသည်။

"အောင်သန်းရေ မဟုတ်တော့ဘူးထင်တယ်ကွ"

"နောက်တစ်လုံးကျန်ပါသေးတယ်ဆရာရယ်"

နောက်ဆုံးတစ်လုံးကို အပေါ်ဆွဲတင်ရန်လုပ်ရပြန်သည်။ အလေ့အကျင့်ရသွားပြီဖြစ်၍ အခက်အခဲမရှိတော့ပါ။ အလွယ်တကူဆွဲတင်နိုင်သည်၊ သို့သော် သံသေတ္တာကြီးမှာ ယခင်အလုံးများ၏ တစ်ဝက်ခန့်သာ အလေးချိန်ရှိသည်။ အပေါ်ရောက်သည်နှင့် အောင်သန်းကအလျင်အမြန် ပင်မျောက်လက်ကိုရိုက်ချိုး၍ သံသေတ္တာကိုဖွင့်လိုက်သည်။

ဝင်းထိန်တောက်ပနေသော ရတနာပစ္စည်းများကိုမြင်ရသည်။ သေတ္တာတစ်ဝက်ခန့်သာပါသော်လည်း တန်ဘိုးကနည်းမည်မဟုတ်ပါ။

ကျွန်ုပ်က "ကဲ အားလုံးနားထောင်၊ ဒီပစ္စည်းတွေကို ငါးပုံပုံ၊ တစ်ငါက စီစဉ်သူခေါင်းဆောင်ဖြစ်လို့ နှစ်ပုံယူမယ်၊ မင်းတို့ (၃)ယောက်ကို တစ်ယောက်တစ်ပုံစီဝေပေးမယ်၊ ကျေနပ်ကြသလား"

ထိုစဉ် မောင်ပြုံးအသံဖြင့် "မကျေနပ်ဘူး ကျုပ်ပဲအားလုံးယူမယ်။ အားလုံးလက်မြှောက်ပြီး နောက်ကြောင်းပြန်ကြတော့၊ လှည့်ကြည့်ရင်တော့ ကျုပ်အဆိုးမဆိုနဲ့" ကျွန်ုပ်အားကျွန်းပင်တွင် ထောင်ထားသော ရိုင်ဖယ်သေနတ်ဖြင့်ချိန်၍



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘ "မောင်ပြုံး၊ မင်းဘယ်နှယ့်လုပ်တာလဲ၊ ကိုယ့်ဆရာသမားကို မပြောကောင်းမဆိုကောင်းကွာ သေနတ်ကြီးကို အောက်ချပြီးဆရာ့ကို ကောင်းပန်လိုက်"

မောင်ပြုံး "အောင်ဘ မင်းကိုလည်းငါကမကျေနပ်တာကြာပြီ မင်းလည်း သေပေရော့" သေနတ်ကြီးကိုမြှောက်၍ ထိုးချိန်လိုက်သည်။ ကျွန်ုပ် အနေဖြင့်တော့ စိုးရိမ်ခြင်းမဖြစ်မိ၊ သေနတ်ကြီးကိုမောင်းတင်ထားသော် လည်း လုံခြုံရေးသော့ကိုပိတ်ထားသည်။ မောင်ပြုံးအနေဖြင့် လုံခြုံရေး သော့အားမဖွင့်တတ်ဘဲ ချိန်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ကရဲရဲ ပင်ရှေ့တက်၍ ရင်ကော့ပြရင်း

"ကဲ မောင်ပြုံး မင်းသတ္တိရှိရင် ပစ်လိုက်ပါကွာ၊ ငါကခေါင်းဆောင် ဘဲ၊ တောင်အရာရှိဘဲ၊ ငါသေရင် မင်းတို့လွတ်လွတ်လပ်လပ်ပြေးလို့ရ တာပေါ့ မဟုတ်ဘူးလား"

"ခင်ဗျား ရှေ့မတိုးနဲ့နော် ကျုပ်က တကယ်ပစ်မှာ"

ထိုအချိန်တွင် လောက်စလုံးများ ခေါင်းမှန်၍ မောင်ပြုံး ယိုင်အသွား အောင်ဘကပြေးဝင်သွားသည်။ မောင်ပြုံးကလည်း သေနတ် မောင်းကိုဖြုတ်သည်။ သို့သော် သော့ပိတ်ထား၍ မောင်းဆွဲမရပါ။ အောင်ဘသေနတ်ကြီးအား ပုတ်ချပြီး၊ မောင်ပြုံးအား ဝင်လုံးတော့သည်။ မောင်ပြုံးမှာ အောက်ကပက်လက်၊ အောင်ဘ ရင်ဘတ်ပေါ်ခွ၍ စိတ်ရှိ တုင်းထိုးကြိတ်တော့သည်။

"အား အား - ကြောက်ပါပြီ ဆရာအောင်ဘရဲ့"

"ကြောက်ပါပြီဗျ"

"အောင်ဘ တော်တော့"

ထိုအချိန်တွင် မောင်ပြုံးအား လေးခွနှင့်ပစ်သော ဖိုး အောင်သန်းက



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ နေပါစေ၊ သူ့ဆရာက သ တပည့်ကို ဆုံးမတာ လွှတ်ထားလိုက်ပါဆရာ"

"မဟုတ်သေးပါဘူးကွာ၊ မောင်ပြုံးရတနာတွေ့မဲ့လို့ ကြောင်သွားတာပါ၊ အောင်ဘရုပ်တော့"

ကျွန်ုပ်အောင်ဘအား ဆွဲထူ၍ မောင်ပြုံးအားထနိုင်းရတော့သည်။

"မောင်ပြုံး မင်း အလွန်မှားတယ်ကွာ ရသင့်ရထိုက်တဲ့ဝေစုရှင်တော်ရောပေါ့ ဘာကြောင့် လောဘကြီးရတာလဲ၊ အခုတော့မင်း ဒုက္ခရောက်ပြီ မင်းရဲ့စိတ်ဓါတ်ကို သိရတာမို့ ရွှေ့တန်းကို ငါပြောင်းရင်လည်း မင်းကိုတော့ ခေါ်မသွားရဲတော့ဘူးကွာ ကဲ ထ ထ စခန်းပြန်ကြမယ်"

မောင်ပြုံး - "ဟုတ်ကဲ့ဆရာ ကျွန်တော်မှားပါပြီခင်ဗျား ဟီး ဟီး ဟီး"

မုဆိုးအောင်သန်း - "အခုမှ ငိုမနေနဲ့တော့ မောင်ပြုံးရေ တခြားအရာရှိဆိုရင် မင်းကိုဒီနေရာမှာ ပစ်သတ်ပြီးဟိုကျင်းထဲမှာ မြှုပ်ထားလိုက်ပြီ၊ ရဲဘက်ပြေးမှု၊ လက်နက်လုမှု၊ ပြန်ခုခံမှုနဲ့ မင်းတော့သေပြီးသားဘဲ၊ ငါ့ဆရာမို့သည်းခံနိုင်တာ၊ မင်းတော့ကွာ - ဟင်း ဟင်း"

"ကဲ ကဲ ပြန်ကြမယ်၊ တွင်းဝကို ကျောက်ပြားကြီးနဲ့ ပြန်ပိတ်ပြီး မြေဖုံးလိုက်ကြဦး"

မုဆိုးအောင်သန်း-"ဆရာမြွေကြီးကိုရော၊ ကျွန်တော့်ကိုဒုက္ခပေးထားတဲ့အကောင်ကြီး အားရပါရ ချက်စားပစ်ရမယ်၊ ဆရာအတွက်တော့ စပါးကြီးသည်းခြေရမယ်လေ"

"အေး အဲဒါဆိုရင် သေနတ်ပြင်တဲ့လက်နက်သေတ္တာကြီးကို တစ်နေရာရာမှာ ဝှက်ထားခဲ့၊ ရတနာသေတ္တာကို မင်းကထမ်း၊ မြွေကြီးကိုတော့အောင်ဘနဲ့ မောင်ပြုံးကထမ်း၊ စခန်းပြန်ကြမယ်"

"ဟုတ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြူးရေ ထွေလီကာလီတော့ မလုပ်နဲ့နော်၊ ငါကနောက်ဆုံးက သေနတ်မောင်းတင်ပြီးလိုက်ခဲ့မှာ မင်းပုံစံပျက်ရင်တော့ ငါလည်းညှာမှာမဟုတ်ဘူး အေးစခန်းရောက်ရင်လည်း သစ်ပင်ပေါ်က လိမ့်ကျတာလို့ပြော ငါအရေးမယူဘူး ပြီးတဲ့ကိစ္စပြီးပစေတော့ နားလည်လား သဘောပေါက်သလား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်သဘောပေါက်နားလည်ပါပြီ"

ကျွန်တော်တို့ စခန်းသို့ရှေ့နောက် တန်းစီပြီးပြန်ခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး စဉ်းစားလာမိသည်။ ခါးပိုက်နှိုက်ခြင်းတူသော်လည်း အောင်ဘု၏ စိတ်ဓါတ်ကိုလေးစားမိသည်။ ရတနာများမြင်ရသဖြင့် အောင်ဘုနှင့် မောင်ပြူးပေါင်းမိပြီး ကျွန်တော်တို့အား လုပ်ကြံလျှင် ကျွန်တော်တို့ခံရဘွယ်ရှိသည်။ ကျွန်ုပ်မှဆိုးအောင်သန်းအား အတွင်းစကားထည့်ထားသော်လည်း သူတို့နှစ်ဦးက အလိမ္မာသုံး၍ သတ်လျှင် ကျွန်ုပ်တို့ခံရမည်သာဖြစ်သည်။ ယခုတော့ ခါးအောင်ဘု၏ စိတ်ထားကောင်းမှုကြောင့် ကျွန်ုပ်တို့အနိုင်ရခြင်းဖြစ်သည်။ ရာဇဝတ်မှု အမြဲတမ်းကျူးလွန်းတတ်သူများထဲတွင် အောင်ဘုကဲ့သို့ စိတ်ကောင်းရှိသူ ဆရာသမားကို အသက်စွန့်ကာကွယ်သူက ရှားလှပါသည်။ ဂုဏ်ပြုသည့်အနေဖြင့် အောင်ဘုနှင့် မုဆိုးအောင်သန်းအား မောင်ပြူး၏ အစုရှယ်ယာကိုခွဲဝေပေးလိုက်ရန် ကျွန်ုပ်ဆုံးဖြတ်မိတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သူ့အမည်ရင်းမှာ မောင်တင်ထွေး မင်းသားလေလို လှပနုနယ်သူဖြစ်၍ သူ့အား ထောင်ထဲတွင် မင်းသားလေးဟု ခေါ်ကြသည်။ ကြိုးမိန့်ကျတော့ ကြိုးသမားတင်ထွေးဖြစ်သွားသည်။ သို့သော် အမည်ရင်းပျောက်ပြီး မင်းသားလေးဟုသာ နှုတ်ကျိုးနေကြသည်။

သူကလည်း စိတ်ကားကောင်းမွန်ပြီး သူတစ်ပါးအား ရက်ရောစွာ ကူညီတတ်သဖြင့် ထောင်ထဲ၌ လူချစ်လူခင်များသည် သူ့အမှုမှာ မိသားစုဝင် (၅)ဦးအား သေသပ်ပိရိစွာ လုပ်ကြံသတ်ဖြတ်ခဲ့သောအမှုဖြစ်သည်။ ပုဒ်မ ၃၀၂ (လူသတ်မှုဖြင့်) တရားစွဲဆိုခံရသော်လည်း သက်သေမခိုင်လုံပါ၊ ရုံးချိန်းကတော့ (၁၄) ရက်တစ်ခါထွက်နေရသည်၊ တစ်ခါတစ်ရံ နယ်ရုံးသို့ပါထုတ်ပေးရသည်။ အချုပ်သားဘဝဖြင့် နှစ်ပေါက်နေရသူဖြစ်သဖြင့် ကျွန်ုပ်၏အချုပ်ဆောင်တွင် နေရသူဖြစ်၍ ကျွန်ုပ်နှင့် အလွန်ရင်းနှီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက (GTI) ကျောင်းထွက်ဖြစ်၍ ခေတ်ပညာလည်း တတ်သည်။ စက်မှုပညာအပြင် လက်မှုပညာလည်းတတ်သည်။ နာရီ ရေဒီယို၊ ကက်ဆက်လည်း ကျွမ်းကျင်စွာပြင်တတ်သည်။ ပန်းရံ ပန်းပု ပန်းဘဲ၊ လက်သမား ပညာလည်းတတ်သည်ဟုသိရသည်။ အနုပညာ ပိုင်း၌လည်းအဆိုအကကျွမ်းကျင်သေးသည်။ ကျွန်ုပ်တို့အားလပ်ရက် များတွင် အင်္ဂလိပ်စကားလုံးစီ ကစားနည်းဖြင့် SCRABBLE ကစားရာ၌၎င်း၊ CHESS ထိုးရာ၌၎င်း၊ မင်းသားလေးက အမြဲလိုလို နိုင်တတ်သည်။

သူ့တွင်ဆွေမျိုးသားချင်းမရှိဟုဆိုသော်လည်း နှစ်ပတ်တစ်ကြိမ် အချိန်မှန်ထောင်ဝင်စာလာတွေ့သူတစ်ဦးတော့ရှိသည်။ သူ့ရည်းစားဟု ဆိုသည်၊ လှပချောမောသော မိန်းကလေးဖြစ်သည်၊ သူမလာလျှင်လည်း ထောင်ဝင်စာပစ္စည်းများ၊ တစ်နင့်တစ်ပိုးကြီးပို့လာတတ်သည်။ ချမ်းသာ ကြွယ်ဝသူဖြစ်ဟန်ရှိသည်။ ထောင်သို့လာလျှင် မာစီဒီးကားနှင့် ဒရိုင် ဘာနှင့်။

တစ်နေ့တွင်ဖြစ်သည်။ ကျွန်ုပ်တစ်ဦးတည်း ရုံးခန်းအတွင်း၌ ရှိနေခိုက် မင်းသားလေးရောက်လာသည်။

"ဆရာ ကျွန်တော်ဘာလုပ်ပေးရမလဲ"

"လုပ်စရာမရှိပါဘူးကွာ၊ လာထိုင် ရေနွေးကြမ်းသောက်၊ ဒီနေ့ မင်းရုံးထွက်မရှိဘူးလား"

"နယ်ရုံးထွက်ကပြန်လာပြီး ရန်ကုန်မြို့ထဲရုံးတွေနဲ့ ရုံးထွက်ပေး နေတယ်ဆရာ၊ လကုန်မှရုံးထွက်ရှိမှာ"

"မင်းဟာ ရုံးခဏခဏထွက်နေရတာ မပင်ပမ်းဘူးလား၊ မင်းအမှုတွေအကြောင်း ငါအကြမ်းဖျင်းပဲ သိရသေးတာနော်၊ အသေး စိပ် အမှန်အတိုင်းငါ့ကို မပြောနိုင်ဘူးလား၊ ငါက တရားသူကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ရဲလည်းမဟုတ်၊ ရှေ့နေလည်းမဟုတ်ပါဘူးကွာ၊ မင်းကို ဒုက္ခပေးပြီးဖော်ကောင်သက်သေလုပ်မဲ့သူ မဟုတ်ပါဘူး"

"ယုံပါတယ် ဆရာ၊ ဆရာ့ကို ကျွန်တော်ညီရင်းအစ်ကိုလို ခင်ပါတယ်၊ လေးလည်းလေးစားပါတယ်၊ ဒါပေမယ့် ဆရာအချိန်စောသေးလို့ ခေတ္တသည်းခံပါနော်"

"ဟာကောင်ရ မင်းငါတို့ အချုပ်ဆောင်ရောက်လာတာ နှစ်ပေါက်နေပြီ၊ အခုထိ အချိန်စောတုန်းပဲလား"

"အမှုအခြေအနေကို ပြောတာပါဆရာရယ်၊ ကာလကို ပြောတာမဟုတ်ပါဘူး၊ ပြောသင့်တဲ့အချိန်မှာ ကျွန်တော့်အမှုအကြောင်းတွေကို ဆရာ့ကို အရင်ဆုံးပြောပြမှာပါ၊ စိတ်ချပါဆရာရယ်"

"မင်း အမှုတွေက အမှန်တွေပဲလား သက်သေမခိုင်လုံဘူးလို့ တော့ကြားရတယ်"

"အင်း ဆရာ့ကိုတော့ ရှောင်လွှဲပြောလို့မရတော့ဘူးထင်ပါရဲ့ အမှုတွေက အမှန်တွေပါဆရာ၊ ကျွန်တော်စနစ်တကျ အကွက်ဆင်ပြီး လုပ်ကြံခဲ့တာပါ၊ မျက်မြင်သက်သေမရှိတာ၊ အဲဒါကြောင့်ပါဆရာ ပြောရရင်တော့ ကျွန်တော့်မိသားစုဘ၀ပျက်ခဲ့လို့ လက်စားချေခဲ့တာပါ"

"အေး အေး အဲ့သည်လောက်ဆိုတော်ပါပြီ အသေးစိပ်အကြောင်းအရာကိုတော့ မင်းပြောချင်တဲ့အချိန်ကျမှ ငါနားထောင်တော့မယ်၊ မင်းလိုလူမျိုးက စိတ်ကြီးတတ်မှန်းငါသိတယ်၊ မင်း ငါ့ပြောခဲ့တာတွေ အတွက်လည်း ငါ့စိတ်ထဲမှာပဲထားပါ့မယ်၊ အမှုကို မထိခိုက်စေရဘူးဆိုတာ မင်းကို ငါကတိပေးတယ်"

"ကျေးဇူးတင်ပါတယ်ဆရာ ဆရာ့လိုလူမျိုးကို ကျွန်တော်ယုံပါတယ်၊ ဆရာနဲ့ အတွေ့နောက်ကျတာကိုတော့ ဝမ်းနည်းမိပါတယ်။ အပြင်မှာသာ ဆရာနဲ့ရင်းနှီးသိကျွမ်းခဲ့မိရင် ကျွန်တော်အခုလို အမှုတော့ ဖြစ်မယ်တောင်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မင်းသားလေးရေ မင်းငါ့ကို ယုံကြည်ရင် တစ်ခုထပ်မေး ဦးမယ် မင်းရည်းစားနဲ့ သေဆုံးသူမိသားစုက ဘယ်လိုတော်သလဲ"

"ဟုတ်ကဲ့ဆရာ မေးသင့်ပါတယ်၊ နှင်းဖြူက သေဆုံးသူမိသားစုနဲ့ တူမတော်ပြီး၊ မွေးစားသမီးပါ၊ အခုသူတစ်ယောက်တည်း ကျန်ခဲ့တာမို့ အမွေတွေအားလုံးသူရမှာပါ"

"အင်း တော်ပါပေတယ်၊ တစ်ချက်ခုတ်ငါးချက်ပြတ်ပေါ့ ဥပဒေဆို တာက အစတစ်စထွက်ရင် အမှုပေါ်တတ်တယ်၊ သတိထားပါ"

"ဟုတ်ကဲ့ဆရာ အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ် ကျွန်တော် နောက်ဆုံးအခြေအနေအထိ စဉ်းစားထားပါတယ် ဆရာ"

"အေးအေး အဲဒါကိုပြောချင်တာပါ လူဆိုတာ ကိုယ်မျှော်လင့် ထားတာဖြစ်မလာရင် ကိုယ့်ရော စိတ်ရော ဒုက္ခပေးတတ်တယ်၊ လောက ခံကို ရဲရဲရင်ဆိုင်ဖို့ မင်းကိုငါဆုံးမနေတာပါ၊ ငါလိုဥပဒေသမားတစ်ယောက် က အခုလိုစကားတွေမပြောသင့်မှန်း မင်းရောငါပါ သိပါတယ်"

"ဟုတ် ကဲ့ပါဆရာ"

"ဒါနဲ့ ဆရာ၊ ဆရာ့ကို ကျွန်တော်တစ်ခုလောက် အကူအညီ တောင်းချင်ပါတယ်၊ နှင်းဖြူကို ဆရာနဲ့မိတ်ဆက်ပေးချင်တယ်၊ သူလို အပ်တဲ့အကူအညီကိုလည်း ဆရာကပဲ အစ်ကိုကြီးအရာ မိဘအရာ ကနေပြီးတော့ ကူညီဆောင်ရွက်ပေးစေချင်ပါတယ်"

"ဒါနဲ့ မင်းလုပ်ခဲ့တာတွေကိုရော နှင်းဖြူသိသလား"

"သူ မသိပါဘူးဆရာ၊ သူက အလွန်ရိုးသားဖြူစင်ပါတယ်"

"အေး–အဲဒါဆိုရင်လည်း လာမဲ့တနင်္ဂနွေနေ့ ငါ့နားရက်ပဲ၊ မနက်ဖြန် ကြာသာပတေးနေ့ နှင်းဖြူထောင်ဝင်စာလာတွေ့မှာ မဟုတ် လား၊ ငါ့အိမ်က ထောင်ရှေ့မှာတင် ငါ့မိသားစုလည်း ရှိတယ် နှင်းဖြူကို ငါ့မိသားစုနဲ့ပါ ရင်းနှီးခင်မင်အောင် မိတ်ဆက်ပေးလိုက်မယ်"

"အကောင်းဆုံး အစီအစဉ်ပါပဲဆရာရယ်၊ ကျေးဇူးအလွန်တင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဆရာရှိနေတော့ ကျွန်တော်နှင်းဖြူကို စိတ်ချနိုင်ပါပြီ"

တနင်္ဂနွေ မနက် (၉) နာရီခန့်တွင် မနှင်းဖြူကျွန်တော့် အိမ်သို့ ရောက်လာသည်။ ပစ္စည်းတစ်ပွေ့တစ်ပိုက်ကြီးနှင့်ဖြစ်သည်။ ကျွန်တော်က အိမ်ပေါက်ဝမှာ ဆီးကြို၍–

"လာ–လာ မနှင်းဖြူ ပစ္စည်းတွေဘာလို့ယူလာတာလဲ၊ ဆရာတို့မှာပြည့်စုံပါတယ်၊ မိသားစုကလည်း လေးယောက်တည်းရှိတာပါ"

"ကိုထွေးအစီအစဉ်ပါဆရာ ကျွန်မကတော့ ဆရာ့သမီးလေးရှိတယ်ဆုလို့ကစားစရာနဲ့ အဝတ်အစားလေးတွေ ဝယ်လာတာပါ၊ ဆရာ လက်ခံပါနော်"

"ထိုင် မနှင်းဖြူ ဒါက ဆရာ့ဇနီး ဒေါ်ခင်မြကြွယ်၊ အမျိုးသမီး ထောင်မှူးပါ၊ ဒါကတော့ သမီးလေးဆွေဇင်၊ ခယ်မလေးကတော့ ပိတ်ရက်မို့အပြင်သွားနေတယ်"

"ဟုတ်ကဲ့ဆရာ၊ မမဆီကိုလာပါဦး သမီးလေးရယ်၊ သမီးလေးက အချောလေးပဲ"

သမီးလေးမှာ လူစိမ်းကိုကြောက်သော်လည်း မနှင်းဖြူကိုတော့ ခင်မင်ဟန်တူသည်၊ ခွေ့ခနဲပေါင်ပေါ်တက်ထိုင်တော့သည်

"ဆရာတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာလား"

"ဟုတ်ပါတယ် မနှင်းဖြူရယ် တစ်ယောက်တည်းပါ"

"နောက်တစ်ယောက်လောက်မွေးရင် ပိုကောင်းတာပေါ့၊ သမီးကလေးအဖော်ရတာပေါ့"

"မနှင်းဖြူ ညီမလေးကို မေးကြည့်ပါဦးကွယ်၊ နောက်ထပ်မောင်လေး၊ ညီမလေးယူမလားလို့"

"သမီးလေး မောင်လေးယူမလား ညီမလေးယူမလားဟင်"

"မယူဘူး"

"အော် သမီးက တစ်ဦးတည်းသောသမီး လုပ်ချင်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"မမလည်း တစ်ဦးတည်းသောသမီးကွဲ့ အရမ်းပျှင်းဖို့ကောင်းတာဘဲ"

"သမီးအသက်ဘယ်လောက်ရှိပြီလဲ"

"နားနှစ်"

"အော် ငါးနှစ်ရှိပြီကိုး၊ နာမည်ကရောကွယ်"

"ရွှေစင်"

"အပြည့်အစုံပြောလိုက်လေသမီးရဲ့"

"ရွှေစင်မြဝင်း"

"ဘယ်နှစ်တန်းရောက်ပြီလဲကွဲ့"

"နားတန်း"

"အော် အသက်ငါးနှစ်မှာ ငါးတန်းတော်လှချည်လားကွဲ့"

"သမီးက ငါးဂဏန်းကိုအရမ်းကြိုက်တယ်"

"အော် ဟုတ်သလား။ လာ သမီးလေး၊ မမ မုန့်ကျွေးမယ်နော်"

မနှင်းဖြူက မုန့်ပုံးဖွင့်၍ မုန့်ငါးခုယူပေးသည်။ သမီးလေးက "တစ်ထု၊ နှစ်ထု၊ တုံးထု၊ လေးထု၊ နားထု" ဟု ရေတွက်ပြသည်။ မနှင်းဖြူက "အော်သမီးလေးက ဂဏန်းတွေတောင် ရေတွက်တတ်နေမှဘဲ တော်လိုက်တာကွယ်"

ကျွန်ုပ်က "ကဲ . . . မနှင်းဖြူရေ အချိန်ကတော့ (၁၁) နာရီပဲရှိသေးပေမယ့် နေ့လည်စာထမင်းလက်ဆုံစားရအောင်ကွယ် . . . မနှင်းဖြူရဲ့အန်တီ မော်လမြိုင်လက်ရာဟင်းနဲ့ပေါ့"

"ဆရာရယ် . . . အားနာလိုက်တာ၊ နှင်းဖြူမစားတော့ပါဘူး"

"အားမနာပါနဲ့စားပါကွယ်၊ ဒါလည်းမောင်တင်ထွေးရဲ့ အစီအစဉ်ပါဘဲ"

သို့နှင့်ကျွန်ုပ်တို့ ထမင်းလက်ဆုံ အတူစားသည်။ မနှင်းဖြူက သမီးလေးကို ထမင်းခွံ့ကျွေးသည်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မနှင်းဖြူရေ သမီးကသူဖာသာစားတတ်နေပါပြီ၊ မနှင်းဖြူပဲ လွတ်လွတ်လပ်လပ်စားပါ"

သမီးက မဟုတ်ပြန်၊ မနှင်းဖြူခွံ့သည်ကို အားရပါးရစားနေပြန်သည်၊ သူ့အမေခွံ့သည်ကိုပင် မစားပါ။

ဇနီးက "သမီးကတော့ခက်နေပြီကွယ်။ မမ လွတ်လွတ်လပ်လပ် စားပါစေလားကွယ်"

"ဟင်း ဟင်း မမခွံ့"

သမီးကတစ်ခဏအတွင်း မနှင်းဖြူကို ခင်သလို မနှင်းဖြူက လည်း သမီးကို အလွန်သဘောကျနေသည်။ နေ့လယ်စာထမင်းဝိုင်းမှာ စိုပြေလှသည်။

နေ့လယ်စာထမင်းစားပြီးသော် မနှင်းဖြူက

"ဆရာတို့ ဘယ်သွားစရာရှိသေးသလဲ၊ နှင်းဖြူလိုက်ပို့ပါရစေ"

"ညနေတော့ မြို့ထဲက အဒေါ်အိမ်သွားဖို့ဘဲကွယ်၊ အခုတော့ စောပါသေးတယ်။ မနှင်းဖြူဘဲ ပြန်နှင့်ပါကွယ်"

"ရပါတယ်ဆရာ၊ နှင်းဖြူအားပါတယ်"

"ကဲ. . . ဒါဆိုရင်လည်း ပြင်ကြတော့ မိန်းမရေ၊ မောင်တင်သွေး ရဲ့ အစီအစဉ်နောက်တစ်ခုတိုးပြန်တာပေါ့. . ."

"ဆရာ နှင်းဖြူမေးပါရစေ၊ ကိုထွေးရဲ့ အစီအစဉ်လို့ ဆရာ ခဏခဏ ပြောနေတာ ဘာဖြစ်လို့လဲဟင်"

"ညည်းရဲ့ကိုထွေးက ဆရာတို့ မိသားစုနဲ့ မနှင်းဖြူကို ရင်နှီး ခင်မင်အောင် နေပေးပါလို့ ပြောထားလို့ဟေ့"

"အော်. . . ကိုထွေးရယ်၊ သူက နှင်းဖြူကို စိတ်မချဘူးဆရာရဲ့" အားကိုးအားထားရှိမဲ့သူ ရှိစေချင်နေတာ၊ အခုလို ဆရာတို့ မိသားစု နဲ့ ရင်းနှီးခင်မင်ရတာ နှင်းဖြူအားရှိသွားတယ်။ ကိုထွေးကလည်း တစ်ကောင်ကြွက်၊ နှင်းဖြူကလည်း တစ်ကောင်ကြွက်ပါ၊ ကိုထွေးသာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှုတွေက လွှတ်မြောက်သွားရင် အလွန်ပျော်စရာကောင်းမှာပါ ဆရာရယ်"

"ဆုတောင်းပြီး မေတ္တာပို့ပေါ့ကွယ်၊ အမှုကသက်သေမခိုင်လို့တော့၊ မောင်တင်ထွေးလွှတ်မြောက်သွားနိုင်ပါတယ်။ ဆရာကလည်း သူ့ကို သေသေဝပ်ဝပ်နေဖို့ အမြဲတမ်းဘဲ၊ ဆုံးမနေတာပါ"

ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာကိုလည်း ကျွန်မတို့ ကျေးဇူးဆပ်ဦးမှာပါ။ ဒီအမှုကို ကိုထွေးမလုပ်ဘူးလို့ ကျွန်မကတော့ ယုံကြည်နေတယ်။ ကိုထွေးက သွားလေသူမိသားစုအနွံအတာကိုခံပြီး အလွန်ရိုးဖြောင့်သူဖြစ်ပါတယ်။

"မောင်တင်ထွေးက၊ မနှင်းဖြူတို့အိမ်မှာ ဘာလုပ်တာဘဲ"

"ကိုထွေးက ဒရိုင်ဘာ၊ စက်ပြင်၊ ဥယျာဉ်မှူး၊ သန့်ရှင်းရေးအကုန်လုပ်တယ်။"

"လူယုံပေါ့နော်"

"ဟုတ်ပါတယ်၊ နှင်းဖြူတို့အိမ်က မန်နေဂျာဆိုရင်လည်း ဟုတ်ပါတယ်"

"မောင်တင်ထွေး၊ မနှင်းဖြူတို့အိမ်ကို ရောက်တာကြာပြီလား"

"(၂)နှစ်လောက် ရှိပြီထင်ပါတယ်။ သူက မာမီကြီးတို့အိမ်ကို နှင်းဖြူအရင်ရောက်နေတာပါ"

"အော် နှင်းဖြူက နောက်ကျတာကိုး"

"ဟုတ်ပါတယ်၊ နှင်းဖြူရောက်တာ (၁)နှစ်ကျော်ရှိဘဲ ရှိသေးဘယ်။ နှင်းဖြူ (၁၆) နှစ်သမီးမှာ အဖေ၊ အမေ ဆုံးတာနဲ့ မာမီကြီးက ခေါ်ပြီး မွေးစားတာပါ။ မာမီကြီးက နှင်းဖြူအမေရဲ့ အစ်မအကြီးဆုံးပါ"

"ဆွေမျိုးအရင်းအခြာတွေပဲနော်"

"မောင်တင်ထွေးနဲ့ရော မိသားစုတွေက အဆင်ပြေကြသလား"

"ပြေပါတယ်ရှင်၊ ကိုထွေးက အောက်ကျခံပေါင်းတတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့မတည့်တဲ့လူမရှိပါဘူး။ အဲ. . . အစ်ကိုကြီး ကိုတင်ထွန်းကတော့ ကိုထွေးကို အလွန်နိုင်တယ်"

"သူတို့မိသားစုက ဘယ်နှစ်ယောက်ရှိသလဲ၊ တစ်ပြိုင်တည်း ဆုံးကုန်ကြတာလား"

"မဟုတ်ပါဘူးရှင် (၁)လတစ်ခါ၊ (၂)လတစ်ခါ၊ ဆုံးကြတာပါရှင်"

"ဘယ်လိုဆုံးကြတာလဲကွ၊ အင်း ငါလဲ အမေးအမြန်းထူနေမိပြီ ထင်တယ်"

"ရပါတယ်ဆရာ၊ ကျွန်မကိုလည်း သက်ဆိုင်ရာက စစ်ဆေးလို့ ဖြေခဲ့ရပေါင်းများပါပြီ. . . ဒီလိုပါဆရာ"

"အဖေကြီး ဦးထွန်းလွင်က အဂ္ဂိရတ် ဖိုထိုးတာ ဝါသနာပါတယ် ဆရာ. . . သူဖိုရုံထဲမှာလည်း ဆေးမြစ်၊ ဆေးဝါးမျိုးစုံရှိတယ်။ အဲဒါ တစ်နေ့ ဖိုထိုးရင်း လုံပေါက်ပြီး မီးလောင်သေဆုံးရတာပါ"

"အမေကြီး ဒေါ်စောတင်ကတော့ ရောဂါသည်ဆိုတော့ မြန်မာ ဆေး၊ အင်္ဂလိပ်ဆေးမျိုးစုံ သောက်ရတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ အစာအိမ်၊ အသဲရောဂါမျိုးစုံရှိတယ်၊ အဲဒါဆေးသောက်မှားပြီးဆုံးတာပါ"

"အစ်ကိုကြီး ကိုတင်ထွန်းကတော့ အမဲလိုက်ဝါသနာပါတယ်၊ အရက်လည်း အရမ်းသောက်တတ်တယ်၊ နယ်ဘက်တောဘက်ကိုလည်း ဂျစ်ကားတစ်စီးနဲ့ အမြဲတမ်းခရီးထွက်နေတယ်၊ အဖေကြီး . . . ဦးထွန်းလွင်နဲ့တော့ မတည့်ကြဘူး။ မျက်နှာချင်းဆိုင်တာနဲ့ စကားများတော့ တာဘဲ၊ အစ်ကိုကြီးကလည်း အလွန်ဆိုးတယ်လေ၊ အဲဒါ တိုက်ကြီးဘက် တောပစ်ထွက်ရင်း ချိုးဖြူကန်လမ်းမှာ ကားမှောက်၊ ချောက်ထဲကျပြီး ဆုံးရှာတာပါ။"

"နောက်တစ်ဦးကရောကွယ်"

"နောက်တစ်ဦးက အစ်မကြီး ဒေါ်တင်ရွှေပါ၊ သူကတော့ အစား အလွန်မက်တယ်၊ သူကလည်း ပေါင် (၂၀၀) လောက်ရှိမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ အလွန်ဝတယ်၊ အဲဒါ မှိုတောက်ပြီး ဆေးရုံအပို့မှာ ဆုံးရှာတာပါ။''

''အကိုလေး ကိုတင်မြင့်ကတော့ ဆေးသမားပါ၊ ဘိန်းဖြူထိုးရင်း ဆေးလွန်ပြီး ဆုံးရှာတာပါရှင်''

''အော် အကုန်လုံး ရောဂါဘယကြောင့်မဟုတ်ဘဲ ဥပစ္ဆေဒက ကံအကြောင့် သေဆုံးကြရတာကိုး။ ဒီလိုသေဆုံးတာကို ဘာကြောင့် မောင်တင်ထွေးနဲ့ပတ်သက်ဆက်နွယ်ရတာလဲကွဲ့။''

''ကိုထွေးက အိမ်မှာနေရာတကာပါရတဲ့ မန်နေဂျာဆိုတော့ သူ့မှာတာဝန်ရှိတယ်ပေါ့ဆရာရယ်။ မိသားစုတစ်စုလုံး သေရတာ ဆိုတော့ သံသယဖြစ်တာနဲ့ တူပါတယ်။ အခုလည်း လူသတ်မှုနဲ့ ဆွဲထားပေမယ့် သက်သေကလည်း မခိုင်လုံပါဘူး။ မကြာခင်လွတ်မယ်လို့ ကျွန်မတော့ ထင်ပါတယ်''

''အေး . . . အဲသလိုဆိုရင်တော့ ကောင်းတာပေါ့ကွယ်၊ ဒါနဲ့ မောင်တင်ထွေးက စနေသားနော်၊ နောက်ပြီး ဦးထွန်းလွင်၊ ဒေါ်စောတင်၊ ကိုတင်ထွန်း၊ ဒေါ်တင်ရွှေ မောင်တင်မြင့်တို့ကလည်း စနေသားတွေဘဲ ထင်ပါရဲ့''

''ဟုတ်ပါတယ်ဆရာ၊ ထူးဆန်းလှပါတယ်။ မိသားစုတစ်ခုလုံး စနေသားတွေဖြစ်ကြပြီး ကိုထွေးကလည်း စနေသားပါ''

ဟုတ်ပါရဲ့ရှင် အဖေကြီးဆုံးတာကာက မနှစ်က တပေါင်းလ စနေနေ့၊ အမေကြီးက ဝါခေါင်လ စနေနေ့၊ မိုးတွင်းကြီး၊ အစ်ကိုကြီးက တော့ ပြာသိုလ စနေနေ့ဘဲ၊ အစ်မကြီးက ကဆုန်လ စနေနေ့ဘဲ ထင်ပါရဲ့ အစ်ကိုလေးကတော့ သီတင်းကျွတ်လ စနေနေ့ဘဲ၊ တိုက်တိုက် ဆိုင်ဆိုင်ပါဘဲရှင်၊ ဆရာမေးမှဘဲ နှင်းဖြူလည်း သတိထားမိတော့တယ်။

''ဆရာ့အတွေ့အကြုံအရ လူတစ်ဦးရဲ့ ကံကောင်း၊ ကံဆိုးတဲ့ နေ့တွေဟာ မွေးနေ့တွေဘဲ၊ အဲဒီနေ့တွေဟာ ကံကောင်း[illegible]ထက်



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုး တာပိုများတတ်တယ်။ ခုနစ်ရက်သားသမီးတွေ သေဆုံးတာဟာ သူ့ မွေးနေ့တွေမှာ အဖြစ်များတတ်တယ်။"

"ဆရာက ဗေဒင်တတ်သလားဟင်"

"မတတ်ပါဘူး၊ လေ့လာဖူးတာပါ။ ဗေဒင်ကျမ်း အတော်များများ လေ့လာဖူးပါတယ်"

"စကားကောင်းနေကြတာနဲ့ နေ့လည် (၁၂)နာရီတောင် ကျော်ပြီး အဆင်သင့်ဖြစ်ရင်သွားကြရအောင် မနှင်းဖြူရေ"

ကျွန်မတို့ မနှင်းဖြူကားကြီးနှင့် မြို့ထဲထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ကသာ အဒေါ်အိမ်တွင်ဆင်းသည် မနှင်းဖြူက မိုလ်တထောင်ဘက်သို့ ဆက်ပြန်သွားသည်။

တနင်္လာနေ့မနက်၊ ကျွန်ုပ်ရုံးထုတ်ပေးပြီး ခေတ္တအနားယူနေစဉ် မင်းသားလေးခေါ် မောင်တင်ထွေးရောက်လာသည်။

"ဆရာ မနေ့က နှင်းဖြူဆရာ့အိမ်လာတယ်မဟုတ်လား"

"အေးလာပါတယ်၊ ငါတို့အိမ်မှာပဲ၊ နေ့လည်စာ ထမင်းစား သွားတယ်"

"ဝမ်းသာလိုက်တာဆရာရယ်၊ ကျွန်တော်က နှင်းဖြူလာပြီး ဆရာတို့နဲ့တွေ့ရုံ၊ စကားပြောရုံပဲ အောက်မေ့တာ"

"ငါတို့မိသားစုနဲ့ အတော်ရင်းနှီးခင်မင်သွားသကွ၊ မင်းကိုလည်း အတော်လေး ချစ်ခင်ပုံရပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ နှင်းဖြူက အရိုးခံကလေးပါ၊ သဘော သဘာဝကောင်းပြီး စိတ်ထားမွန်မြတ်သူကလေးပါ"

"အေးကွာ၊ မင်းကံကောင်းပြီး ဒီအမှုတွေကလွတ်ရင်တော့ ဟန်ကျမှာဘဲ ငါလည်းဆုတောင်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"

နောက်ပိုင်းကျွန်ုပ်အလုပ်များနေ၍ မင်းသားလေးနှင့်မတွေ့ဖြစ်ပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူလည်း နယ်ရုံးအတွက် သွားသည်ဟု သိရသည်။ ကျွန်ုပ်အမှုများမှာ ရန်ကုန်ရုံးဖြစ်သော်လည်း ကိုတင်ထွန်း ကားမှောက်သေဆုံးသည့်အမှုမှာ တိုက်ကြီးမြို့နယ်တရားရုံးဖြစ်သည်။ တိုက်ကြီးသို့ရုံးထွက်လျှင် ထိုအချိန်က ညအိပ်ရသဖြင့် ငှင်းရဲများမအားလပ်သောကြောင့် တစ်ပတ်ဆယ်ရက်ကြာတတ်သည်။

တနင်္လာနေ့ ညနေပိုင်းတွင် မင်းသားလေး တိုက်ကြီးရုံးထွက်မှ ပြန်လာသည်။ အိပ်ဆောင်သို့ ပြန်ရောက်ရောက်ချင်း ကျွန်ုပ်အား ရုံးခန်းသို့ လာတွေ့သည်။

"ဆရာ၊ တိုက်ကြီးအမှု ကျွန်တော်နိုင်ပြီး တရားသေလွှတ်လိုက်ပြီဆရာ"

"ဝမ်းသာပါတယ်ကွာ၊ ကျန်တဲ့အမှုတွေလည်း နိုင်ပါစေ"

"ကျန်တဲ့အမှုတွေက အသေးအမွှားပါဆရာ သက်သေမရှိပါဘူး။ နိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သို့သော် သောကြာနေ့ ဗိုလ်တထောင်ရုံးထွက်တွင် မင်းသားလေးအား သေဒဏ်အပြစ်ချမှတ်လိုက်သည်။ ဦးထွန်းလွင်အား လုပ်ကြံရာတွင် လုံကွဲအတွင်းမှ ယမ်းနံ့ရပြီး ဗုံးရုံအတွင်းပေါက်ကွဲစေတတ်သော ပစ္စည်းအစိတ်အပိုင်းများ မီးလောင်သော ဓါတုဗေဒပစ္စည်းများ၏ အစိတ်အပိုင်းများအား အင်းစိန် (CID) မှ စစ်ဆေးတွေ့ရှိရသည့်အပြင် နိုင်လုံသော သက်သေတစ်ဦးပေါ်ထွက်လာခြင်းဖြစ်သည်။

၎င်းသူမှာ ကျုံပျော်မြို့မှ ဦးထွန်းလှ မင်းသားလေးအဖေ ဦးထွန်းလှအောင်၏တပည့်ဖြစ်ခဲ့သလို၊ ကွယ်လွန်သူ ဦးထွန်းလွင်၏ သူငယ်ချင်းလေးအား ကြိုးတိုက်တွင် သွားတွေ့စဉ် သူက သူ့ဘဝအား ပြောချန်တန်၍ ပြောပြတော့သည်။

မင်းသားလေးမှာ ကျုံပျော်မြို့သားဖြစ်သည်။ လွတ်လပ်ရေးပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း မွေးဖွားခဲ့သည်။ ကျွန်ုပ်အထက်တန်းကျောင်းမှ (၅)တန်း အောင်မြင်ပြီးချိန်တွင် မိခင်ဖြစ်သူ ကွယ်လွန်ပြီး၊ ဖခင်ဦးထွန်းလှအောင်၊ အသဲရောင်ရောဂါဖြစ်၍ တပည့်ရင်းဖြစ်ခဲ့သူ ဦးထွန်းလွင်နေထိုင်ရာ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းသို့ လိုက်ခဲ့ပြီး၊ ရန်ကုန်ဆေးရုံ ကြီးတွင် ဆေးကုသမှုခံယူခဲ့သည်။ ရောဂါမှာ ကျွမ်းနေသဖြင့် မပျောက်ပါ။ ထို့ကြောင့် ဦးထွန်းလှအောင်က တစ်ဦးတည်းသောသား မောင်တင်ထွေး နှင့်အဖိုးတန်ရတနာပစ္စည်းများအား ဦးထွန်းလွင်အား ပုံအပ်သည်။ (၆)လ အတွင်း ဦးထွန်းလှအောင် သေဆုံးသွားရှာသည်။

ဦးထွန်းလွင်တို့က မောင်တင်ထွေးတို့ ပစ္စည်းများအား အပိုင်သိမ်း၍ ပျဉ်ထောင်အိမ်ကလေးမှတိုက်ကြီးဆောက်လိုက်သည်။ မောင်တင်ထွေး အား ကျောင်းထားပေးသော်လည်း သူ့သားသမီးများတက်ရောက်သည့် ကျောင်းကောင်း(စိန့်ပေါလ်)တွင် မထားပါ။ ကျောင်းမှပြန်လာလျှင်လည်း ရေလောင်း၊ သန့်ရှင်းရေးလုပ်၊ အဝတ်လျှော်စသဖြင့် အိမ်စေလို ခိုင်းသည်။ အစာကျွေးတော့လည်း တန်းတူမစားရ ထမင်းပန်းကန်လေး ထဲတွင် ဟင်းများပုံ၍ တော်ရာ၌ကျွေးသည်။ နေရတော့လည်း ကားဂို ဒေါင်၊ အပေါ်ထပ်၊ ထပ်ခိုးကလေးတွင်ထားသည်။

မောင်တင်ထွေးမှာ ကျောင်းကမပြန်မီ၊ ကျောင်းက ပြန်အ ရောက် အချိန်များ၌ အထွေထွေအလုပ်များအား ခိုင်းလုပ်ရရှာသည်။ ဖခင် ဦးထွန်းလှအောင်ရှိစဉ်က ကောင်းမွန်စွာနေခဲ့ရသော်လည်း ဖခင် ကွယ်လွန်ပြီးနောက် ကျွန်လုံးလုံးဖြစ်ခဲ့သည်။ ကျောင်းထားပေး၍သာ တော် ပါသေးသည်။ မောင်တင်ထွေးက ကျောင်း၌ထူးချွန်သည်။ အတန်းထဲ၌ အမြဲတမ်းပထမရသည်။ သူက ညပိုင်းအိပ်ချိန်ကလေး အားဖြဲ၍ ည (၁၂)နာရီအထိ စာဖတ်၊ စာရေးသည်။

ဦးထွန်းလွင်တို့တွင် ယခင်က ကုန်စုံဆိုင်ကလေးသာရှိသည် ဆိုတော့ မောင်တင်ထွေးတို့ငွေများနှင့် လမ်းဘေး၌ ကားဒေါ်ဒိုရုံ

www.burmeseclassic.com



ကားပြင်စက်ရုံနှင့် ကားဆေးမှုတ်အလုပ်ရုံတို့အား ဖွင့်လှစ်ထားသဖြင့် ဝင်ငွေကောင်းလှသည်။

"ကျောင်းပိတ်ရက်များတွင် မောင်တင်ထွေးက အငြိမ်မနေ ကားပြင်စက်ရုံမှ မန်နေဂျာကြီးအား အကူအညီပေးရင်း လေ့လာသင်ယူသည်။ ထို့ကြောင့် (၇)တန်းနှစ်ရောက်သောအခါ မောင်တင်ထွေး ကားအကြောင်း အတော်နားလည်သွားသည်။ မန်နေဂျာကြီး ဦးသန်းကလည်း မောင်တင်ထွေးအား အလွန်ချစ်ခင်သည်။ ဦးထွန်းလွင်တို့ တစ်အိမ်သားလုံးကတော့ မောင်တင်ထွေးကို အလွန်နိုင်ကြသည်။ အငယ်ဆုံး (၅)နှစ် သားသာရှိသေးသည့် မောင်တင်မြင့်ကလေးကပင် လူကြီးများသင်ထားသည့်အတိုင်း အပေါ်စီးမှအနိုင်ကျင့်၍ ဆက်ဆံတတ်သည်။

အမေကြီးဒေါ်စောတင်မှာ ရောဂါသည်ဖြစ်၍ စိတ်အလွန်တိုတတ်ပြီး သူနိုင်းစေသောအလုပ်ကြာနေလျှင်ပင် ထိုင်ရာမှမထ တုတ်ကောက်ပေးရပြီး မောင်တင်ထွေးအား သားသမီးချင်းမစာနာ ကျွဲရိုက်၊ နွားရိုက်၊ ရိုက်တော့သည်။ အစ်ကိုကြီးကိုတင်ထွန်းနှင့် အစ်မကြီး မတင်ရွှေတို့ကလည်း တစ်မျိုး၊ အလုပ်ကြမ်းမျိုးစုံလုပ်နိုင်းသည့်အပြင် မေ့လျော့၍ အလုပ်ကျန်နေပါက ထမင်းစားချိန်ပင်မပေး၊ မညှာမတာ ဆက်၍ လုပ်နိုင်းတော့သည်။ မောင်တင်ထွေးဘဝတွင် ဤအိမ်ရောက်ခါမှ နေ့လယ်စာ လွတ်ပေါင်းများလှပြီ၊ အိမ်ဖော်များထက်ပင် သူ့ခမျာ ပင်ပန်းရှာသည်။

ထို့ကြောင့် နေ့လယ်စာမစားရဘဲ ပင်ပန်းသောအခါများတွင် ကလေးပီပီ တွေးမိသည်။

"ငါတို့ပစ္စည်းတွေကိုလည်း အပိုင်စီးတယ်၊ ငါ့ကိုလည်း ကျွန်ထက်ဆိုးအောင်နိုင်းတယ်။ ဒီမိသားစုကို တစ်နေ့အကန်သတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒါဇီဘာပိုင်ပစ္စည်းတွေကို အမြန်ပြန်သိမ်းမယ်''ဟု စိတ်ထဲတွင် ကြိမ်းဝါး ခဲ့လေ့ရှိသည်။

ဗိုလ်တထောင်အိမ်တွင် နေစဉ် မောင်တင်ထွေး၏ ကလေးဘဝ အမည်မှာ ဘိုနီဖြစ်သည်။ အသားနီစပ်စပ်နှင့်ကလေးအရွယ် အလုပ် ကြမ်းများလုပ်ရသဖြင့် ပိန်ကပ်ကပ် မဲကြုတ်ကြုတ်ကလေး ဖြစ်နေသည်။

တစ်နေ့တွင်ဖြစ်သည်၊ ဗိုလ်တထောင်အိမ်တွင် ရှိသည့် မာစီဒီး ကားနှင့် အစ်ကိုကြီးကိုတင်ထွန်း၏ ကားအားရေဆေးနေစဉ် အစ်မကြီး ဒေါ်တင်ရွှေက အပေါ်ထပ်ဝရံတာမှ သစ်ခွပန်းအိုးများအား ရေလောင်း ခိုင်းသည်။

''ဘိုနီ အပေါ်ထပ်ဝရံတာက သစ်ခွပန်းအိုးတွေ ရေလောင်း စမ်း''

''အစ်မကြီး ကျွန်တော်အစ်ကိုကြီး ဂျစ်ကားရေဆေးနေပါတယ်။ အစ်ကိုကြီးက အခုဘဲ တိုက်ကြီးသွားတော့မှာ''

''မရှည်နဲ့၊ ပန်းအိုးတွေအရင် ရေလောင်း၊ နင့်ငါ့ကို ဘယ်တုန်းက ပြန်ပြောဖူးလို့လဲ၊ အခုလုပ်''

''ဟုတ်ကဲ့အစ်မကြီး''

ရေပိုက်ကို အပေါ်ထပ်တင်၍ ပန်းအိုးများအား ရေလောင်းနေစဉ် သစ်ခွပန်းအိုးတစ်လုံး ပြုတ်ကျပြီး ကားဘောနက်ပေါ်မှတစ်ဆင့် ကားမှန်အားရိုက်မိပြီး ကားမှန်ရောပန်းအိုးပါ ကွဲသွားတော့သည်။ အစ်မကြီးအမြတ်တနိုးထားသည့် ကတ်တီလီးယား၊ ပန်းအိုးကြီးမှာ ကွဲအက်ကြေမွသွားပြီး သစ်ခွပန်းများလည်း ကျိုးပဲ့ကုန်သည်။ တော်သေး သည်မှာ အစ်ကိုကြီးက အိပ်ယာကမထသေး၊ အစ်မကြီးက နောက်ဖေး ဆောင်ဝင်သွား၍ ကြားလိုက်ဟန်မတူ၊ သိကြလျှင်တော့၊ ဘိုနီကလေး အသာနီအောင် အရိုက်ခံရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဘိုနီကလေး



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ ခိုးကြောင် ခိုးဝှက်နှင့် ဆင်းပြီး သူနေထိုင်ရာ ကားဂိုဒေါင်ဘက်သွား၍ အဝတ်အစားလဲ၊ ရှိစုမဲ့စု ပစ္စည်းကလေးများနှင့် စာအုပ်စာတမ်း ကျောင်းလွယ်အိတ်ကလေးကို သိမ်းပြီး အိမ်ပြင်သို့ တစ်ချိုးတည်းလစ်တော့သည်။

အချိန်မှာ မနက် (၇)နာရီကျော်ခန့်သာရှိသေး၍ အိမ်ရှေ့ကားပြင်စက်ရုံတွင် အလုပ်သမားများ မရောက်သေး၊ အိမ်တွင်လည်း အဖေကြီးက လမ်းလျှောက်ထွက်သွားသဖြင့် မရှိသေး။ အမေကြီးနှင့် အငယ်ကောင်က အိမ်ကောင်းတုန်းဖြစ်ပေမည်။

ကားဂိုဒေါင်အကျော် လက်ဘက်ရည်ဆိုင်ရှေ့အရောက်တွင် ဆိုင်ထဲမှလှမ်းခေါ်သံကြား၍ ဘိုနီတုန့်လှုပ်သွားမိသည်။

"ဘိုနီရေ ဘယ်တုန်းကွ"

အသံမှာ ကားပြင်စက်ရုံမန်နေဂျာကြီး ဦးသန်းအသံဖြစ်၍ တော်ပါသေးသည်။ ဘိုနီလက်ဖက်ရည်ဆိုင်ထဲ ဝင်သွားရာ လူရှင်း၍ အကျိုးအကြောင်းအား ပြောပြပြီး အကူအညီတောင်းရတော့သည်။

"အေး မင်းလည်း မလွယ်ပါလားကွာ၊ ဘာစားပြီးပြီလဲ၊ လက်ဘက်ရည်သောက်ဦးလေ"

"မသောက်တော့ဘူးဦးလေး၊ အဖေကြီး ပြန်လာရင် ကျွန်တော့်ကိုတွေ့သွားလိမ့်မယ်၊ မုန့်တစ်ခုတော့ စားမယ်နော်"

စားပွဲပေါ်တွင်ရှိနေသည့် အီကြာကွေးတစ်ချောင်းအား ကမန်းကတန်းစား၍ ရေနွေးတစ်ခွက်ငှဲ့သောက်နေစဉ် ဦးသန်းက–

"ရှေ့ဘိုနီ ပိုက်ဆံယူသွားပြီး အင်းစိန် ဘိုကုန်းဆိုက်ကားဂိတ်နားက ငါ့အိမ်ကို ပြေးပေတော့၊ အိမ်မှာ ငါ့ဇနီးရှိတယ်။ အကျိုးအကြောင်း ပြောပြပြီး၊ ငါလွှတ်လိုက်တယ်လို့ပြော၊ ခဏအောင်းနေပေတော့၊ မင်းအကြောင်းကို ငါပြောပြထားလို့ ငါ့ဇနီးက သိနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကကိစ္စ ငါကြည့်ရှင်းလိုက်မယ်။ ညနေ ငါပြန်လာမှ တွေ့ကြတာပေါ့။ ဟဲ . . . မင်းပြေးပေတော့” ထိုအချိန်တွင် အိမ်ပေါ်ထပ်မှ အစ်မကြီး၏ ခေါ်သံကို ကြားနေရသည်။

“ဘိုနီရေ ဘိုနီ၊ ဒီသေချင်းဆိုးလေး ဘယ်ရောက်သွားပါလိမ့်”

“ဟဲ့ . . . သေနာ၊ ဘိုနီ . . . ဘယ်မှာလဲ”

ဘိုနီအဝတ်ထုတ်လေးပိုက်၍ ပြေးပါပြီ။ လင်းစဒေါင်းမှ အင်းစိန်သို့ ပြေးသော အမှတ် (၈) ဟီးနိုးကားဂိတ်ကို သူသိသည်။ အင်းစိန် ဟီးနိုးဂိတ်မှ ဘိုကုန်းကိုတော့ ကားလိုင်းမရှိသေး၍ မေးမြန်းပြီး ကုန်းကြောင်းလျှောက်ရပေဦးမည်။ တော်ပါသေးသည်။ မနက်က ဘာမျှ မစားရသေးသော်လည်း မန်နေဂျာကြီး ကျွေးလိုက်သည့် အီကြာကွေး တစ်ချောင်းက သူ့ဗိုက်အား ဖုလုံစေပြီး အားအင်ဖြစ်စေသည်။

လင်းစဒေါင်းမှ ဟီးနိုးကားကြီးအားတက်၍စီးသည့်ဂိတ်စဖြစ်၍ နေရာရသည်။ ဟီးနိုးကားအသစ်ကြီးများဖြစ်၍မြန်သည်။ အင်းစိန်ဟီးနိုး ဂိတ်ရောက်တော့ မနက် (၉)နာရီခန့်သာရှိသေးသည်။ ကားဂိတ်အနီးမှ ကွမ်းယာဆိုင်အား မေးမြန်းပြီး လျှပ်စစ်ရုံးကြီးရှေ့မှ ဖြတ်လျှောက်ပြီး၊ ကုန်းတက်လိုက်တော့ ဘိုကုန်းသို့ရောက်ပြီး ဆိုက်ကားဂိတ်အနီးတွင် မေးမြန်းတော့ ဝါးခင်းတောင်ကျောင်းလမ်းထိပ်တွင် မန်နေဂျာ ဦးသန်း အိမ်အား တွေ့ရတော့သည်။ အိမ်တွင် ဦးသန်း၏ဇနီး၊ အဒေါ်ကြီးတစ်ဦး အားတွေ့ရသဖြင့် ဦးသန်းမှာသည့်အတိုင်း ပြောပြ၍ အကူအညီတောင်း ရတော့သည်။

အဒေါ်ကြီးက “အော် . . . ဗိုလ်တထောင်အိမ်က ဘိုနီဆိုတာ မင်းကိုး၊ လာပါငါ့သားရယ်၊ အမေတို့မှာ ကလေးလည်းမရှိပါဘူး၊ လင်မယား နှစ်ယောက်တည်းပါ။ သား လွတ်လွတ်လပ်လပ်နေနိုင်ပါ တယ်။ အမေတို့စားသလိုတော့ စားရမှာပေါ့ကွယ်။ မင်းအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးလေးက ပြောပြထားလို့ အမေသိနေပါတယ်။ ကဲ အဝတ်အစားလဲ ငါးရချိုးအမောဖြေပြီး ထမင်းစားကြတော့ပေါ့ကွယ်။

ဘိုနီက အနီးရှိ ရေတွင်းမှ ရေခပ်ပြီး စဉ့်အိုးများထဲ ထည့်သည်၊ ပြီးတော့မှ ရေခပ်ချိုးသည်။

ပြီးတော့၊ သားအမိနှစ်ယောက်နေ့လယ်စာ အတူစားရသည်။ စေတနာရှင်၏ထမင်းကို စားရသဖြင့် မောင်ဘိုနီမှာ အားပါးတရ ရှိလှသည်။ စားပြီးသား ပန်းကန်များကိုလည်း ဘိုနီက ပြောင်စင်စွာ ဆေးပေးသည်။

"အမေ . . . လျှော်စရာအဝတ်တွေရှိရင်ပေးပါ။ ကျွန်တော် လျှော်ပေးပါရစေ။ မန်နေဂျာကြီးကလည်း ကျွန်တော့်ကို ကားပညာ သင်ပေးတဲ့ဆရာပါ။ ကျွန်တော်ကျေးဇူးဆပ်ပါရစေ"

"နေပါစေကွယ်၊ အမေ့ဖာသာလျှော်ပါမယ်၊ မများပါဘူး နေ့စဉ်အမေလုပ်နေကြပါကွယ်"

"ဒီနေ့ကစပြီး အမေမလုပ်နဲ့တော့ ကျွန်တော်လုပ်ပါရစေ၊ ဒီမှာ နေရစဉ်ကာလအတွင်း အဝတ်လျှော်၊ ရေခပ်၊ ထင်းခွဲတာတွေ ကျွန်တော် လုပ်ပါရစေ၊ ထမင်းဟင်းလည်း ကျွန်တော်ချက်တတ်ပါတယ်"

"မင်းအသက်က ခုမှ ဆယ့်နှစ်နှစ်လောက်ရှိသေးတာကွယ်၊ မင်းကထမင်းချက်တတ်သလားကွဲ့"

"သာမန်လောက်ပေါ့အမေရယ်၊ ကျွန်တော်က အကုန်လေ့လာ ထားတာပါ"

"အော်ဘဝနာသူလေးကိုး။ မင်းဒီအိမ်မှာ ပျော်သလောက် နေနိုင် ပါတယ်ကွယ်"

ဘိုနီကလေးက အဝတ်လျှော်ပေးသည်။ ထင်းခွဲပေးသည်။ သောက်ရေအိုးများရေဖြည့်သည်၊ ဘုရားပန်းအိုးရေလဲပေးသည်၊ စိုက်ပျိုး



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အပင်နှင့်စားပင်ကလေးများကိုပင် ရေလောင်းပေးသေးသည်။

အခေါ်ကြီးမှာတော့ တပြုံးပြုံး။ သားတစ်ယောက် ကောက်ရထား သလို အလွန်ကျေနပ်နေဟန်ရှိသည်။

ညနေမိုးချုပ်စတွင် မန်နေဂျာကြီး ဦးသန်းအလုပ်မှ ပြန်ရောက် လာသည်။

"မောင်ဘိုနီရေ မင်းတို့အိမ်မှာတော့၊ ဝက်ဝက်ကွဲပဲဟေ့၊ မင်းကို မြေလှန်ရှာမဲ့သူနဲ့ ထွက်ပြေးတာကောင်းတဲ့သူနဲ့ ဆူညံနေတာဘဲ၊ အစ်ကို ကြီးဦးထွန်းလွင်ကတော့၊ မင်းထွက်ပြေးသွားတာကောင်းတယ်လို့ သုံးသပ် တယ်၊ ကိုတင်ထွန်းနဲ့ အကြီးမ၊ မတင်ရွှေကတော့ မင်းကို မြေလှန်ရှာ မယ်ပြောနေတယ်။"

"ငါ့အစ်ကို ဦးထွန်းလွင်နဲ့ ကိုတင်ထွန်းကလာတတ်သကွ၊ အဲဒါ ကြောင့်မင်းကို တစ်နေရာပို့မှဖြစ်မယ်"

"ကျုံပျော်ကိုလည်း မနက်ဖြန်သူတို့လိုက်သွားမယ်ကြားတယ်။ ငါ့အိမ်မှာနေတုန်းမင်းအနေအထိုင် ဆင်ခြင်၊ အပြင်မထွက်နဲ့ကြားလား" မနက်ဖြန်တောင် ကျုံပျော်သွားရင်း၊ ဝင်ချင်ဝင်လာမှာ မင်းကို ငါ့အိမ်မှာ တွေ့ရင်တော့ ငါလည်းအလုပ်ပြုတ်၊ မင်းလည်းကလေးအချုပ်ထောင် သွားရလိမ့်မယ်၊ သတိထားနော်"

"ဟုတ်ကဲ့ ဦးလေး။ ဦးလေး စိစဉ်သလို နာခံပါမယ်"

ညစာကို သုံးဦးအတူ စားကြသည်။ မိသားစုနှင့်အတူ မစားရ သည်မှာ ကြာပြီဖြစ်သော ဘိုနီခင်မျာ၊ မျက်ရည်လည်အောင်ပင် ဝမ်းသာ ပျော်ရွှင်မိသည်။ အချုပ်အနှောင်မှလွတ်မြောက်ခဲ့သူတစ်ဦးလို ခံစားရသည်။ ညအိပ်ခါနီးတော့လည်း ဘိုနီက ဘုရားဝတ်ပြုပြီးနောက် ဦးသန်းနှင့် ဒေါ်သောင်းအား ဦးချကန်တော့ပြီးမှ အိပ်ရာဝင်သည်။

ဦးသန်းမှာအကြောင်းသိဖြစ်၍ တောက်တစ်ခေါက်ခေါက်နှင့် အနို အား သနားနေသည်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



မနက်ရောင်နီလာစမှာပင် ဦးသန်းကဘိုနီအား အိပ်ရာမှနှိုးသည်။

"ဘိုနီရေ ထတော့ဟေ့၊ မျက်နှာသစ်၊ ဘုရားဝတ်ပြု၊ ပြီးရင်ငါတို့ လက်ဖက်ရည်ဆိုင်သွားမယ်၊ ပြီးတော့မင်းကို ဝါးခင်းတောင် ဆရာတော် ဘုရားကျောင်းကို ဦးလေးလိုက်ပို့မယ်၊ အဲဒီမှာ ဦးလေး လာမခေါ်မချင်း ပြန်မလာနဲ့၊ သိလားမောင်ဘိုနီ"

"ဟုတ်ကဲ့ ဦးလေး"

ဦးသန်းနှင့် မောင်ဘိုနီမျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးနောက် လက်ဘက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။ စားသောက်ကြပြီးနောက် မောင်ဘိုနီအား ဦးသန်းက ရပ်ကွက်အတွင်းရှိ ဝါးခင်းတောင်ဆရာတော် ကျောင်းသို့လိုက်ပို့သည်။ ပြီးနောက် ဆရာတော်အား လျှောက်ထားအပ်နှံ ပြီး ဦးသန်းအိမ်ပြန်သွားသည်။ မောင်ဘိုနီက ဆရာတော်အား ဝတ်ဖြည့်ပြီးနောက်၊ ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းသည်၊ သောက်ရေအိုး၊ သုံးရေအိုးများ ရေဖြည့်သည်။

နေ့လယ်စာ စားချိန်တွင် ဆရာတော်က ဆွမ်းကျန်၊ ဟင်းကျန် များကို စွန့်ကြသည်။ မောင်ဘိုနီ ဝလင်အောင်စားရပါသည်။ ဦးသန်းက တော့ ပေါ်မလာသေးပါ။

နေ့လယ်တွင် မောင်ဘိုနီအား ဆရာတော်ခေါ်သည်ဆို၍ ကျောင်းပေါ်တက်သွားရာ ဆရာတော်က မိန့်သည်မှာ –

"တကာလေးနံမည်ဘယ်သူလဲကွယ့်"

"မောင်ဘိုနီပါဘုရား"

"အသက်ကရောကွယ်"

"(၁၂)နှစ်ပါဘုရား"

"အိမ်း အိမ်း ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နိုင်တာ ဘုန်းကြီး ချီးကျူးသကွဲ့၊ အမိအဘတွေကရော ဘယ်အရပ်ကလည်းကွဲ့"

"ကျုံပျော်မြို့ကပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နံမည်တွေကရောကွယ်"

"အဘ ဦးထွန်းလှအောင်နဲ့ အမိ ဒေါ်မွေးပါဘုရား"

"မြို့လယ်ပိုင်း၊ ဈေးနားက မဟုတ်လားကွဲ့"

"တင်ပါ့ဘုရား"

"အော်. . .တကာကြီး ဦးထွန်းလှအောင်နဲ့ တကာမကြီး မမွေးတို့ သားပေကိုး"

"အရှင်ဘုရားသိပါသလားဘုရား"

"သိတာပေါ့ တကာလေးရယ်၊ ကျောင်းဆောက်၊ ဇရပ်လှူနဲ့ နံမည်ကြီးသူဌေးတွေဘဲ ဥစ္စာ၊ ခု–တကာလေးက ဘယ်နှစ်တန်းရှိပြီလဲ"

"ခုနှစ်တန်းပါဘုရား၊ အခုတော့ ကျောင်းမနေနိုင်တော့ပါဘုရား"

"အသက်က (၁၀)နှစ်ကျော်ပြီပေါ့နော်"

"တင်ပါ့ဘုရား (၁၂)နှစ်ကျော်ပါပြီဘုရား"

"ဘုန်းကြီးကလည်း ကျုံးပျော်သားပါ၊ ဒကာလေးရဲ့ မိခင်ဖခင်တွေရဲ့ဆရာတော်ပါ။ ဒီကကျောင်းထိုင်ဘုန်းကြီး၊ ပျံလွန်တော်မူတာနဲ့ တကာ၊ တကာမတွေပင့်ဖိတ်လျှောက်ထားလို့ ဒီဝါးခင်းတောင်ကျောင်းမှာပြောင်းထိုင်ရတာ (၂)နှစ်လောက်ပဲရှိပါသေးတယ်။ တကာလေး ဒီကျောင်းမှာဘဲနေပါ။ တကာကြီး ဦးသန်းလျှောက်ထားလို့ အကြောင်းစုံသိပြီးပါပြီ။ အတန်းကျောင်းလည်းတက်ပါ။ ဘုန်းကြီး၊ တကာဦးသန်းနဲ့ တိုင်ပင်ပြီး၊ တကာလေးဘဝ တိုးတက်အောင်ဆောင်ရွက်ပေးပါ့မယ်၊ ဘုန်းကြီးကျောင်း ဝေယျာ၊ ဝစ္စလည်းလုပ်ပေါ့ကွယ်"

"တင်ပါ့ဘုရား"

ညမိုးချုပ်မှ ဦးသန်း ဘုန်းကြီးကျောင်းသို့ ရောက်လာသည်။ မောင်ဘိုနီကိုတွေ့သည်နှင့်

"မောင်ဘိုနီရေ မနက်က ၇ နာရီလောက် ကိုတင်ထွန်းရောက်လာတယ်ကွဲ့၊ သူကတော့ သူ့ကားကို မနေ့ကတည်းက မှန်ပြီးသွားလို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးဘက် အမဲလိုက်ဖို့ ထွက်သွားတယ်။ မာစီဒီးကားကိုတော့ ခရိုင်းလေးကို ဦးထွန်းလွင် မမောင်းနိုင်လို့ ဦးလေးကဘဲ လိုက်မောင်းပြီး ကျုံပျော်အထိ ပို့လိုက်ရတယ်။ အတော်စိတ်ကြီးတဲ့အမျိုးသမီးတွေဘဲ၊ မင်းကိုသတ်မယ်၊ ဖြတ်မယ်၊ တကဲကဲလုပ်နေတာ၊ ကျုံပျော်မှာလည်း လိုက်မေးလိုက်တာ စုံနေတာဘဲ၊ ဦးလေး။ အခုမှ ပြန်ရောက်တာကြည့် ပေရော့"

"အစ်မကြီး ဒေါ်တင်ရွှေလား ဦးလေး"

"သူဘဲပေါ့ကွယ်၊ ဒေါ်စောတင်က ထိုင်ရာကမှ မထနိုင်တာ၊ ဒါပေမယ့် ထိုင်နေရာကနေ မင်းကိုတော့ ဆဲဆိုကြိမ်းမောင်းနေသကွဲ့"

"အဖေကြီး ဦးထွန်းလွင်ကရော ဦးလေး"

"သူက ပြီးတဲ့ဟာတွေ ပြီးပြီ၊ မင်းမရှိတော့ ပိုကောင်းတယ်လို့ဘဲ ခန၊ ခန ပြောနေတာဘဲ"

"အော် ... တကယ်ကို အကြွင်နာမရှိတဲ့ မိသားစုပါဘဲဗျာနော်၊ ဦးလေးရယ်"

"အေးကွာ အကြောင်းစုံသိတဲ့ ငါ့အတွက်တော့ အတော်စိတ်မကောင်းဖြစ်မိတယ်ဟေ့၊ မင်းဒီကျောင်းမှာဘဲ၊ လိမ်လိမ်မာမာနေပါ၊ မောင်ဘိုနီရယ်၊ ဦးလေးနဲ့ဆရာတော်ဘုရားက တာဝန်ယူပြီး မင်းကို စောင့်ရှောက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော် နာခံပါမယ်"

"နောက်တစ်ခုအရေးကြီးတာက ဗိုလ်တဲထောင်ကျောင်းက ကျောင်းပြောင်းလက်မှတ်ထုတ်ယူပြီး ဒီအင်းစိန်ကျောင်းကြီးကို ပြောင်းရမည်။ မင်းနံမည်ကိုလည်း မောင်ဘိုနီကနေ မောင်တင်ထွေးလို့ ပြောင်းရမယ်။ ဒါမှမင်းကြီးလာတာနဲ့ မင်းကိုမမှတ်မိတော့မှာ။ အဲဒီကိစ္စတွေ ငါအားလုံး လုပ်ပေးမယ်နော်၊ မောင်တင်ထွေး"

"ဟုတ်ကဲ့ပါ ဦးလေး"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲမကြော်ငြာ၊ နံမည့်ပေးကင်ပွန်းတပ်ခြင်းမရှိဘဲ မောင်ဘိုနီနံမည်မှ မောင်တင်ထွေးသို့ တစ်ထိုင်တည်း ပြောင်းလိုက်တော့သည်။ ဤသို့ဖြင့် မောင်ဘိုနီတစ်ဖြစ်လဲ မောင်တင်ထွေးကလေးကြီးပြင်းလာကော့သည်။ (၁၀)တန်းအောင်တော့ မွေးစားမိဘများမှာ အိုမင်းလာပြီဟု အကြောင်းပြကာ ပန်းရံ၊ လက်သမား၊ အကူအဖြစ်နေ့စားလိုက်လုပ်သည်။ အင်းစိန် (GTI) ကျောင်းတွင်လည်း ညနေပိုင်း ဒီပလိုမာကျောင်းတက်သည်။ မွေးစားမိဘကို ထောက်ပံ့သည်။ နေတာကတော့ ဘုန်းကြီးကျောင်းမှာဘဲ ဆက်နေသည်။ လူပျိုပေါက်အရွယ်ဖြစ်လာ၍ မောင်တင်ထွန်းမှာ တစ်သွေးတစ်မွေး ပြောင်းလဲလာသည်။ ဘုန်းကြီးကျောင်းတွင် နေ၍ တရားဘာဝနာများ မှတ်ယူနာကြားရသောကြောင့် စိတ်နှင့်ဆန္ဒမှာ နူးညံ့ပျော့ပြောင်းလာသော်လည်း မီးခဲပြာဖုံးပမာ ဖြစ်နေသော အရှုတ္တသဏ္ဍာန်မှာမူ တစ်ခါတစ်ရံ ခေါင်းထောင်ထလာ တတ်ပြီး လက်စားချေရန် အမျိုးမျိုးကြံစည်၍ စိတ်ကူးထဲတွင် ပုံဖော်နေတတ်သည်။

ဦးသန်း၏မိတ်ဆွေ ဦးအောင်ထွန်းအကူအညီဖြင့် ဘဏ်တစ်ခုတွင်အောက်တန်းစာရေးရာထူးရသည်။ ယခင်ကလို ပန်းရံ လက်သမား အလုပ်ကြမ်းမလုပ်ရတော့၍ငယ်စဉ်ကအသားနီစပ်စပ်ရှိခဲ့သောမောင်ဘိုနီ တစ်ဖြစ်လဲ၊ မောင်တင်ထွေးမှာ ရှမ်းလူမျိုးများ အသားအရည်လို ပန်းရောင်အသွေးနှင့် ယောက်ျားပီသခန့်ချောသူတစ်ယောက် ဖြစ်လာသည်။ သုံးနှစ်တက်ပြီးတော့ (GTI)ကျောင်းမှ ဒီပလိုမာဘွဲ့ရသည်။ ဘဏ်မှာလည်း အထက်တန်းစာရေးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

ပိတ်ရက်များတွင် မွေးစားဘခင်ဦးသန်းနှင့်အတူ နီးစပ်ရာအသိမိတ်ဆွေကားများအား လိုက်ပြင်ပေးလေ့ရှိရာမှ မောင်တင်ထွေး ကား မောင်း၊ စက်ပြင်၊ ကျွမ်းကျင်ပါသည်။ လိုရ မယ်ရ အမြော်အမြင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းလိုင်စင့်ကိုလည်းယူထားခဲ့သည်။ နောက်ပိုင်းမွေးစားဖခင်ကြီး မအားလပ်ပါက မောင်တင်ထွေးတစ်ဦးတည်း စက်ပြင်လိုက်ပေးလေ့ ရှိသည်။

တစ်နေ့တွင်ဖြစ်သည်။ ဦးသန်းအလုပ်မှ ပြန်လာရင်း "သားရေ . . . မိုလ်တထောင်အိမ်ကြီးက မာစီဒီးကားမောင်းဖို့ အဖေ့ကို ဒရိုင်ဘာကောင်းကောင်းရှာခိုင်းနေတယ်ကွ၊ အဲဒါ သားအသိထဲမှာများ အလုပ်လုပ်ချင်တဲ့သူရှိသလားရှိရင် ပြောစမ်းကွာ"

"အဖေ. . . လစာဘယ်လောက်ရမှာမို့လဲဗျ"

"ပုဂ္ဂလိကအလုပ်ဆိုတော့ မင်းလစာထက်တော့သာမှာပေါ့ သားရယ်"

"အဖေ သားလုပ်ချင်တယ်ဗျာ၊ အဖေပြောပေးပါလား"

"သားရယ်၊ မင်းမမှတ်သေးဘူးလား၊ ဒီအိမ်အကြောင်းကို မင်းသိရဲ့သားနဲ့ အဖေတောင်နှစ်ပေါင်းများစွာ သည်းခံပြီး လုပ်လာရတာ ဟိုသူကတစ်မျိုး၊ သည်လူကတစ်မျိုးနဲ့ စိတ်ညစ်ဖို့အလွန်ကောင်းတာ သားရဲ့ နောက်ပြီး မင်းကိုမှတ်မိသွားရင် ဘယ်လိုလုပ်မလဲ၊ အခုအလုပ်ပဲ ကောင်းပါတယ်သားရယ်။ ကြော့ကြော့ကလေးနေရတာ ဘယ်လောက် ဟန်ကျသလဲ ငါ့သားရယ်"

"အဖေရယ်၊ သားက ဒီဘဏ်စာရေးအလုပ်ကို ဝါသနာမပါဘူး ဗျ၊ သားကစက်ပြင်၊ ကားမောင်းအလုပ်ကို ဝါသနာပါတာ၊ အဖေပြောပေးပါဗျာ၊ နောက်ပြီးသားက အရင်ကလို စုတ်စုတ်ပြတ်ပြတ် ကလေးမှ မဟုတ်တော့တာ သူတို့မမှတ်မိနိုင်ပါဘူးဗျာ"

"အေး. . . အေး . . . ငါ့သားပူဆာလွန်းတော့လည်း အဖေ ပြောပေးရတာပေါ့၊ အနေအထိုင်တော့ ဆင်ဆင်ခြင်ခြင်နေရလိမ့်မယ် သားရေ"

"ဟုတ်ကဲ့ပါအဖေ၊ သားနေတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


အလုပ်ပိတ်ရက်တစ်ရက်တွင် ဦးသန်းက မောင်တင်ထွေးအား ဗိုလ်တထောင်အိမ်ကြီးသို့ ခေါ်သွားသည်။ ပထမဆုံး ဦးထွန်းလွင်နှင့် တွေ့ရသည်။ သပ်ရပ်သန့်ရှင်းခန့်ညားလှသော မောင်တင်ထွန်းအား ဦးထွန်းလွင်ကအလွန်သဘောကျသည်။ အစ်ကိုကြီးကိုတင်ထွန်းကလည်း မောင်တင်ထွေးအား မေးခွန်းအမျိုးမျိုးမေး၍ ကားကို စမ်းမောင်းခိုင်းသည် စက်ပြင်ပါတတ်ကျွမ်းကြောင်းသိရသဖြင့် ချက်ခြင်းအလုပ်ခန့်တော့သည်။ မန်နေဂျာကြီး ဦးသန်းရှာပေးသောသူဖြစ်၍လည်း သူတို့ စိတ်ချယုံကြည်ကြသည်။ သို့သော် ဘဏ်အလုပ်ကထွက်ရန်ရှိသေး၍တစ်ပတ်ခန့်တွင် ခွင့်တောင်းပြီးမှ အလုပ်ဝင်ရန် ညှိနှိုင်းသဘောတူကြသည်။

ထိုနေ့က ညှိနှိုင်းပြီးသော်လည်း မောင်တင်ထွန်းက မပြန်သေးဘဲ အစ်မကြီးဒေါ်တင်ရွှေ ဈေးဝယ်ခြင်း၊ ညီလေးမောင်တင်မြင့်အား ကျူရှင်ပို့ခြင်း၊ ညနေပိုင်းတွင် အဖေကြီး ဦးထွန်းလွင်အား ဆေးခန်းပြခြင်း၊ အမေကြီး ဒေါ်စောတင်အတွက် ဆေးဝယ်ပေးခြင်းအမှုများကို နမူနာလုပ်ပြခဲ့သဖြင့် အစ်ကိုကြီးကိုတင်ထွန်းက မောင်တင်ထွေးအား မုန့်ဘိုး (၅၀၀)ကျပ်ပင် ချီးမြှင့်ခဲ့သည်။ သူတို့ မိသားစု မောင်တင်ထွေးအား ဘိုနီအဖြစ်လုံးဝမမှတ်မိတော့ခြင်းဖြစ်သည်။

ညနေစောင်းမှ သားအဖနှစ်ဦးအိမ်သို့အတူ ပြန်ခဲ့ကြသည်လမ်းတွင် ဦးသန့်က . . .

"သားရေ မင်းကိုသူတို့အလွန်သဘောကျကြသကွ၊ မင်းရုပ်ရည်နှင့် ကားမောင်းကျွမ်းတာကိုလည်း အလွန်ချီးမွမ်းကြတယ်။ လစာကိုလည်း ပိုပေးမယ်လို့အဖေကိုပြောလိုက်တယ်။ မင်းက စက်ပြင်တတ်တော့ ပိုအဆင်ပြေတာပေါ့ကွ"

"ဟုတ်ကဲ့အဖေ၊ သားကြိုးစားပါ့မယ်၊ အားချိန်မှာအဖေကိုလည်း ကူလို့ရတာပေါ့၊ အဖေက အသက်ကြီးပြီလေ"

"အေးပါသားရယ် သာဓု၊ သာဓု . . . သာဓုပါ"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွေး ဘဏ်စာရေးအလုပ်မှ တစ်ပတ်အတွင်း နုတ်ထွက်ခွင့်ရအောင်အတော်ကြိုးစားရသည်။ အထက်တန်းစာရေးဖြစ်၍ ဘဏ်လူကြီးများက မောင်တင်ထွေးအား နှမြောကြသည်။ မန်နေဂျင်း အဆင့်အထိ တိုးတက်နိုင်သောသူဖြစ်၍ အမျိုးမျိုးနားချ၍ ထားကြပါသေးသည်။ သို့သော် မောင်တင်ထွေးက ယောက်ျားပီပီ ဆုံးဖြတ်ပြီးသော ကိစ္စဖြစ်၍ မပြင်တော့ပါ။

တစ်ပတ်ပြည့်ပြီးနောက်တစ်ရက်တွင် မောင်တင်ထွေး ဗိုလ်တထောင်အိမ်တွင် အလုပ်ဝင်သည်။ အိမ်သားများ သွားစရာ ကိစ္စရှိ/မရှိ မေးမြန်းပြီးနောက် အားသည်ဆိုသည်နှင့် အပေါ်အင်္ကျီချွတ်၊ လုံချည်ဟောင်းကလေးလဲကာ၊ မာစီဒီကားနှင့် ဂျစ်ကားအား အသေအချာ ရေဆေး၊ အတွင်းအပြင် သန့်ရှင်းရေးလုပ်၊ ကားအောက်ဝင်၍ အောက်ပိုင်းစစ်ခြင်း၊ အလုပ်များကို လုပ်တော့သည်။ လိုအပ်သည် များကိုလည်း ဝပ်ရှော့ရှိနေ၍ ချက်ခြင်းလုပ်သည်။ ကားများမှာ ပြောင်လက်သန့်ရှင်းပြီး ခိုင်မာသွားသဖြင့် အစ်ကိုကြီး ကိုတင်ထွန်းက ဆုချပြန်သည်။ အဖေကြီး ဦးထွန်းလွင်ကလည်း ဆုချသည်။

ကိုတင်ထွန်း "ရော့ညီလေးမောင်တင်ထွေး၊ မင်းအတွက် မုန့်ဘိုး အစ်ကိုကြီးက (၅၀၀)ကျပ်၊ အဖေက (၅၀၀)ကျပ် တစ်ထောင်ပေါ့ကွာ၊ ငါက ကားကိုအဲသည်လိုသန့်ရှင်းသပ်ရပ်နေမှကြိုက်တာ၊ အရင်ဒရိုင်ဘာတွေတုန်းက တစ်ပတ်နေလို့ရေတစ်ခါမဆေးချင်ကြဘူး။ အောက်ပိုင်းစစ်ဖို့တော့ ဝေးရော၊ မင်းကစက်ပြင်ပါတတ်တော့ ဟန်ကျတယ်ကွာ"

အရပ် (၆)ပေနီးနီးရှိန်ခန္ဓာကိုယ်အချိုးအဆစ်တောင့်တင်းပြီး ပန်းရောင်အသားအရေရှိသော မောင်တင်ထွေးအားကြည့်ကာ အစ်ကိုကြီး ကိုတင်ထွန်းကအလွန်သဘောကျနေသည်။ အငယ်ကောင် မောင်တင်မြင့်ကလေးကလည်း မောင်တင်ထွေးနားကမခွာတော့ ကျောင်းသွားကျောင်းပြန် အစ်ကိုကြီးကိုတင်ထွန်းလိုက်ပို့သည်ကိုမကြိုက်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွေးလိုက်ပို့ရန် ပူဆာတတ်သည်။

မောင်တင်ထွေးက ဤမျှနှင့်မနေ အစားကောင်းကြုံကြိုက်၍ ကိုယ်တိုင်စျေးဝယ်တတ်သော အစ်မကြီးဒေါ်တင်ရွှေစျေးဝယ်ရာ နောက်သို့လည်း ဆွဲခြင်းဆွဲ၍ တစ်ကောက်ကောက်လိုက်တတ်သေးသည်။ အကြိုက် ဆောင်၊ အလိုက်အထိုက်ပြောတတ်၊ ဆိုတတ်သဖြင့် ဟင်းကောင်းဖြင့် ထမင်းစားရသည့်အပြင် နေ့စဉ်ရနေတတ်သော မုန့်ဘိုးကလစာနီးနီးပင် ရှိလာသည်။ အမေကြီး ဒေါ်စောတင်နှင့်လည်း တည့်အောင်ပေါင်းသည်။ အိမ်ဖော်များ မအားလပ်လျှင် ကိုယ်တိုင် ဆေးတိုက်ခြင်း၊ အစားအစာပို့ခြင်း၊ အခန်းအား ရှင်းလင်းမေးမြန်းခြင်း နှိပ်နယ်ပေးခြင်း၊ ဆေးလိပ်ပေးခြင်းကိုပင် ပြုတတ်သည်။ ထို့ကြောင့် အမေကြီး ဒေါ်စောတင်ကလည်း အားကျမခံ လမ်းစရိတ်ဆိုပြီး မုန့်ဘိုး ပေးတတ်ပြန်သည်။

မောင်တင်ထွေးမှာ အားလပ်သည်နှင့်အဖေကြီး ဦးထွန်းလွင်၏ ဗိုရုံအား သန့်ရှင်းရေးလုပ်ပေးခြင်း၊ ဗိုဆွဲပေးခြင်းများပြုလုပ်သည့်အပြင် အဖေကြီးစပ်ခိုင်းသော ဆေးအမျိုးအစားများအား ကြေးချိန်ခွင်ကလေးနှင့် အတိအကျချိန်၍ စပ်ပေးလေ့ရှိသည်။

ထို့အပြင် ဝပ်ရှော့သို့သွား၍လည်း အသက်ကြီးလှပြီဖြစ်သော မွေးစားဖခင် ဦးသန်းအား ကူညီလုပ်ဆောင်ပေးပြန်သည်။ ဖယ်ဆက် သလို အနားမနေဘဲ၊ လုပ်တတ်၊ ကိုင်တတ်သော မောင်တင်ထွေးအား ဗိုလ်တထောင်အိမ်တစ်အိမ်လုံးက တစ်နေ့တစ်ခြား အားလုံးစိတ်ချလာကြသည်။ နေရာတွင်း မောင်တင်ထွေးမပါလျှင် မပြီးတော့၊ တစ်ခါတစ်ရံ မောင်တင်ထွေးစဉ်းစားမိသည်။ ယခုအခါကာလများက ဤအိမ်သားများ ယခုလိုသာ သဘောကောင်းကြလျှင် သူ့အနေဖြင့် ကျေးဇူးရှင်များအဖြစ် တစ်သက်လုံးကျေးဇူးဆပ်သွားမည်ဖြစ်သည်။ ယခုတော့ ဇာတ်ရာဟောင်း ကအနာကျက်သွားသော်လည်း ဖုထစ်သော အနာရွတ်က သေဆုံးသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ စွဲမြဲစွာ ကျန်ရှိနေတော့မည်ဖြစ်သည်။

ဤသို့ဖြင့် နှစ်ပေါက်လာခဲ့သည့် မောင်တင်ထွေးမှာ တစ်အိမ်လုံး၏ မန်နေဂျာဖြစ်လာသည်။ တစ်နေ့တွင် အစ်ကိုကြီး ကိုတင်ထွန်းက မောင်တင်ထွေးအား –

"ညီလေးရေ၊ မင်းလည်းဒီအိမ်မှာလုပ်လာတာ နှစ်ပေါက်သွားပြီ၊ အင်းစိန်က ဒီကိုအလုပ်ဆင်းရတာ ပင်ပန်းပါတယ်ကွာ၊ ဒီမှာပဲလာနေပါတော့၊ ကားကိုဒေါင်နှစ်ထပ်ဆိုတော့ အပေါ်ထပ်မှာ အကျယ်ကြီးပါ၊ မင်းသဘောကျ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်။ အစ်ကိုကြီးကနယ်ထွက်နေရင်၊ နောက်ပိုင်းအိမ်ကို စိတ်မချဘူးဖြစ်နေရတယ်။ အဖေ၊ အမေက အသက်ကြီးပြီကွ၊ အမေက ရောဂါသည်။ ဟိုတစ်ပတ်ကတောင် ညဘက်ကြီးနလုံးအောင့်လို့ ဆရာဝန်ခေါ်ပြရသေးတယ်။ ဆေးရုံတင်ရမဲ့ကိစ္စမျိုးဆို၊ ယောကျ်ားတစ်ယောက်အနီးမှာ ရှိမှဖြစ်မှာကွ၊ မင်းလည်းအိမ်သားတစ်ယောက်လိုဖြစ်နေပါပြီကွာ၊ ဒီပြောင်းလာခဲ့ပါတော့၊ အစ်ကိုကြီးတို့က ညီလေးကိုလစာတိုးပေးပါ့မယ်။

ညအပြန် အင်းစိန်အိမ်အရောက်တွင် မွေးစားမိဘများနှင့် တိုင် ပင်တော့သည်။ သူတို့လည်း အသက် (၆၀)ကျော်လာပြီဖြစ်သည်။ သို့သော် ကျန်းမာရေးက ကောင်းကြသည်။ မောင်တင်ထွေး၏ လစာငွေအား စုဆောင်း၍ လုံခြုံသောနှစ်ထပ်ပျဉ်ထောင်အိမ်ကလေးလည်း ဆောက်ပြီးဖြစ်သည်။

ဦးသန်းက . . . "သားသဘောပါကွာ၊ မိသားစု ခွဲနေရတော့ မင်းအမေက စိတ်မကောင်းဖြစ်နေရှာတယ်။ ဟိုအိမ်မှာကလည်း မင်းမရှိရင်မဖြစ်တော့ဘူး"

မိခင် . . . "သားရယ်၊ သားတို့နဲ့အမေ့မှာ ညပိုင်းကြမှ တွေ့ ရတာပါ။ နေတိုင်းတွေ့နေရတော့ အမေဖြေသာပါတယ်။ အခု ဟိုမှာ သွားနေရမှာဆိုတော့ သားနဲ့နေ့တိုင်းတွေ့ရတော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''အမေရယ်၊ သားတစ်ပတ်တစ်ခါ၊ အနားတောင်းပြီး ပြန်လာပါ့မယ်၊ ဒီအိမ်မှာ အမေတို့ အဖေတို့နဲ့ တစ်နေ့လုံး တစ်ညလုံး နေမှာပါ။ နောက်ပြီး အဖေနဲ့လည်း နေ့တိုင်းတွေ့နေရတာဘဲ၊ စိတ်မကောင်းမဖြစ်ပါနဲ့ အမေရယ်၊ ဟိုမှာက အစ်ကိုကြီးက ရှိခဲ့တယ်။ အဖေကြီး၊ အမေကြီး၊ တို့က အသက်ကြီးပြီး ကျန်းမာရေးမကောင်းကြတော့ဘူးလေ''

''အင်း ဒါလည်း ဟုတ်ပါတယ်ကွယ်၊ မင်းအဖေပြောသလို သားသဘောကျဆောင်ရွက်ပါတော့ကွယ်''

ထိုညက မိသားစု ထမင်းလက်ဆုံစားသော ဝိုင်းကလေးမှာ မစိုပြေ၊ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ ယခင်ညများက စား၍မကောင်းကြပါ။ သံယောဇဉ်ဆိုသည်မှာ နီးစပ်မှုသဘောပင် ဖြစ်သည်။ မိသားစုကလေးတစ်ကွဲ၊ တစ်ပြားနေရမှာကို အားလုံးစိုးရိမ်ပူပန်နေမိ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နောက်တစ်နေ့မနက်တွင် မောင်တင်ထွေး ဗိုလ်တထောင်အိမ်သို့ ပြောင်းတော့သည်။ အဝတ်သေတ္တာနှစ်လုံး၊ အသုံးအဆောင်သေတ္တာ တစ်လုံး၊ စာအုပ်စာတမ်းထည့်သော အိတ်ကြီးတစ်လုံးနှင့် ပစ္စည်းများက မနည်းပါ။ ဗိုလ်တထောင်အိမ်ကြီးက ထွက်လာစဉ်တုန်းကတော့ အဝတ်ထုပ်ကလေးတစ်ခုနှင့်သာဖြစ်သည်။ ပစ္စည်းများ၍ TAXI ငှားရသည်။

ဗိုလ်တထောင်အိမ်မှ ကားဂိုဒေါင်အပေါ်ထပ်မှာလည်း ပေ(၂၀') ပတ်လည်ဖြစ်သဖြင့် တစ်ကိုယ်ရေ တစ်ကာယ သမားများအတွက် အတော်ကျယ်ဝန်းသည်။ အိပ်ယာကုတင်နှင့် စာရေးစားပွဲများ အသင့်ရှိသည်။ အလင်းရောင်ရရန်အတွက်လည်း ပြတင်းပေါက်များ၊ အပြည့်အစုံရှိသည်။ လျှပ်စစ်မီးနှင့်မျက်နှာကျက်ပန်ကာပင် တပ်ဆင်ထားသည်။ အစ်ကိုကြီးကိုတင်ထွန်း၏ အမဲလိုက်သော ပစ္စည်းများ ထားသိုသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းဖြစ်ဟန်တူသည်။ ကျည်ဆံခွံများ၊ မပေါက်သော Mss Fire ကျည်ဆံများ၊ အမဲလိုက်ဓါးအမျိုးမျိုးနှင့် ရေဗူး၊ ဓါးပတ်များ၊ တရိစ္ဆာန်ခွံများအား ဘီရိုကြီးတစ်လုံးတွင် စုရုံထည့်ထားသည်ကို တွေ့ရသည်။

အစ်ကိုကြီးကိုတင်ထွန်း "ဦးလေးရေ မင်းသဘောကျနေပေတော့၊ မင်းကို အခန်းအပ်လိုက်ပြီ၊ ငါ့ပစ္စည်းဟောင်းတွေ ရှုပ်နေရင်လည်း၊ အိမ်အောက်ထပ် မီးဖိုခန်းနားက စတိုခန်းထဲ ထည့်လိုက်တော့ကွာ"

"ရပါတယ်၊ အစ်ကိုကြီး အခန်းက ကျယ်ပါတယ် ကိစ္စမရှိပါဘူး"

"အေး. . . အေး. . .မင်းသဘောဘဲ၊ ကြိုက်သလိုလုပ်ပေတော့ . . ညီလေးရေ"

အိမ်ပြောင်းပြီး တစ်လခန့်အကြာ အိမ်သားအားလုံး၏ ယုံကြည်မှုကိုရပြီးနောက် "ငုပ်"စိတ်ကလေးက ပြန်ပေါ်လာပြန်သည်။ ညပိုင်းအားလပ်ချိန်များတွင် မိသားစု မျိုးသုဉ်းစစ်ဆင်ရေးအတွက် အကွက်ချစီစဉ်နေတတ်သည်။ ကောင်းသည့်စိတ်ဘက်မှလည်း သူတို့အသက်ကြီးလို့ အသိတရားရနေကြပါပြီ။ ငါ့အပေါ်လည်းကောင်းကြသားဘဲ၊ ငါ့အစီအစဉ်တွေဖြတ်မှတော်မယ်ထင်ပါရဲ့ဟု စဉ်းစားမိပြန်သည်။

"ငါ၊ ဘိုနီမဟုတ်ဘူးထင်လို့၊ သူတို့ကောင်းကြတာ၊ ငါဟာ ယောကျ်ားဘဲ၊ ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး။ ငါ့မိဘပိုင်ပစ္စည်းတွေကို သူတို့မတရားသိမ်းထားတာ၊ ငါပြန်ယူရမယ်၊ ပြီးတော့ ငါ့အဖေအတွက်နဲ့ ငါ့အတွက် တစ်အိမ်သားလုံးကို လက်စားချေရမယ်"

ထိုသို့ ချီတုံ၊ ချတုံဖြင့် စိတ်နှစ်ခွဖြစ်နေစဉ် ကျုံပျော်မြို့မှ အမေကြီး ဒေါ်စောတင်၏ညီမဖြစ်သူ၊ ဒေါ်စောခင်ကွယ်လွန်သဖြင့် အသုဘကိစ္စသွားရန်အကြောင်းပေါ်လာသည်။ အမေကြီးဒေါ်စောတင်မှာ ညီမအရင်းကိစ္စဖြစ်သော်လည်း မလိုက်နိုင်၊ နှလုံးရောဂါက ပြန်ထပြီး ဆရာဝန်နှင့်နေ့တိုင်းပြနေရသည်။ အဖေကြီး ဦးထွန်းလွင်ကတော့လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးဒေါ်စောတင်ကို စိတ်မချပြန်။ ထို့ကြောင့် မောင်တင်ဇထွေး ကိုထားခဲ့ပြီး ဂျစ်ကားနှင့်မောင်နှမနှစ်ယောက်သွားကြသည်။

တစ်ပတ်ခန့်ကြာတော့ ပြန်ရောက်လာကြသည်။ ဧည့်သည်များလည်း ပါလာသည်။ ဖြူဖြူချောချောကောင်မလေးတစ်ယောက်နှင့် အဘိုးကြီးတစ်ယောက်ပါလာသည်။ မောင်တင်ထွေးက ပစ္စည်းများသယ်ပေးနေစဉ် ကောင်မလေးနှင့်အဘိုးကြီးက မောင်တင်ထွေးအား ကွက်ကြည့် ကွက်ကြည့်လုပ်နေသည်။ မောင်တင်ထွေးကတော့ သူတို့ကို မသိ၊ မမှတ်မိပါ။

အဘိုးကြီးက မေးလာသည်–"မင်းဘိုနီမဟုတ်လား၊ ငါကျုပ်ပျော်က ဦးထွန်းလှလေကွာ၊ မင်းအဖေဦးထွန်းလှအောင်ရဲ့တပည့်ပေါ့"

မောင်တင်ထွေးက ဘာမှပြန်မပြောဘဲ မျက်စေ့မျက်နှာပျက်သွားစဉ် အစ်ကိုကြီးကိုတင်ထွန်းက ဝင်ပြောသည်။

"ဦးလေးဦးထွန်းလှ၊ သူက ဘိုနီမဟုတ်ဘူးဗျ၊ မောင်တင်ထွေးလို့ခေါ်တယ်။ ဒီအိမ်ကမန်နေဂျာပါ"

"အော်. . .အေး. . .အေး. . . ငါက ငယ်ရုပ်ဖမ်းပြီး မေးမိတာပါကွာ၊ စိတ်မရှိနဲ့နော်၊ မောင်တင်ထွေး"

"ဟုတ်ကဲ့ပါဦးလေး၊ ကျွန်တော်စိတ်မဆိုးပါဘူး၊ ဒါနဲ့ဘိုနီဆိုတာက ဘယ်သူလဲ၊ ကျွန်တော်နဲ့ တူလို့လား"

အစ်ကိုကြီး " ညီလေးနဲ့ မတူပါဘူးကွာ၊ ဟိုကောင်လေးက စုတ်စုတ်ပြတ်ပြတ် ပိန်ကပ်ကပ်ကလေးပါ။ အရင်တုန်းက အစ်ကိုကြီးတို့က အဲဒီကလေးကို မွေးစားခဲ့ဖူးတယ်။ အိမ်ကထွက်ပြေးသွားတာလည်းကြာပါပြီ၊ ဦးလေးဦးထွန်းလှက ဘိုနီ ဒီမှာရှိနေသေးတယ်အထင်နဲ့ ညီလေးကို လူမှားနေတာပါ"

ဦးထွန်းလှ "စိတ်မဆိုးနဲ့နော် ငါ့တူ၊ ဦးလေးက လူမှားပြောမိတာပါ"

www.burmeseclassic.com



"လူမှားတာဘဲ၊ စိတ်ဆိုးစရာမဟုတ်ပါဘူး ဦးလေးရယ်" အစ်ကိုကြီး ကိုတင်ထွန်းက ကောင်မလေးနှင့် မိတ်ဆက်ပေးပြန်သည်။

"သူကတော့ အမေ့ညီမ သမီး မနှင်းဖြူတဲ့၊ သူ့အဖေဆုံးသွားတာတော့ ကြာပါပြီ၊ အခုသူ့အမေပါ ဆုံးသွားတာနဲ့ တစ်ကောင်ကြွက်ဖြစ်နေလို့ ခေါ်လာရတာ၊ အစ်ကိုကြီးညီမဝမ်းကွဲပေါ့ကွာ၊ သူကဒီမှာဘဲ နေတော့မှာ ညီလေးရေ မင်းလည်း မင်းညီမလေးလိုသဘောထားပြီး စောင့်ရှောက်ပေါ့ကွာ"

"ဟုတ်ကဲ့ပါအစ်ကိုကြီး။ ညီမလေးကလည်း မှတ်ထားပါ၊ အကိုနံမည် ကိုတင်ထွေးတဲ့"

"ဟုတ်ကဲ့ပါ အစ်ကို"

ညနေစာထမင်းဝိုင်းမှာလည်း ရင်းနှီးခင်မင်စေရန်မောင်တင်ထွေးကိုပါ ခေါ်၍ ထမင်းစားကြသည်။ မိသားစုတွေ့ဆုံကြ၍ အလွန်ပျော်ရွှင်ကြည်နူးကောင်းသော ထမင်းဝိုင်းဖြစ်သည်။

မနှင်းဖြူမှာ (၁၀)တန်းဖြေပြီးစ၊ ကျောင်းသူတစ်ဦးဖြစ်သည်။ (၁၀)တန်းအောင်လျှင် တက္ကသိုလ်ဆက်တက်ရမည်ဖြစ်သည်။ တစ်ဦးတည်းသောသမီးဖြစ်၍ မောင်တင်ထွေးကို ခင်ရှာသည်။ မောင်တင်ထွေးကလည်း တစ်ဦးတည်းသောသားဖြစ်၍ ညီမလေးလို ခင်ပါသည်။

ယခင်က မောင်တင်ထွေးမှာ မိသားစုထမင်းဝိုင်းသို့ တစ်ခါတစ်ရံသာ ဝင်ရောက်စားတတ်ပြီး ကားဂိုဒေါင်အပေါ်ထပ်တွင် စားသည်ကများသည်။ ယခုတော့ မနှင်းဖြူ ခူးခပ်ကျွေးသောထမင်းကို နေ့စဉ်၊ ညစဉ် မိသားစုနှင့်အတူ စားနေရတော့သည်။

မနှင်းဖြူ အိမ်ရောက်လာသည့်နေ့မှစ၍ အစ်ကိုကြီး ကိုတင်ထွန်းက အပြင်ထွက်တာများလာသည်။ မောင်တင်ထွေးနေသော အခန်းမှာ လက်နက်ပစ္စည်းများထားသောအခန်းဖြစ်၍ နှစ်လုံးပြူးကျည်ဆံများ ယမ်းစပ်ရာတွင် ကိုတင်ထွန်းက မောင်တင်ထွေးအား သင်ပေးလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ထို့အပြင် သေနတ် အစိတ်အပိုင်းများ ဖြုတ်၊ တပ်၊ ဆေးကြော ခြင်း၊ သေနတ်ပစ်ခြင်းများကိုလည်း သင်ပေးတတ်သည်။ ထိုအချိန်က နှစ်လုံးပြူးကျည်ဆံရှားသဖြင့် ပစ်ပြီးသား ကျည်ဆံခွံများအား နောက်ပိတ် ပြုပြင်၊ ယမ်းစပ်၊ ခဲသီးထည့်၍ အသုံးပြုရသော အချိန်ဖြစ်သည်။

ကိုတင်ထွန်းက "ညီလေးမှတ်ထားကွ၊ နှစ်လုံးပြူးယမ်းတောင့် လုပ်ရင် ယမ်းတောင့်နှစ်မျိုးလုပ်ရတယ်။ စရိတ်ကျည်နဲ့ ကျည်မကြီးဘဲ၊ စရိတ်ကျည်က ခဲသီးသေးသသေးတွေထည့်ပြီး ငှက်ပစ်၊ ကြက်ပစ်၊ ကျည်ပေါ့၊ ယမ်းအားလည်းပျော့တယ်။ ကျည်မကြီးကတော့ ခဲသီး (၆)လုံး (၉)လုံးထည့်ပြီး ယမ်းအားပြင်းပြင်းနဲ့ စပ်ရတာ။ တောကောင်ကြီး ပစ်တာပေါ့ကွာ၊ တစ်နေ့ မင်းကိုတောထဲခေါ်သွားဦးမယ်၊ လက်တွေ့ အမဲလိုက်သင်တန်းပေးရဦးမယ်။ ယောက်ျားဆိုတာ ဘက်စုံတတ်ရတယ်ကွ၊ တိုင်းပြည်အတွက်လိုအပ်လာရင် တစ်တပ် တစ်အားပေါ့ကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး ကျွန်တော်အားတဲ့နေ့ လိုက်ခဲ့ပါ့မယ် ခင်ဗျား"

နောက်ပိုင်းတွင် အစ်ကိုကြီး ကိုတင်ထွန်းက မောင်တင်ထွေးအား ကျည်တောင့်ပြုပြင်၍ ယမ်းစပ်ခိုင်းတော့သည်၊ မောင်တင်ထွေးကလည်း ဉာဏ်ကောင်းသူဖြစ်၍ စနစ်တကျ အချိုးကျစပ်ပေးလေ့ရှိသည်။

(၁၀)တန်းအောင်စာရင်းများထွက်တော့၊ မနှင်းဖြူ (၁၀)တန်း အောင်သည်။ ကျောင်းကိစ္စ၊ အိမ်ကိစ္စများကြောင့် မနှင်းဖြူ ကျုံပျော် ပြန်ရန်ဖြစ်လာရာ၊ အစ်ကိုကြီးကိုတင်ထွန်းမအား၍ မောင်တင်ထွေး က လိုက်ပို့ရသည်။ ထိုစဉ်က ကျုံပျော်၊ ရန်ကုန်နေ့ချင်းပြန်မသွားနိုင်၍ ကျုံပျော်တွင် တစ်ညအိပ်ရသည်။ မနှင်းဖြူတို့ ကျုံပျော်အိမ်ကြီးတွင် ဦးထွန်းလှနှင့်ဆုံပြန်သည်။ ဦးထွန်းလှကတော့ မောင်တင်ထွေးအား ဘိုနီဟုပင် ထင်မြင်နေပုံရသည်။ မောင်တင်ထွေးအနေဖြင့် မွေးရာဇာတိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ငယ်ပေါင်းများ၊ ဆွေမျိုးများနှင့်တွေ့မည်စိုး၍ မြို့တွင်းက ပင် အိမ်ပြင်မထွက်ဝံ့ပါ။

ညအိပ်ခရီးဝေးသွားရသဖြင့် မောင်တင်ထွေးနှင့်မနှင်းဖြူတို့ ပိုမို ရင်းနှီးကျွမ်းဝင်လာကြသည်။ ရန်ကုန်ပြန်ရောက်တော့လည်း မောင် တင်ထွေးနှင့် မနှင်းဖြူတို့ ပူးတွဲ၍ တက္ကသိုလ်ဆက်တက်ရန် စီစဉ်ရပြန် သည်။ မနှင်းဖြူ မြန်မာစာအဓိကဖြင့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရသည်။ ကျောင်းပို့ကျောင်းကြိုမောင်တင်ထွေး၏ တာဝန် ဖြစ်လာပြန်သည်။ တက္ကသိုလ်ပထမနှစ်လည်တွင်ပင် မောင်တင်ထွေး နှင့်မနှင်းဖြူတို့ ချစ်သူများဘဝရောက်ကြသည်။

ညပိုင်းအိပ်စက်အနားယူချိန်များတွင် မောင်တင်ထွေး နဖူးပေါ် လက်တင်၍ အိပ်မပျော်နိုင်ဘဲ စဉ်းစားနေမိသည်။ မိမိတွင်လည်း သံယောဇဉ်အစွယ်အပွားလေးရှိလာပြီး မိသားစုကလည်း သူ့အပေါ် ကောင်းမွန်ကြသဖြင့် ငုင်းကြဲစည်နေသော လက်စားချေရေးလုပ်ငန်းကြီး အား စွန့်လွှတ်ရန်ဖြစ်သည်။ တစ်ဘက်ယောက်ျားစိတ်အတွေးမှလည်း စနစ်တကျအကွက်ချ၍နှစ်ပေါင်းများစွာ စီစဉ်လာခဲ့သော စီမံကိန်းကြီး အား စတင်အကောင်အထည်ဖော်ရန် တိုက်တွန်းနေပြန်သည်။ ဘုန်းကြီး ကျောင်းတွင် နှစ်ပေါင်းများစွာနေခဲ့သောကြောင့် ဘာသာတရားကို ကိုင်းရှိုင်းသော မောင်တင်ထွေး၏ပင်ကိုယ်စိတ်က နူးညံ့ပျော့ပျောင်း လှသဖြင့် နောက်ဆုံးကောင်းသောစိတ်ဘက်မှ အနိုင်ရပြီး အိပ်ပျော်ခြင်း သို့ ရောက်သည်။

တစ်နေ့ညနေပိုင်းဖြစ်သည်။ မနှင်းဖြူအတန်းစောဆင်းရသဖြင့် မောင်တင်ထွေးနှင့်အတူ ပြန်လာကြစဉ် ဧည့်ခန်းတွင်းသို့အရောက် အိမ်နောက်ဘက် ထမင်းစားခန်းထဲမှ အစ်မကြီးဒေါ်တင်ရွှေ၏ ညည်းညူ နေသံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးမရောက်မှ ကုန်လိုက်တဲ့ပိုက်ဆံတော်၊ ကျောင်းစရိတ်၊ အဝတ်အစားဘိုး၊ မုန့်ဘိုး၊ ကားခါတ်ဆီဘိုးနဲ့မွဲရချည်ရဲ့တော် . . . အဖေနဲ့အမေကလည်း ဘာမှမပြောကြဘူး၊ မောင်တင်ထွန်းကလည်း ရေငုံနှုတ် ပိတ်နေတယ်တော်၊ တကယ်တဲ"

"အစ်မကြီးကလည်း ကိုယ့်ညီမဝမ်းကွဲဘဲ ပညာဒါနပြုရတာ မြတ်ပါတယ်၊ အစ်မကြီးရယ်နောက်ပြီး၊ ညီမကလေးက လိမ်မာပါတယ်။ စာလည်းကြိုးစားတယ်၊ အိမ်ထောင့်တာဝန်ကိုလည်းသူဘဲဦးဆောင်ပြီး လုပ်နေတာ၊ အစ်မကြီးလည်း သက်သာသွားတယ်မဟုတ်လား၊ မပြော ကောင်းပါဘူး၊ အစ်မကြီးရာ သူ့ခဗျာတစ်ကောင်ကြွက်ကလေးပါ"

"ဟဲ့ . . . ဟဲ့ . . . အဲ့ဒီတစ်ကောင်ကြွက်ကလေးက အချောင် နှုက်နေတာဟဲ့၊ သူပါလာတဲ့ပိုက်ဆံ တစ်ပြားမှထုတ်တာမဟုတ်ဘူးဟဲ့၊ နင်သိရဲ့လား"

"အော် . . . အစ်မကြီးရယ်၊ အစ်မကြီးမသိလို့ပါ၊ နှင်းဖြူ့အဖေ ပန်းနာရောဂါနဲ့ဆုံးပြန်တယ်။ သူတို့မှာ လယ်တွေလည်းကုန်ပြီ၊ စုဆောင်း ထားတဲ့ပစ္စည်းဥစ္စာတွေလည်းကုန်ပြီ၊ အိမ်ကြီးဘဲကျန်တော့တာအစ်မကြီး သိရဲ့သားနဲ့"

"မသိဘူးဟေ့၊ မသိဘူး၊ ငါက ငါတို့ကုန်နေတာကိုဘဲ သိတာ၊ မင်းကလည်း ကားတစ်စီးနဲ့လည်ပတ်သောက်စားနေတာ၊ ဘာအလုပ်ကို လက်ကြောတင်အောင်လုပ်လို့လဲ၊ ငါမပြောလိုက်ချင်ဘူး"

"အစ်မကြီးတော်တော့ဗျာ၊ အစ်မကြီးနဲ့စကားပြောရတာ မ ကောင်းတော့ဘူး၊ ကျွန်တော်လုပ်တုန်းက လုပ်ခဲ့ပြီးပြီဘဲ၊ အခုလည်း တိုက်ကြီးဘက်ကခြံတွေက ဝင်ငွေရနေတာ၊ ကျွန်တော်လုပ်ခဲ့တဲ့ဟာ တွေပေါ့"

အစ်ကိုကြီး ကိုတင်ထွန်းနောက်ဆုံးစကားပြောပြီး ရှူးရှူး ရှဲရှဲဖြင့် ထမင်းစားခန်းထဲမှ ထွက်လာသည်။ အစ်မကြီးဒေါ်တင်ရွှေကတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်မှ ပွစိပွစိလုပ်ရင်း အိမ်ဖော်များနှင့် ကျန်ခဲ့သည်။

အစ်ကိုကြီး ညှော်ခန်းအရောက်တွင် မနှင်းဖြူနှင့်မောင်တင်ထွေး ကိုတွေ့သဖြင့် မျက်နှာမကောင်းဖြစ်သွားပြီး

"ညီလေးတို့ရောက်နေတာ ကြာပြီလား။ ညီမလေးရော ဘာမှ စိတ်မကောင်းမဖြစ်နဲ့ အစ်ကိုကြီးရှိတယ်။ ပုံမှန်အတိုင်းသာနေကြ ကြားလား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ထိုနေ့မှစ၍ မောင်တင်ထွေး၊ မနှင်းဖြူတို့ အနေအထိုင် ဆင်ခြင် ကြသည်။ မနှင်းဖြူမျက်နှာမငယ်စေရန် မောင်တင်ထွေးက လစာထဲမှ မုန့်ဘိုးနှင့် အသုံးစရိတ်ကို အလုံအလောက်ပေးထားသည်။ ကားကို လည်း ကျောင်းပို့ချိန်တွင်သာသုံးပြီး ကျောင်းမှပြန်လာချိန်တွင် ဘက်စ် ကားနှင့်ပြန်နိုင်ရန် မောင်တင်ထွေးက မနှင်းဖြူအား နှစ်ရက်၊ သုံးရက် ပြထားသည်။ ထိုကြောင့်လားမသိ၊ အစ်မကြီးဒေါ်တင်ရွှေ ပါးစပ်ပိတ်သွား သည်။ မောင်တင်ထွေးက ညနေပိုင်းကားမောင်းသက်သာသွားသော် လည်း ညီလေးမောင်တင်မြင့်ကိုတော့ ဗိုလ်တထောင်အထက်တန်း ကျောင်းက ကြိုရသေးသည်။ မောင်တင်မြင့်ကလည်း (၁၀)တန်းရောက် လာပြီး လူပျိုပေါက်ဖြစ်လာ၍ အပေါင်းအသင်းများလာသည်။

တစ်နေ့ညနေခင်းတွင် ရေချိုးခန်းထဲ၌ ခေါင်းလျှော်ရင်း ကျန်ခဲ့ သောအစ်မကြီးဒေါ်တင်ရွှေ၏ စိန်လက်စွပ်ပျောက်သွားသည်။ အစ်မကြီး က အိမ်ဖော်များအား တန်းစီ၍ဆဲရင်း စစ်ဆေးရင်း မောင်တင်ထွေး နှင့်မနှင်းဖြူတို့အားလည်း စောင်းမြောင်း၍ ပြောတော့သည်။

"ဒီအိမ်မှာ ဘယ်တုန်းကမှ ပစ္စည်းမပျောက်ဘူး၊ လူသစ်တွေ ရောက်လာမှ ဟိုဟာပျောက်၊ ဒီဟာပျောက်နဲ့ စိတ်မချရတော့ဘူး။ ညည်းတို့စဉ်းစားကြ၊ ငါ့ပစ္စည်းပြန်မရရင်တော့ အားလုံးအလုပ်ဖြုတ် ပစ်မယ်၊ အားလုံးကြားကြသလား"



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းဖြစ်၍ လူကစုံနေသည်။ အားလုံးမျက်နှာမကောင်းကြ၊ အစ်မကြီးကအခန်းအနံ့လိုက်ရှာနေသည်။ အိပ်ဖော်များအခန်း၊ မနှင်းဖြူ အခန်းနှင့်မောင်တင်ထွေး၏ ကားဂိုဒေါင်အပေါ်ထပ်ပါမကျန်ရှာသည်။ အစ်ကိုကြီးက ဖျန်ဖြေပြောဆိုသော်လည်း မရပါ။ တစ်အိမ်လုံး ပြောင်းဆန်အောင်ရှာသည့်အပြင် ပါးစပ်မှလည်းရစရာမရှိအောင် မြည်တွန်တောက်တီး ပြောဆိုနေပြန်သည်။

ညအချိန်ရောက်တော့ မောင်တင်ထွေးအိမ်ယာဝင်အနားယူရင်း တွေးမိပြန်သည်။ "ငါ့အလုပ်ကို အကောင်အထည်ဖော်မှ ဖြစ်တော့မယ်၊ နို့မဟုတ်ရင် မနှင်းဖြူလေးမျက်နှာငယ်ငယ်နဲ့ သနားစရာဖြစ်နေရှာပြီ" ဟု စဉ်းစားရင်း ဆုံးဖြတ်ချက်ချ၍ အိပ်ပျော်သွားသည်။ ယခင်အချိန် များက စိတ်နှစ်ခွဖြစ်နေသော်လည်း ယခုအချိန်တွင်မတော့ စိတ်ဆိုး စိတ်ညစ်က အနိုင်ရသွားတော့သည်။

နောက်တစ်နေ့မနက်တွင် ပိုက်ဆံအတော်များများနှင့် ဘိန်းဖြူ ထုပ်အား မောင်တင်မြင့်လွယ်အိတ်အတွင်းမှ အစ်ကိုကြီးက တွေ့သွား သည်။ မောင်တင်မြင့်အား စစ်ဆေးတော့မှ အစ်မကြီး၏ စိတ်လက်စွပ် အား သူယူ၍ရောင်းစားလိုက်ကြောင်းဝန်ခံတော့သည်။ အစ်မကြီးသိသွား သဖြင့် ဆူပြန်သည်။

"ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ၊ အစ်ကိုကြီးလုပ်သူက အရက်သမား၊ ညီလုပ်သူက ဘိန်းစား၊ သူ့ခိုးတဲ့တော်ရေ"

မောင်တင်မြင့်မှာ အထွေးဆုံးဖြစ်၍ အားလုံးကချစ်ကြသည်။ အလိုလိုက်ကြသည်။ ထို့ကြောင့်လည်း အပေါင်းအသင်းစုံသော မောင် တင်မြင့်ကလေး ဘိန်းသမားဖြစ်ခြင်းဖြစ်ပေမည်။ နောက်ပိုင်းတွင် မောင်တင်မြင့်ကလေး အိမ်တွင်တရားဝင်ဘိန်းသမားဖြစ်လာပြီး ဘိန်းဖြူ ထုတ်များအား မောင်တင်ထွေးအခန်းတွင် လာထားတတ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွေးမှာ ညီငယ်လိုဖြစ်နေ၍ ဆုံးမသွန်သင်သော်လည်း မရသဖြင့် လက်လျှော့ထားလိုက်သည်။ သူကအိမ်ကြီး၏အလုပ်သမား အိမ်ထောင်စုစာရင်း မဟုတ်သောကြောင့်လည်း ပိုင်ပိုင်နိုင်နိုင်မပြောသာပါ။

ညနေပိုင်းတွင် အစ်မကြီးဈေးသွားရင်း မှို့များဝယ်လာသည်။ မိုးဦးကျထွက်သော တောင်ပို့မှိုများဖြစ်ပုံရသည်။ အိမ်တွင်မှိုကိုမစားကြ။ အဖေကြီးနှင့်အမေကြီးက အသက်ကြီးပြီး ရောဂါသည်များဖြစ်၍မစား။ အစ်ကိုကြီးကတော့ အရက်သမား၊ မုဆိုးဖြစ်၍အစုံစားသည်။ သို့သော် ယနေ့အစ်ကိုကြီးမရှိ တိုက်ကြီးခြံထဲသွားနေသည်။ အိမ်တွင်မှိုစားရန်မှာ မောင်တင်ထွေး၊ မနှင်းဖြူနှင့်အိမ်ဖော်များသာရှိသည်။ မောင်တင်မြင့် ကလေးက အစားအသောက်ဇီဇာကြောင်သူလေးဖြစ်သဖြင့် စားမည် မဟုတ်ပါ။ အကွက်ကောင်းကိုချောင်းနေသော မောင်တင်ထွေး အကြံ ရသွားသည်။ ခြံအနောက်ဘက်ရေစဉ်အောက်အမှိုက်ပုံပေါ်တွင် ပေါက်နေသော မှိုမည်းမည်းကြီးအား သူအမှိုက်ရှင်းရင်းတွေ့ထားသဖြင့် အမှိုက်လဲ ဟန်ဆောင်ပြီးလေးငါးပွင့် နုတ်၍ ခါးပိုက်ဆောင်ထဲထည့်ထားလိုက်သည်။ ပြီးနောက် မော်တော်ကားဂိုထောင်အောက်လက်ဆေးဇလုံတွင် ရေစင် အောင်ဆေး၍ ခါးပိုက်ထောင်ထဲပြန်ထည့်ထားသည်။ အိမ်မကြီးဘက် မီးဖိုချောင်တွင်ဝင်ကာ ဟိုလိုလို၊ ဒီလိုလိုနှင့်လှေ့လာကြည့်ရာ အစ်မကြီး က မှိုများအား ဆေးကြောလှီးဖြတ်ပြီး ဇလုံတစ်ခုထဲထည့်၍ ကန်စွန်းရွက်များလှီး၍ ဖုံးထားသည်။ မောင်တင်ထွေးက အနီးရှိ ဓားကလေးဖြင့် မှိုများအားလှီးဖြတ်ပြီး ရောနှောထားလိုက်တော့သည်။ အစ်မကြီးနှင့် အိမ်ဖော်နှစ်ဦးမှာနောက်ဘက်ရေကပြင်တွင် ကြက်သားနှင့် ငါးများကိုင်နေသဖြင့်မမြင်ကြ၊ မောင်တင်ထွေးအသာလျှို၍ ပြန်ထွက် ခဲ့သည်။

ထိုနေ့က မနှင်းဖြူမှာ ကျောင်းပြန်နောက်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွေးက မောင်တင်မြင့်ကလေးအား ကျောင်းသွားကြိုနေသည်။ အစားအသောက်သောင်းကျန်းလှသော အစ်မကြီးက အဖေကြီး၊ အမေကြီးတို့အား ညနေစာကျွေးပြီးနောက် သူတစ်ယောက်တည်း စားတော့သည်။ ငါးဟင်း၊ ကြက်သားဟင်းထက် သူကြိုက်သောမှိုဟင်းကို အဝစားသည်။ စားပြီးမကြာမီပင် ဝမ်းသွားလိုက်၊ အော့အန်လိုက်ဖြစ်နေပြီး မှိုတောက်တော့သည်။ မောင်တင်ထွေးတို့ပြန်လာတော့ အစ်မကြီးမှာ မေ့မြောနေပြီဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ အမြန်တင်ပို့ ကုသသော်လည်းမရတော့ သတိပင်ပြန်လည်မလာတော့ဘဲ ဆုံးပါသွားတော့သည်။ အဆိပ်ရှိသောမှိုစားမိ၍ သေဆုံးကြောင်း ဆေးစာထွက်လာကာသဖြင့် မောင်တင်ထွေးအတွက် တစ်တောရှင်းသွားသည်။ အစ်မကြီးဒေါ်တင်ရွှေသေဆုံးသည်မှာ စနေနေ့ဖြစ်သည်။ စနေသမီး စနေနေ့တွင်သေဆုံးသည်မှာ တိုက်ဆိုင်ခြင်းဖြစ်ပေမည်။ မည်သူမျှ မောင်တင်ထွေးအား သံသယမဖြစ်ကြပါ။

တစ်ပတ်ပြည့်၍ ရက်လည်နေ့ညတွင် မောင်တင်ထွေးစိတ်ရိုင်းဝင်လာပြန်သည်။ နောက်တစ်ဦးကို စဉ်းစားပြန်သည်။ လွယ်ကူသောနောက်တစ်ဦးမှာ မောင်တင်မြင့်ဖြစ်သည်။ မောင်တင်မြင့်အခြေအနေမှာ ဖြူပပ်၊ ဖြူရော်နှင့် ပိန်လာသည်။ အစ်မကြီးမရှိတော့၍ အနီးကပ်ဆူမည့်သူမရှိတော့။ အစ်ကိုကြီးကလည်း အစ်မကြီးဆုံးပြီးနောက် အိမ်မကပ်၊ အစ်မကြီးကို စိတ်ခုနေ၍လည်း ဖြစ်နိုင်သည်။ အဖေကြီး၊ အမေကြီးတို့ကလည်း ဖာသာလဝါနေကြသည်။ အစ်မကြီးသေဆုံးသည့်နေ့က ငိုယိုကြသော်လည်း နောက်ပိုင်းပူဆွေးဟန်ပင်မပြကြပါ။ တစ်ချိန်လုံး ငိုနေသူကတော့ မနှင်းဖြူဖြစ်သည်။ သူမက အစ်မကြီးကို သံယောဇဉ် အတော်ရှိပုံရသည်။

မောင်တင်ထွေးစိတ်ရိုင်းများဝင်၍ လုပ်ကြံရန် အစီအစဉ်ရေးဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသော်လည်း မနှင်းဖြူ နှစ်ဝက်စာမေးပွဲနီးနေ၍ အစီအစဉ်ကို ရွှေ့ဆိုင်းရပြန်သည်။ ဤအတွင်းမောင်တင်မြင့်က ဘိန်းဖြူရှူရုံတင် မဟုတ်တော့ဘဲ အကြောထဲ ဆေးထိုးသွင်းနေကြောင်း မောင်တင်ထွေး သိလာရသည်။

ထို့ကြောင့်မောင်တင်ထွေး အစီအစဉ်စပြန်သည်။ ဤတစ်ခါလည်း လွယ်ပါသည်။ သူ့အခန်းကားဂိုဒေါင်အပေါ်ထပ်တွင် မောင်တင်မြင့် လျှို့ဝှက်စွာသိမ်းဆည်းထားတတ်သော ဘိန်းဖြူထုပ်များအား နှစ်ထုပ်၊ တစ်ထုပ်ပေါင်း၍ လုပ်ထားလိုက်ခြင်းဖြစ်သည်။

နေ့လယ်ခင်းအားလပ်နေ၍ မောင်တင်မြင့်ဘိန်းဖြူထုပ်လာယူချိန်တွင် မောင်တင်ထွေးက အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ မကြာပါ သည်နေ (၂)နာရီခန့်တွင် အိမ်ဖော်များ ဆူညံစွာအော်ဟစ်သံများကြောင့် မောင်တင်ထွေးအိပ်ယာမှ နိုးလာခဲ့သည်။ အိမ်သားများ လက်ဖက်ရည် သောက်ချိန်တွင် မောင်တင်မြင့်အား သွားခေါ်စဉ် အိပ်ယာပေါ်တွင် အပ်တန်းလန်းနှင့်သေဆုံးနေသည်ကို တွေ့ရခြင်းဖြစ်သည်။ (DOUBLE DOOSE) ဖြစ်၍ ဆေးလွန်သေဆုံးခြင်းဖြစ်သည်။ မောင်တင်မြင့်မှာ အထွေးဆုံးဖြစ်၍ အိမ်သားအားလုံး ပူဆွေးငိုကြွေးကြသည်။ ဆေးရုံပို့ပြီး နောက်အိမ်သားများအား သက်ဆိုင်ရာက လာရောက်စစ်ဆေးခြင်းတော့ ပြုသည်။ သို့သော် ဆေးသမားကိစ္စဖြစ်၍ လုပ်ကြံခြင်းအမှုမပေါ်လွင်ပါ တစ်တောတော့ ရှင်းသွားပြန်လေသည်။ သို့သော် မောင်တင်ထွေး အနေဖြင့် ဤတစ်ခါတော့အမှန်ပင်စိတ်မကောင်းဖြစ်ရသည်။ ဤကလေးမှာ သူ့ကိုအလွန်ချစ်သူဖြစ်သည်။ သူ့အား မောင်တင်မြင့်က ဒုက္ခမပေးဘူးခဲ့ပါ။ သို့သော် မိသားစုမျိုးတုံးရန် ကလဲ့စားချေစီမံကိန်းကြောင့် လုပ်ကြံရန် လွယ်ကူသူတစ်ဦးအား စောစီးစွာ ရှင်းလင်းလိုက်ရခြင်းဖြစ်သည်။ ထုံးစံအတိုင်း မနှင်းဖြူကတော့ ရက်လည်သည့်နေ့ကျော်လွန်သည်အထိ ငိုပွဲဆင်နေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးနှင့်အဖေကြီးကတော့ တဖျစ်တောက်တောက် ပြောရှမဆုံးတော့ အလိုလိုက်၊ အမိုက်စော်ကားသောကလေးပဲဟု ယူကျုံးမရစွာ ပြောဆိုဝေဖန်နေသည်။

တစ်လခန့်အကြာ သောကြာနေ့တွင် အစ်ကိုကြီးကိုတင်ထွန်းက မောင်တင်ထွေးနေထိုင်သည့် ကားဂိုဒေါင်အပေါ်ထပ်သို့ တက်လာပြီး–

''မောင်တင်ထွေးရေ မနက်ဖြန်မနက်စောစော အစ်ကိုကြီး တိုက်ကြီးခြံတွေဘက်သွားမဟေ့၊ ညီလေးလိုက်မလား၊ စိတ်ပြေလက်ပျောက်၊ လိုက်ခဲ့ပါလားကွာ၊ မင်းလည်း ဒီမှာ အသုဘကိစ္စတွေနဲ့ စိတ်ကုန်နေရောပေါ့ကွာ၊ ဒီတစ်ခါတော့ ခြံထဲမှာကြာကြာနေမယ်၊ စိတ်ကူးထားတယ်''

''အစ်ကိုကြီးပဲသွားဗျာ၊ ဒီမှာ ကျွန်တော်မရှိလို့မဖြစ်ပါဘူး။ အဖေကြီးနဲ့အမေကြီးကလည်း ချူချာလာကြပြီ၊ ကားပြင်ရုံမှာလည်း ဦးလေးသန်းက နေမကောင်းလို့ ခွင့်ယူထားတော့ ကြီးကြပ်မဲ့သူ မရှိဘူး အစ်ကိုကြီးရ''

''ဟုတ်ပါတယ်ကွာ၊ ဒီအိမ်မှာ မင်းမရှိလို့မဖြစ်ဘူး၊ ငါမရှိလို့တော့ ရတယ်။ အေး. . . အေး. . . ညီလေးနေခဲ့ပါ၊ ဒါပေမယ့် အစ်ကိုကြီး ဂျစ်ကားအောက်ပိုင်း အသံထွက်နေတယ်ကွ၊ ဘရိတ်လည်း မကောင်းလှဘူး၊ မင်းအားရင်စစ်ဆေးပေးပါဦး''

''ဟုတ်ကဲ့အစ်ကိုကြီး၊ ကျွန်တော်အခုဘဲစစ်လိုက်ပါ့မယ်'' အဝတ်အစားလဲပြီး ကားအောက်ထဲဝင်တော့ ဂျစ်ကားမှာလေးထုပ်ထိန်းသည့် ယူဘိုးများလည်းချောင်နေသည်။ ရှော့ဘားများကဆီငတ်နေသည်။ ရှေ့ပိုင်း စက်ခန်းအတွင်း အင်ဂျင်မောင်းတိန်းကစားနေပြီး အင်ဂျင်မှာ တစ်ခြမ်းစောင်းနေသည်။ ဘရိတ်ဆီပိုက်နှင့်ကိုယ်ထည်ညှိနေသဖြင့် ဘရိတ်ပိုက်ကပေါက်နေသည်။ ထို့ကြောင့်လေဟာကာ ဘရိတ်မမိခြင်း ဖြစ်မည်။ ဘရိတ်ပိုက်အား အသစ်လဲလိုက်သည်။ အင်ဂျင်မောင်းတိန်းကို



www.burmeseclassic.com

www.burmeseclassic.com



လဲချိန်မရှိတော့၊ ဘရိတ်ဆီချူရပြန်သည်။ တစ်ယောက်တည်းမရ၍ မှ ကောင်းလေးအားခေါ်ပြီး ဘရိတ်အားနင်းလိုက်လျှော့လိုက် င်းရသည်။ ကျော်နုပ်မှုရှိမှ ညာဘက်ကီးအတွင်းရှိ ဘရိတ်ဆုံး င်းအား လျှော့ထားလိုက်သည်။ အပေါ်ဘရိတ်ဆုံအတွင်း တ်ဆီအပြည့် ထည့်လိုက်သည်။ ညာဘက်ဘီဂ္ဂျင်းနပ်အားလည်း တစ်ဝက်ခန့် လျှော့ထားလိုက်သည်။ ဘရိတ်ဆီမှာ ဤအတိုင်း ကျလေ့မရှိ၊ ဘရိတ်နင်းမှ ဘရိတ်ဆီက တွန်းကန်ထွက်ကျခြင်း သည်။ ဘရိတ်သုံးနည်း သော အစ်ကိုကြီး၏အထာကို သိသူဖြစ်သဖြင့် တ်ဆီကုန်ခန်းချိန်မှာ မိုင်(၆၀)ခန့်သွားပြီးမှ ဖြစ်မည်ဟုမှန်းဆ သည်။ တိုက်ကြီးနှင့် ရန်ကုန်မှာ မိုင် (၆၀)ခရီးရှိသည်။ အားစမ်းဆေးပြီးတော့ အစ်ကိုကြီးအား ခေါ်ပြရသည်။ ကျော်နုပ်သွား ကိုယ်တိုင်ရေဆေးသည်။ ရေဆေးနေစဉ် အစ်မကြီးဒေါ်တင်ရွှေက ဆပ်ရှိ သစ်ခွပန်းပင်များအား ရေလောင်းနိုင်သဖြင့် ပန်းအိုး ပြီး ဂျစ်ကားမှန်ကွဲ၍ အိမ်မှထွက်ပြေးရပုံများအား တရေးရေး င်လာသည်။

စနေသားအစ်ကိုကြီး ကိုတင်ထွန်း၊ မနက်ဖြန် စနေနေ့ခရီးထွက် စ်၍ သေနေ့စေပြီဟု မှတ်ယူလိုက်သည်။ တစ်ခါမောင်ဘိုနီတစ်ဖြစ် ာင်တင်ထွေးဘဝနှင့်ရောက်လာပြန်တော့၊ အစ်ကိုကြီးကိုတင်ထွန်း ပေါ်ကောင်းကွက်များအား ပြန်လည်မြင်ယောင်လာပြန်သည်။ ကောင်းနှင့် စိတ်ညစ် အင်အားပြိုင်တော့ ဤတစ်ခါလည်း စိတ်ညစ် သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၄)

မနက် (၆)နာရီခန့်တွင် အစ်ကိုကြီးတစ်ဦးတည်း ဂျစ်ကားနှင့် ထွက်သွားသည်၊ မောင်တင်ထွေးကတော့ ပုံမှန်အလုပ်များနေသည်။ မနှင်းဖြူက အစ်မကြီး ဒေါ်တင်ရွှေမရှိသည့်နောက်ပိုင်း မီးဖိုချောင်ကို ဦးစီးနေရသည်။ အဖေကြီး ဦးထွန်းလွင်ကတော့ တုတ်ကောက်တစ်ချောင်းနှင့်လမ်းလျှောက်ထွက်သွားသည် အခုတလော အဖေကြီးဦးထွန်းလွင် ဖိမထိုးသည်မှာ ကြာပြီဖြစ်သည်။

မနက် (၉)နာရီခန့်တွင်ဖုန်းဝင်လာသည် အစ်ကိုကြီး ကိုတင်ထွန်း တိုက်ကြီးအကျော် ချိုးဖြူကန်လမ်းတွင် ကားချောက်ထဲကျ၍ မောက်ပြီး သေဆုံးသွားကြောင်း သတင်းဖြစ်သည်။ စနေသားတစ်ဦးတော့ ဒီနေ့တွင် သွားပြန်ပြီဖြစ်သည်။ အဖေကြီးနှင့်အမေကြီးအား သတင်းပို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွေးနှင့်မနှင်းဖြူတို့ မာစီဒီးကားကြီးနှင့် လိုက်ရပြန်သည်။ အစ်ကိုကြီးကို ကိုတင်ထွန်းမှာ ကားမှောက်ပြီး ကားပိ၍ မရှူမလှသေဆုံးရခြင်းဖြစ်သည်။ စိုက်ပျိုးရေးခြံနှင့် မဝေးသဖြင့် ခြံအလုပ်သမားများက အစ်ကိုကြီး အလောင်းအား တိုက်ကြီးဆေးရုံသို့ပို့လိုက်ပြီဖြစ်၍ တိမ်းမှောက်နေသော ဂျစ်ကားကိုသာ ခြံအလုပ်သမားများနှင့် ပြန်လှန်၍ ကားငှားကာဆွဲပြီး စိုက်ပျိုးရေးခြံအတွင်း ထည့်ထားရသည်။ သက်ဆိုင်ရာမှလည်း လာရောက်စစ်ဆေးပြီးဖြစ်သည်။

မောင်တင်ထွေးတို့နှစ်ဦး ရဲစခန်းနှင့်ဆေးရုံသို့ လိုက်ရပြန်သည်။ သက်ဆိုင်ရာက မေးမြန်းသမျှကိုလည်း ဖြေရသည်။ မောင်တင်ထွေးမှာ ကားစက်ပြင်ဆရာလည်းဖြစ်၊ နောက်ဆုံးကားပြင်ပေးသူလည်းဖြစ်၍ မသက်သာဟုဆိုကာ အမှုဖွင့်တော့သည်။ မနှင်းဖြူအပြောကောင်း၊ အငိုကောင်း၍သာ အာမခံပြန်ပေးသည်။ ကားအား စစ်ဆေးရာတွင် လုပ်ချက်များရှိကြောင်း ရဲဘက်ကားကျွမ်းကျင်သူက ထောက်ပြထားကြောင်း သိရသည်။ သို့သော်မှောက်သောကားဖြစ်၍ သက်သေတော့ အခိုင်အမာမရနိုင်ပါ။ သံသယဖြစ်ခြင်းသာဖြစ်ပေသည်။

ကားမှောက်ခြင်းမှာ ကားချင်းရှောင်တိမ်းစဉ်ဖြစ်ခြင်းမဟုတ်ပါ။ တောင်ကုန်းအဆင်းတွင်း ကားဘီးကျိုင်းနပ်ပြုတ်၍ ဘရိတ်မမိတော့ဘဲ မှောက်ခြင်းဖြစ်သည်။

ဆေးရုံသို့ သွား၍လည်း အသုဘကိစ္စစီစဉ်ရသည်။ ရင်ခွဲစစ်ဆေးချက်မှတ်တမ်းကိုလည်း စောင့်ရသေးသဖြင့် မိုးကြီးချုပ်မှ ဗိုလ်တထောင်အိမ်သို့ ပြန်ရောက်ကြသည်။ သားကြီးဖြစ်၍ အဖေကြီးနှင့်အမေကြီးက အတော်လေး ဝမ်းနည်းကြသည်။

အဖေကြီးက "ဒီလောက်လမ်းများတဲ့ကောင် တစ်နေ့ဒီလိုဖြစ်မယ်ဆိုတာ၊ ငါထင်သားဘဲ၊ အရက်ကလည်းသောက်ထားသလားမှမသိတာ"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု အပြစ်တင်သည်။ ပြီးနောက် ''ငါတို့အိမ်မှာလည်းဘာတွေဖြစ်နေ
မသိဘူး၊ တစ်လ၊ တစ်ယောက်လောက်သေနေတာ မရှိးတော့
ထင်တယ်။ အလှူအတမ်းလုပ်၊ ပရိတ်နာမှ ဖြစ်တော့မယ်ထင်တယ်

(၃)ရက်အကြာအသုဘချပြီး ရက်လည်သောနေ့တွင် အိမ်
ဘုန်းကြီးဆွမ်းသွတ်ရုံတင်မက ပရိတ်တရားတော်နာ၍ ကမ္မ
ဖတ်စေသည်။ အိမ်သား (၃)ဦးလျော့သွား၍ ဗိုလ်တထောင်အိမ်ကြီး
ခြောက်ကပ်နေသည်။

တိုက်ကြီးရုံးချိန်းရက်တွင် မောင်တင်ထွေးသွားရန်ရှိသဖြင့် အ
ကြီးနှင့်အမေကြီးတို့အား ခွင့်တောင်းရာ အဖေကြီးက

''ဟ ဘာဆိုင်လို့တုန်း၊ သူဖါသာကားမှောက်လို့သေတာ၊ ငါလို
သက်သေခံပေးမယ်''

မောင်တင်ထွေး ''ဥပဒေအကြောင်းအရလို့ပြောပါတယ်
အဖေကြီး ကျွန်တော်နဲ့အတူတူပြင်တဲ့ ဝပ်ရှော့က မောင်စိုးကိုလည်
ကျွန်တော်ခေါ်သွားမှာပါ အဖေကြီး၊ အဖေကြီးသက်သေခံစရာမလိုပါ
ခင်ဗျား''

''အေးလေကွာ၊ မင်းမောင်းတဲ့ကားကိုစီးပြီး မင်းဘဲနှစ်ပေါ်
များစွာ စက်ပြင်ပြီးစီးလာကြတာ၊ အခုမှ မင်းတာဝန်ဆိုတာ သဘာ
မကျလို့ ငါကပြောရတာပါ''

''ဟုတ်ကဲ့ပါအဖေကြီး၊ ဒီအမှုကပြီးသွားမှာပါ'' .

ထိုနေ့က မောင်စိုးအား တရားခံသက်သေအဖြစ် စစ်ဆေးသည်
မောင်စိုးမှာလည်း လူရိုးလူကောင်းလေးဖြစ်၍ အမှန်အတိုင်းထွက်ဆို
သည်။ ကားပေါင်းများစွာကိုလည်း မောင်တင်ထွေးနှင့်ပူးတွဲပြင်ခဲ့၍
မောင်တင်ထွေးအား ယုံကြည်သည်။ ထို့ကြောင့်လည်း မောင်တင်
ဘက်က ကာကွယ်၍ထွက်ဆိုခဲ့သည်။ တရားလိုဘက်ကလည်း တ



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှမလာနိုင်ကြ။ နောက်တစ်ပတ်များတွင် တရားလိုပြသက်သေ ခြံအလုပ်သမားများနှင့်ရဲများကိုသာစစ်ဆေးရန်ရှိတော့သည်။ မောင်တင်ထွေးမှာတော့ (၂)ပတ်တစ်ခါ၊ ရုံးချိန်းသွားနေရသည်။ သို့သော် အမှုအခြေအနေက မောင်တင်ထွေးဘက်က အားသာလျက်ရှိသည်။

ဤသို့ဖြင့် အလုပ်များ လုပ်ကိုင်ရင်း နှစ်လခန့်အကြာတွင် မောင်တင်ထွေးစိတ်များ လှုပ်ရှားလာပြန်သည်။ အတွေ့အကြုံအရ လက်ရဲ ဖက်ရဲဖြစ်လာ၍ စနေနေ့နံနက်နှင့်စိတ်ရိုင်းများ၊ စိတ်မိုက်များဝင်လာပြန်သည်။ လုပ်ကြံသတ်ဖြတ်ရန်လည်း အဖေကြီးနှင့်အမေကြီးတို့သာကျန်တော့သည်၊ အသက်ကြီးပြီးရောဂါသည်များဖြစ်ကြ၍ တစ်နှစ်နှစ်နှစ်အတွင်း ဆုံးပါကုန်ကြမည်ဖြစ်သော်လည်း မောင်တင်ထွေး မစောင့်နိုင်၊ ထို့အပြင် မိမိလက်ချက်ဖြင့် မသေဘဲ၊ သူတို့ဖာသာဆုံးပါးသွားကြမည်ကိုလည်း မလိုလား။ ထို့ကြောင့် အခွင့်အရေးကို စောင့်ရင်းဆင်ကြံ၊ ကြံနေပြန်သည်။

တစ်ညနေတွင်း အမေကြီးသွေးတိုး၍ ဆေးခန်းသို့ပြရသည်။ သွေးတိုးသည်မှာ အလွန်စိုးရိမ်စရာကောင်းသော အမှတ်သို့ပင် ရောက်နေသည်။ ဆရာဝန်က သွေးပေါင်ချိန်ပြီးနောက် သွေးကျဆေးများ အမြန် တိုက်သည်။ ဆေးရုံပို့တင်ရန်လည်း အကြံပြုသည်။ သွေးကျဆေးများ သတ္တိကြောင့် အမေကြီးသွေးပေါင်ကျသွားသည်နှင့် ဆေးရုံတက်ရန် ငြင်းဆန်တော့သည်။

" ဆရာဝန်က၊ ဆေးရုံမတက်လိုလျှင် သောက်ရန် သွေးကျဆေးများအား ပေးလိုက်သည့်အပြင် အရေးပေါ်သောက်ဆေးများကိုလည်း ဝယ်ယူရန် ဆေးလက်မှတ်ရေးပေးသည်။

ဆေးဝယ်သူမှာ မောင်တင်ထွန်းပဲဖြစ်သည်။ လူနာနှင့် မြေးအား ကားပေါ်တွင်ထားခဲ့ပြီး သူကဆေးဝယ်သည်။ သွေးကျဆေးအစား သွေးတိုးဆေးများအားဝယ်၍ အားဆေးနှင့်ရောထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးတိုက်သူမှာ မနှင်းဖြူဖြစ်သည်။ ညအမေကြီးအားဆန်ပြုတ်တိုက်ပြီး မနှင်းဖြူက မောင်တင်ထွေးစီစဉ်ပေးသည့် သွေးကျဆေးအစား၊ သွေးပေါင်တက်ဆေးနှင့်အားဆေးများတိုက်သည်။ အမေကြီး အိပ်ပျော်သွားပါသည်။ အမေကြီးအိပ်ပျော်သွား၍ သူတို့နှစ်ဦးအောက်ထပ်ဆင်းလာကြစဉ် ညစာထမင်းစားရန် ဆင်းလာသော အဖေကြီးနှင့်ထမင်းစားခန်းတွင်ဆုံသည်။

"သားတို့၊ သမီးတို့ အမေကြီးဘယ်လိုနေသေးသလဲကွ"

မနှင်းဖြူ "ဆေးသောက်ပြီး၊ အိပ်ပျော်သွားပါပြီ အဖေကြီး"

"အေးအေး ဒီအိမ်မှာလည်း လူငယ်လူရွယ်ဆိုလို့ မင်းတို့ဘဲ အရင်းအချာရှိတော့တာ၊ သားသမီးတွေဘဲပေါ့ ဂရုစိုက်ကြ ပါကွာ၊ သူ့ ခင်များသားတွေ၊ သမီးတွေက ရှေ့ဆင့်နောက်ဆင့်ဆုံးကုန်လို့ စိတ်အားငယ်ဟန်လည်းတူပါရဲ့"

"ဟုတ်ကဲ့ပါအဖေကြီး"

အသင့်ပြင်ထားသော ထမင်းဝိုင်းတွင် ဟင်းကောင်းဖြင့် ထမင်းစားကြသော်လည်း သုံးဦးစလုံးပင်အတွေးကိုယ်စီဖြင့် တို့ကနန်း၊ ဆိတ်ကနန်းသာ စားကြသည်။ လွန်စွာခြောက်ကပ်သော ထမင်းဝိုင်းဖြစ်သည်။ ထမင်းစားပြီးတော့ အဖေကြီးကအမေကြီးအိပ်ပျော်နေသည်ကို ဝင်ကြည့်ပြီး အိပ်ယာဝင်သွားတော့သည်။

နောက်တစ်နေ့မနက်စောစော၊ မောင်တင်ထွေး၊ အိပ်ယာကထ၍ အမေကြီးအခန်းသွားကြည့်တော့ အမေကြီး ဒေါ်စောတင်ဆုံးရှာပြီဖြစ်သည်။ သွေးတက်၍ အိပ်ပျော်သွားရာမှ ပြန်မနိုးတော့ခြင်းဖြစ်သည်။ မောင်တင်ထွေးက တစ်ခါသောက်အိတ်ထဲတွင်ထည့်ထားသော အားဆေးနှင့် ရောထားသော သွေးတိုးဆေးများအားထုတ်၍ သွေးကျဆေးများအား အစားပြန်ထည့်ခဲ့ပြီး အခန်းသို့ပြန်ခဲ့သည်။ ပြီးနောက်သွေးတိုးဆေးများအား အိမ်သားပေါက်ထဲထည့်၍ရေဆွဲလိုက်တော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက် (၆)နာရီခန့်တွင် မနှင်းဖြူငိုသံပါကြီးနှင့်မောင်တင်ထွေး အား လာနှိုးတော့သည်။

"ကိုထွေး၊ကိုထွေး၊ ထပါဦး အမေကြီးဆုံးပြီရှင့်"

"အင့် . . . ဟီး . . . ဟီး . . ."

"ဟင် အမေကြီးဆုံးပြီလား"

ကိုထွေးက မသိဟန်ခေါင်းဆောင်ကာ အိပ်ယာကထပြီး မနှင်းဖြူ နှင့်အတူ အမေကြီးအခန်းသို့ သွားကြည့်သည်။ မနှင်းဖြူပြောထား၍ ထင်ပါသည်။ အဖေကြီး၊ အမေကြီးအခန်းထဲတွင် ရှိနေသည်။

အဖေကြီး "အင်း . . . ငါထင်တော့ ထင်သား။ မနေ့က သွေးအရမ်းတိုးနေပြီး ဒီနေ့စနေနေ့ဆိုတော့ သူ့ကံကုန်ဆောက်ပြီး ထင်ပါရဲ့ကွာ"

"ကဲ . . . ကဲ . . . မောင်တင်ထွေးရေ မင်းပဲ၊ အားကိုးစရာရှိ တော့တာ၊ သက်ဆိုင်ရာအကြောင်းကြား၊ လုပ်သင့်တာလုပ်ပေရော့၊ မနှင်းဖြူ သမီးကမောင်တင်ထွေးကို လိုအပ်တဲ့ငွေထုတ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ၊ အဖေကြီး"

သက်ဆိုင်ရာက လာရောက်စစ်ဆေးပြီး အမေကြီးအလောင်း အား ဆေးရုံပို့ရသည်။ နဂိုရှိကပင် အသက်ကြီးသော လူမမာဖြစ်၍ စစ်ဆေးခြင်းပင်မခံကြရ၊ တစ်ယောက်ရှင်းသွားပြန်ပြီးဖြစ်သည်။ မကြာ ခဏ လူသေဆုံးနေ၍ ဗိုလ်တထောင်အိမ်ကြီးအား ပတ်ဝန်းကျင်က အသုဘအိမ်ကြီးဟူ၍ပင် ကင်ပွန်းတပ်ကြသည်။

နောက်ဆုံးအဖေကြီးတစ်ယောက်သာကျန်တော့သည်။ အဖေကြီး မှာလည်း လောကီလူ့ဘုံကို စိတ်ကုန်နေဟန်တူသည်။ မနက်ပိုင်း လမ်းပင်မလျှောက်တော့၊ ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်၍သာ နေတော့သည်။

တစ်လပြည့်၍ အနည်းထိုင်သွားတော့ မောင်တင်ထွေးစိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



မိပြန်သည်။ သို့သော်အဖေကြီးမှာ သူ့အပေါ်တွင်အလွန်ကောင်းရှာ သည်။ မောင်တင်ထွေး၏ မိဘများပိုင်ပစ္စည်းများအား. အပိုင်စီးထား ခြင်း အပြစ်တစ်ခုသာရှိသည်။ အသက်လည်းကြီးလှပြီး ကျန်းမာရေး ကလည်း သိပ်မကောင်းတော့ပါ။ အဖေကြီးအား ခွင့်လွှတ်လိုက်ရန် စိတ်ကူးမိသည်။

သို့သော်အခွင့်အရေးတစ်ခုက ပေါ်လာပြန်သည်။ အဖေကြီးဆုံး နှစ်လပြည့်သောနေ့တွင် အဖေကြီးကဖိုးထိုးရန်စိတ်ကူးရ၍ မောင်တင် ထွေးအား ဖိုရုံကို သန့်ရှင်းရေးလုပ်ခိုင်းပြီး လိုအပ်သော ပစ္စည်းများအား ဝယ်ခြမ်းပေးပြီး အချိုးအစားနှင့်စပ်ခိုင်းပြီးနောက် အဖေကြီးအိမ်ပေါ်ထပ် သို့ တက်သွားသည်။ ထိုစဉ်မောင်တင်ထွေးအကြံတစ်ခုရသွားသည်။ သူနေသော ကားဂိုဒေါင်အပေါ်ထပ်တွင် အစ်ကိုကြီးကိုတင်ထွန်း အသုံး ပြုထားပြီး မပေါက်ကွဲသေးသော (Miss Fire) ကျည်ဆံများရှိသည်။ ထိုအထဲမှ တစ်တောင့်ယူ ယမ်းထုတ်ပြီး စက္ကူနှင့်ထုပ်၍ ဖိုရုံသို့ ယူလာခဲ့သည်။ အဖေကြီးအပေါ်ထပ်မှ ပြန်၍ပင်ဆင်းမလာသေးပါ။ ခဏကြာမှ အဖေကြီးက ပုရပိုဒ်စာမူတစ်ခုအားကိုင်၍ ဆင်းလာသည်။

"သားရေ၊ အဖေကြီးပြောတဲ့အတိုင်းဆေးတွေကို အချိုးကျ စပ်ကွာ၊ မှတ်ထားတာ မသေချာမှာစိုးလို့ပေမူကို ပြန်ယူကြည့်ရတာ"

"ကဲ . . . စပ်တော့

(၁) ကန့်မှုန့်တစ်ရွေးသား၊
(၂) မဲနယ်မှုန့်တစ်ရွေးသား၊
(၃) လက်ချားတစ်ရွေးသား၊
(၄) စိန်နဘော်မှုန့်တစ်ရွေးသား၊
(၅) မာကျူရီအောက်ဆိုက်တစ်ကျပ်သား၊
(၆) လင်းနေအံမှုန့်တစ်ရွေးသား၊
(၇) ကဖော့သီးမှုန့်တစ်ရွေးသား၊

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၈) နနွင်းခါးမှုန့်တစ်ရွှေးသား၊

(၉) ဒုတ္တာမှုန့်တစ်ရွှေးသား

"ထည့်ပြီးပြီလား" ထိုစဉ်တွင် မောင်တင်ထွေးက အသင့်ဆောင်ထားသော ယမ်းမှုကိုပါ လုံထဲသို့ ထည့်လိုက်သည်။

"ဟုတ်ကဲ့အဖေကြီး"

"အေး ပြီးရင်၊ ဒီဓါတ်လုံးကိုထည့်၊ အဲမထည့်ခင် ဆေးတွေကို ကြေးဖွန်းကလေးနဲ့ သမအောင်မွှေဦး"

"အေးပြီးရင် ဒီဓါတ်လုံးကို ဆေးတွေထဲမြုပ်အောင်ထည့်၊ အပေါ်က ဖော်မဲလိုက်၊ ပြီးရင်ငါ့ကိုပေး"

မောင်တင်ထွေးမှာ အဖေကြီးအား ကူညီနေကျဖြစ်၍ကျွမ်းကျင်နေသည်။ အဖေကြီးက လုံအား ဖော်မဲထားသည်ကို စစ်ဆေးပြီး မောင်တင်ထွေးမွှေးထားသော မီးဖိုပေါ်သို့ သံညှပ်ကလေးဖြင့် တယုတယတင်သည်။ ပြီးနောက် ပေစာတွင်ရေးထားသော ပါဠိစာသားအား ရွက်သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့အား တိုင်တည်သည်။ ပြီးနောက် မောင်တင်ထွေးအား ဖိုးဆွဲခိုင်းတော့သည်။ မောင်တင်ထွေးသည် တစ်ကြိမ်တော့ သူလည်းခံရမည်ဟု ထင်ထားသည်။

ဖားဖိုအား တစ်ချက်ချင်း တရှူးရှူးဆွဲ၍ မီးအပူရှိန်ကြောင့် လုံးမှာတဖြည်းဖြည်းပူလာပြီး နီရဲလာသည်မကြာပါ။

"အုန်း"ဟူသော အသံနှင့်အတူ လုံပေါက်ကွဲပြီး မီးဖိုအနီးတွင် သံညှပ်ကိုင်၍ လုံလားထိမ်းပေးနေသော အဖေကြီး ဦးထွန်းလွင် ပက်လက်လဲကာ၊ တစ်ကိုယ်လုံးမီးလောင်တော့သည် မောင်တင်ထွေး ကံကောင်းသည်မှာ လုံကွဲတော့မည်ကိုသိ၍ မျက်နှာအား ဘယ်လက်လက်ဝါးဖြင့်ကာလိုက်သဖြင့် လက်ခုံစုတ်ပြတ်သွားပြီး ညာဘက်ပုခုံးအား လုံကွဲစမှန်၍ ပုခုံးအသားစပဲ့ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ထွန်းမှာ ကြောက်အားလန့်အားနှင့် အော်တော့သည်။ သူ့ပါဒဏ်ရာရသဖြင့် သရုပ်ဆောင်သည့်မှာ ဟန်ကျလှသည်။

"လာကြပါဦးဗျို့၊ ဒီမှာလုံကွဲပြီး မီးလောင်နေပြီ၊ အိမ်ဖော်များ၊ ဝပ်ရှော့မှလူများရောက်လာသဖြင့် ဗိုရုံအား လောင်နေသောမီးအား ငြိမ်းသတ်နိုင်သော်လည်း အဖေကြီးအသက်ကိုတော့ မကယ်နိုင်တော့ပါ။ အဖေကြီးမှာ အနီးကပ်လုံပေါက်ကွဲသဖြင့် လက်ပစ်ဗုံးကွဲသလို၊ လုံအစများမှန်ကာ မျက်နှာနှင့်ရင်ဘတ်တစ်ခုလုံး ဒဏ်ရာကြီးများရကာ အသေထွက်ထွက်သွားရခြင်းဖြစ်သည်။ ဓါတ်လုံးကတော့ ဘယ်ဆီပြန့်လွင့် သွားကြောင်း မသိရတော့ပါ။

နှစ်ဦးစလုံးအား ဆေးရုံပို့ရသည်။ အဖေကြီးမှာ သေဆုံးပြီဖြစ်သဖြင့်ရင်ခွဲတိုက်ပို့ခံရပြီး၊ မောင်တင်ထွေးအား အတွင်းလူနာအဖြစ် ဆေးရုံတင်ရသည်။ သက်ဆိုင်ရာမှ အသေးစိတ်စစ်ဆေးသည်။ မီးလောင်မှုဖြင့် မောင်တင်ထွေးအား အမှုဖွင့်သည်။ ဗိုရုံထဲတွင် မီးလောင်စေသော ပစ္စည်းအစိတ်အပိုင်းများတွေ့ရမှု၊ ယမ်းနံ့ကျန်ရစ်မှုကြောင့် လူသေမှုဖြင့် မောင်တင်ထွေးအား တရားစွဲ၍ချုပ်နှောင်ပြီး ဒဏ်ရာသက်သာသည်နှင့် ထောင်ကြီးချုပ်သို့ပို့တော့သည်။

ထိုအချိန်တွင်သတင်းကြားသဖြင့် ကျုံပျော်မြို့မှဦးထွန်းလှ ရောက်လာသည်။မောင်တင်ထွေးမှာ ကျုံပျော်မြို့မှကွယ်လွန်သူ ဦးထွန်းလှအောင်၏သားဖြစ်ကြောင်း၊ ငယ်အမည်မှာ ဘိုနီဖြစ်ပြီး ဦးထွန်းလွင်မိသားစုအား ကလဲ့စားချေခြင်းဖြစ်နိုင်ကြောင်း သက်သေထွက်ဆိုတော့သည်။ မောင်တင်ထွေးမှာ "တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ်"ဆိုသော ရှေးစကားပုံလိုပင် သက်သေအထောက်အထားထင်ရှားသဖြင့် မီးလောင်မှု လူသေမှုမှ လူသတ်မှုဖြင့် ပြောင်းလဲတရားစွဲချုပ်နှောင်ခံရတော့သည်။

ဦးထွန်းလွင် သတ်ခံရသောအမှုအတွက် တရားစွဲဆိုနိုင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလှက အစ်မကြီးဒေါ်တင်ရွှေသေဆုံးမှု၊ အမေကြီးဒေါ်စောတင် သေဆုံးမှု၊ အငယ်မောင်တင်မြင့်တို့ သေဆုံးမှုတို့ကိုလည်း အပြစ်ပေးနိုင်ရန် တရားရုံးသို့ ဦးတိုက်လျှောက်ပြန်သည်။ သို့သော် ထိုအမှုများမှာ ဖြစ်တတ်သော သဘာဝရှိသဖြင့်လည်းကောင်း၊ သက်သေမခိုင်လုံသောကြောင့်လည်းကောင်း၊ အမှုဖွင့်၍မရခဲ့ပါ။ တစ်ခါတိုက်ကြီး ချုံးဖြူကန်တက်လမ်းတွင် အစ်ကိုကြီးကိုတင်ထွန်းကားမှောက်မှုမှာလည်း လူသက်သေ၊ ပစ္စည်းသက်သေ မခိုင်လုံသောကြောင့် အမှုမှ မောင်တင်ထွေး တရားသေလွတ်ခဲ့ပါသည်။

စီမံကိန်းချ၊ အကွက်ဆင်၍ စနစ်တကျကလဲ့စားချေခဲ့သော မောင်တင်ထွေးမှာ ကျုံပျော်မြို့မှ ဦးထွန်းလှအား လျှော့၍တွက်ခဲ့မိခြင်း ဖြစ်သည်။ ဦးထွန်းလှမှာ မောင်တင်ထွေး၏အဖေ ဦးထွန်းလှအောင်၏ တပည့်ရင်းဖြစ်ခဲ့၍ မောင်တင်ထွေးငယ်စဉ်က လက်ပွန်းတတီး နေခဲ့ဘူးသောကြောင့် ငယ်ရုပ်ကိုဖမ်းခါ ပထမဆုံးတွေ့စဉ်ကပင် ဘိုနီဟုခေါ်ခဲ့ခြင်းဖြစ်သည်။ တစ်ခါ ဦးထွန်းလှမှာ ဦးထွန်းလွင်နှင့်ငယ်ပေါင်း သူငယ်ချင်းဖြစ်၍ ဦးထွန်းလှအောင်တို့ ပစ္စည်းများအား မောင်ပိုင်စီးထားခြင်းကိုလည်း သိနေသည်။ သို့သော် ငယ်စဉ်ကနှင့်မတူဘဲ ခန့်ညားချောမောလှသော မောင်တင်ထွေးအား ဘိုနီအဖြစ်ထင်မှတ်သော်လည်း မသေချာသဖြင့် လိုက်လံစုံစမ်းနေသောကြောင့် အချိန်ကြာမြင့်သွားခြင်းဖြစ်သည်။ နောက်ဆုံးမောင်တင်ထွေးမှာ အိမ်မှထွက်ပြေးစဉ် မန်နေဂျာကြီး ဦးသန်းက လျှို့ဝှက်စွာခေါ်ယူမွေးစားထားကြောင်း သိရှိသွားခဲ့သည်။ ထို့ကြောင့် မောင်တင်ထွေးမှာ ငယ်နမည်ဘိုနီဖြစ်၍ ဦးထွန်းလှအောင်၏ သားဖြစ်ပြီး ကလဲ့စားချေ လုပ်ကြံသတ်ဖြတ်ခြင်း ဖြစ်ကြောင်း ရုံးတော်သို့ ဦးတိုက်လျှောက်လဲခဲ့ခြင်းဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

မောင်တင်ထွေး (ခေါ်) မင်းသားလေးက ကျွန်ုပ်အား ပြောချိန်တန်၍ ပြောပြခဲ့ပါသည်။ ကျွန်ုပ်သည် အထက်ကဆိုခဲ့သလို တရားသူကြီးလည်းမဟုတ်၊ ရဲအရာရှိလည်းမဟုတ်သဖြင့် ကျွန်ုပ်အား မင်းသားလေး ဝန်ခံချက်များမှာ တရားဝင်မည်မဟုတ်ပါ။ ကျွန်ုပ်တိုက်တွန်းမှုကြောင့် မင်းသားလေးမှာအဆင့်ဆင့် အယူခံဝင်ပါသည်။ အပြင်တွင်ရှိသည့် မနှင်းဖြူကလည်း အကောင်းဆုံးရှေ့နေများငှားရမ်းပေးရာပါသည်။ သို့သော်မင်းသားလေးမှာ အသက်ကြီးသူ ဦးထွန်းလွင်အားရက်စက်စွာ အသေခံသတ်ဖြတ်မှုအတွက် နောက်ဆုံးအယူခံရှုံးသည်။

နောက်ဆုံးအယူခံရှုံးလျှင် တစ်ပတ်အတွင်း ကြိုးပေးကွပ်မျက်ရတော့မည်ဖြစ်၍ ကျွန်ုပ်တစ်ည တာဝန်မှူးကျစဉ် ကြိုးတိုက်များအားစစ်ဆေးရင်း မင်းသားလေးအားသွားရောက် တွေ့ဆုံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားလေးရေ ယောက်ျားဘဲကွာ သူ့အလှည့်ကိုယ့်အလှည့် ဒါပေမဲ့ မင်းဘက်ကတန်ပါတယ်၊ မင်းစိတ်ဆန္ဒအတိုင်း လုပ်ချင်ရာ ခဲ့ပြီးပြီဘဲ"

"ဆရာရယ် တစ်ယောက်သတ်လည်း ကြိုးမိန့်၊ (၅)ယောက် တ်လည်းကြိုးမိန့်ပါဘဲ မထူးတော့ပါဘူး၊ ကျွန်တော်မှားသွားတယ်၊ အကြီးဦးထွန်းလွင်ကို ကျွန်တော်မသတ်သင့်ဘူး တခြားအမှုတွေက ရှိခဲ့တယ်လေ"

"မင်းသားလေးရေ ကံ၊ ကံ၏အကျိုးတဲ့ကွ သေနေ့စေ့ရင်တော့ ကြောင်းတစ်မျိုးမျိုးကြောင့် သေရမှာဘဲ"

"ကျွန်တော်သေရမှာ မကြောက်ပါဘူးဆရာ ဒါပေမယ့် မနှင်းဖြူ စိတ်မချဖြစ်နေတယ်၊ သူ ကျွန်တော်မရှိရင် ပစ္စည်းဥစ္စာတွေနဲ့ သိမ်းနိုင်ပါ့မလားလို့ စိတ်ပူနေမိတယ်"

"အခုလည်း မင်းထောင်ထဲရောက်နေတာ ကြာပါပြီကွာ၊ နှစ်ဘဲ က်တော့မယ် သူနေတတ်ပါတယ်၊ အနီးမှာလည်း အားကိုးစရာ မွေးစားအဖေ မန်နေဂျာကြီး ဦးသန်းရှိပါသေးတယ်၊ နောက်ပြီး ည်းရှိပါတယ်"

"ကျေးဇူးအထူးတင်ပါတယ်ဆရာ"

နောက်ဆုံးအယူခံရှုံးသည်နှင့် ထောင်ဥပဒေအရ မင်းသားလေး ာင်တင်ထွေးအား ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ဆီးသွားနှုန်း၊ သောက်နှုန်းနှင့် အစားစာသောက်နှုန်းတို့ကိုပါ ထောင်ဆရာဝန်က ဆေးပြီး နေ့စဉ်ထောင်တာဝန်ခံအရာရှိထံသို့ သတင်းပို့ရတော့သည်။

မဖြစ်မနေလုပ်ဆောင်ရသော ထုံးစံများကရှိသေးသည် ကြိုး မားအား ထောင်ပိုင်ကြီးကိုယ်တိုင်က နောက်ဆုံးအယူခံရှုံးသဖြင့် ကြိုးပေးမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်ပြောဆို အသိပေးပြီး ထောင်မှတ်ပုံတင်စာအုပ်ကြီးတွင် လက်မှတ်ရေးထိုးခိုင်းရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုမှာ ကြိုးသမားနှင့် သက်ဆိုင်သူ ဇနီးမယား၊ ဆွေမျိုး သားချင်းအား ကြိုးသမားနှင့် နောက်ဆုံးထောင်ဝင်စာတွေ့ ဆုံပေးရခြင်းဖြစ်သည်။

ကြိုးသမားနောက်ဆုံး ထောင်ဝင်စာတွေ့ဆုံစဉ်နေ့က ကျွန်ုပ်လွန်စွာစိတ်မကောင်းဖြစ်မိသည်။ မနှင်းဖြူမှာ စကားပင်မပြောနိုင်တော့ဘဲ တစ်ချိန်လုံးငိုနေသည်။ မောင်တင်ထွေးကတော့ မှာစရာရှိသည်များမှာ မနှင်းဖြူဘဝရှေ့ရေးအတွက်နှင့် မွေးစားဖခင် ဦးသန်းနှင့် မိခင်ဒေါ်စောတို့အား သူကွယ်လွန်လျှင် မနှင်းဖြူက ဗိုလ်တထောင်အိမ်တွင် ခေါ်ထားပြီး သူ့မိဘများသဖွယ် တစ်သက်လုံးစောင့်ရှောက်ကျွေးမွေးရန် သူသေဆုံးပြီး (၇) ရက်လည်သောနေ့တွင် ကျေးဇူးရှင် ဓါခင်းတောင်ပေါ်ဆရာတော်ထံသွား၍ လှူဖွယ်ဝတ္ထုအစုစုဖြင့် သပိတ်သွတ်အမျှအတန်းဝေရန်ဖြစ်သည်။ မနှင်းဖြူက ခေါင်းသာညိတ်နေသည်။ စကားပြန်မပြောနိုင်တော့ပါ။

ထောင်ဝင်စာတွေ့ပြီးနောက် မနှင်းဖြူက ကျွန်ုပ်နှင့်တွေ့ဆုံပြီး မောင်တင်ထွေးအား ကြိုးမပေးမီမှာကြားသော စကားများအား သူမအား ပြန်ပြောရန်နှင့် စားသောက်လိုသော ပစ္စည်းများအား ဝယ်ခြမ်းပေးရန် ငွေများထုတ်ပေးခြင်းဖြစ်သည်။

ကျွန်ုပ်က လက်မခံဘဲ၊

''မနှင်းဖြူရေ ကြိုးသမားနောက်ဆုံးအချိန်မှာ စားသောက်လိုရာ တယ်ကျွေးရတာ၊ ထောင်ဥပဒေအရ လုပ်ရတာကွဲ့. မနှင်းဖြူတို့ ပေးစရာမလိုပါဘူး နောက်ပြီး ကြိုးသမားအတွက် ဘုန်းကြီးဆွမ်းကပ် တရားနာပြီး သရဏဂုံတင်ရတာလည်း ထောင်ကပဲလုပ်ပေးရတာပါ၊ နောက်ဆုံးတစ်ခုကတော့ ကြိုးပေးပြီးအလောင်းကို သဂြိုလ်ဖို့ မနှင်းဖြူ တို့လျှောက်ပိုင်ခွင့်ရှိပါတယ်၊ အဲဒီတော့မှ ကြိုက်သလို သဂြိုလ်ပြီး အလှူလုပ် အမျှဝေကြပေါ့ကွယ်နော်''

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာ ဆရာလည်း အတတ်နိုင်ဆုံးကူညီပါဦးနော်၊ ဆရာတပည့်ကိုထွေးက ဆရာ့ကိုအလွန်လေးစားချစ်ခင်တာပါ၊ ကိစ္စတွေပြီးရင်လည်း ကျွန်မကိုပစ်မထားပါနဲ့နော် ဆရာ အင့်–အီးဟီးဟီး"

"တရားနဲ့ဖြေပါ မနှင်းဖြူရယ် ကိစ္စတွေကလွန်ကုန်ပြီဘဲ မနှင်းဖြူသာ ဒီအကြောင်းတွေကို အစောပိုင်းသိရင်တားနိုင်တာပေါ့ မောင်တင်ထွေးက မနှင်းဖြူစကားကိုနားဝင်မှာပါ"

"ဟုတ်ပါတယ်ဆရာရယ် ကိုထွေးက ခံစားချက်ပြင်းတော့ နှစ်ရှည်လများ ဒုက္ခခံပြီး ကြိတ်ကြဲနေတာကို နှင်းဖြူမှမသိခဲ့ဘဲ သူကလည်း အလွန်နှုတ်လုံတယ်၊ အမှုအယာလည်းတစ်ချက်မှ မပျက်ခဲ့ဘူးလေ"

"မောင်တင်ထွေးက အတော်ရှားတဲ့ ယောကျ်ားကောင်းပါဘဲကွယ် ဒါပေမယ့် ကလဲ့စားချေခြင်းဟာ ချိုမြိန်တယ်ထင်ပြီး တစ်လွဲဆံပင်ကောင်းခဲ့တာတော့ ဆိုးလှသကွယ်၊ အင်း ဒါလည်း သူ့ခံစားချက်ဆိုတော့လည်း မပြောသာဘူးပေါ့ကွယ် ဆရာတို့နဲ့တွေ့ရတာလည်း နောက်ကျသွားတာပေါ့ကွယ် ငယ်စဉ်ကနာကြည်းစိတ်က သံမှိုနှက်သလို စွဲထင်သွားတာကိုးကွဲ့"

"ဟုတ်ပါတယ်ဆရာရယ် ဒီအကြောင်းတွေကို နှင်းဖြူလည်း အခုမှသိရတာပါ၊ ဒါတောင်နှင်းဖြူ သူ့ကိုအပြစ်မတင်ရက်ပါဘူး သူ့ခင်များ ကလေးဘဝကတည်းက ခံစားခဲ့ရရှာတာပါ အဖေကြီး၊ အမေကြီးနဲ့ အစ်ကိုကြီး၊ အစ်မကြီးတို့ ဒီလောက်ရက်စက်မယ်လို့ မထင်ခဲ့မိပါဘူးရှင်"

"ဝဋ်ကြွေးလို့ဘဲမှတ်ရမှာပေါ့ မနှင်းဖြူရယ် ပြုသူအသစ် ဖြစ်သူအဟောင်းလို့တောင် စကားပုံရှိတယ်မဟုတ်လားကွဲ့"

"ဟုတ်ကဲ့ပါဆရာ"

"ရှေ့ဆက်ပြီးဘာလုပ်ရမယ်ဆိုတာသာ မနှင်းဖြူ စဉ်းစားထားပါ မန်နေဂျာကြီးဦးသန်းကလည်း မောင်တင်ထွေးရဲ့ အဖေအရင်းလို



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရသူပါ သူတို့တွေ သံယောဇဉ်ကြီးကြပါတယ် အဲဒါကြောင့် မနှင်းဖြူကိုလည်း စိတ်ချရအောင် သူ့မွေးစားမိဘတွေကို စောင့်ရှောက်ရာရောက်အောင် မနှင်းဖြူတို့အတူနေကြဖို့ မောင်တင်ထွေးက စီစဉ်ပေးတာပါ"

"ဟုတ်ကဲ့ပါဆရာ မနှင်းဖြူမှာလည်း မိဘနဲ့အုပ်ထိန်းသူမရှိတော့လို့ အမိအဘအရာထားပြီး ပြုစုလုပ်ကျွေးပါ့မယ် ဆရာလည်း မကြာခဏလာပြီးနှင်းဖြူတို့ကို ဆိုဆုံးမပါဆရာ နှင်းဖြူအားကိုးပါရစေ"

"အေးအေး ကောင်းပါပြီကွယ် သက်ကြီးရွယ်အိုကို ထိမ်းသိမ်းလုပ်ကျွေးရတဲ့ ကုသိုလ်ဟာ အင်မတန်ကြီးမြတ်ပါပေတယ်"

"သာဓုပါကွယ်-သာဓု-သာဓု"

BURMESE CLASSIC

မောင်တင်ထွေးအား ကြိုးပေးရန် ထောင်တွင်လည်းအလုပ်များနေပါပြီ အချိန်နီးလာလေလေ အစောင့်အရှောက် တာဝန်ပိုချထားရပြီး တာဝန်မှူး တာဝန်ကြပ်နှင့် သက်ဆိုင်ရာထောင်အရာရှိများ ဆရာဝန်နှင့် ဆေးမှူးများက တစ်နာရီတစ်ကြိမ် စစ်ဆေးနေရသည်။ ကြိုးသမားအများစုမှာ အသတ်ခံရမည်အချိန်နီးလာသည်နှင့်အမျှ စိတ်လှုပ်ရှားတတ်ကြပြီး ရူးသွပ်သွားသူများ မိမိကိုယ်မိမိသတ်သေမှုများ ထောင်သမိုင်းတွင်ရှိခဲ့ဖူးသည်။

ထို့ကြောင့် ကြိုးသမားအား အစောင့်ဝန်ထမ်းမှာ လုပ်သက်အတွေ့အကြုံရှိပြီး ရှေ့ဦးသူနာပြု သင်တန်းဆင်းများကို ဦးစားပေး၍ အစောင့်ချထားရပါသည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရပြီး ငုင်းတပ်သားအား ချိတ်ပိတ်ထားသော ကြိုးသမားတိုက်ခန်းသော့ကို ပေးထားရသည်။ အရေးပေါ်အခြေအနေတွင် တိုက်ခန်းသော့အားဖွင့်ပြီး ကြိုးသမားအား ကယ်တင်ပြုစုရန်ဖြစ်သည်။

ကြိုးသမားအချို့မှာ စိတ်ဖောက်ပြန်သွားပြီး ဦးခေါင်းနှင့်နံရံကိုအား ဆောင့်၍လည်းကောင်း၊ ကိုယ်တွင်ဝတ်ဆင်ထားသည့်လုံချည်အား



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလုပ်၍ သံတံခါးထိပ်တွင် ချည်နှောင်၍ခုန်ချခြင်းဖြင့်လည်းကောင်း အဆုံးစီရင်တတ်ကြသည်။

ထောင်ဥပဒေအရ ကြိုးသမားအား ကြိုးပေးကွပ်မျက်သည်မှ လွဲ၍ အခြားနည်းဖြင့် မသေစေရ၊ အကယ်၍သေဆုံးခဲ့သော် ကြိုးတိုက်တာဝန်ခံထောင်မှူး၊ ကြိုးစောင့်ဝန်ထမ်း၊ အကြပ်ကြီးနှင့် တာဝန်မှူး တာဝန်ကြပ်တို့ တစ်သီကြီး အရေးယူခံရမည်သာဖြစ်ပေသည်။

တစ်ပတ်ခန့်သာလိုတော့၍ မောင်တင်ထွေးအား ကြိုးပေးရန် အရပ်အတိုင်းအထွာနှင့်အညီ မနီလာကြိုးကြီးများလည်း အလုပ်ဘက် ဂိုဒေါင်ကြီးအတွင်း၌ ကျစ်နေပြီဖြစ်သည်။ သုံးလွှန်တင်၊ အချင်းတစ်လက်မ ခန့်ရှိသော ကြိုးကြီးနှစ်ချောင်းအားကျစ်ပြီး ဆန့်လိုက်ခွေလိုက် ဆွဲလိုက်နှင့် ကျွမ်းကျင်သူများက ပြင်ဆင်နေသည်။ ကြိုးပေးရာတွင် စနစ်တကျ အလွန်တော်သော ထောင်ပိုင်ကြီးမစ္စတာမဂ္ဂနန်းကလည်း မနက်တစ်ကြိမ် ညနေတစ်ကြိမ် လာရောက်ကြည့်ရှုသည်။ တာဝန်မှူးကျ၍ လိုက်ပါရ သော ကျွန်ုပ်တို့ထောင်မှူးများမှာတော့ စိတ်မချမ်းသာကြပါ၊ ကျွန်ုပ်တော့ မောင်တင်ထွေးနှင့် ရင်းနှီးခင်မင်သူဖြစ်၍ ပို၍စိတ်မကောင်း ဖြစ်ရသည်။

ရှေးခေတ်က အင်္ဂလိပ်အရာရှိများမှာ ကြက်၊ ငှက်ကိုလှောင်ထား လျှင်မစား၊၊ လှောင်အိမ်ထဲတွင် စိတ်မကောင်းဖြစ်နေ၍ မချိုမြိန်ဟု ယူဆကြသည်။ လှုပ်ရှားပျံသန်းနေစဉ် ပစ်၍စားမှ လတ်ဆတ်ချိုမြိန် သည်ဟုအယူရှိကြသည်။ ကြိုးပေးသည်မှာလည်း အင်္ဂလိပ်လက်ထက် ကတည်းက ပြဋ္ဌာန်းထားခဲ့သော အကျဉ်းထောင်လက်စွဲဥပဒေအရဖြစ် သည်။ ချိုမြိန်သည် မမြိန်သည်တော့ ကျွန်တော်လည်းမသိပါ၊ လူတစ် ယောက်အားသတ်ရာတွင် သက်သက်သာသာနှင့် အမြန်ဆုံးသေဆုံး စေသောနည်းဟုတော့ သိထားသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်တော့ မည်သို့ရှိမည်မသိပါ။ ကျွန်ုပ်အဖို့တော့ ထောင်တွင်း သွားလေရာနေရာတိုင်း၌ မင်းသားလေးအကြောင်းပြောဆို ဝေဖန်နေကြသည်နှင့်သာ တစ်ပတ်လုံးကြုံတွေ့နေရသည်။

အသုံးမပြုတာကြာပြီဖြစ်သော အင်းစိန်ထောင်အနောက်ဘက် နှင်းဆီခြံအတွင်းရှိ ကြိုးစင်ကြီးကိုလည်း တပ်ကြပ်ကြီးဦးစိုးတင့်က သံတံခါးများအား အမဲဆီထိုး၍ တိုက်ချွတ်ပြင်ဆင်နေသည်ကိုတွေ့ရ သည်။ ညဘက်မျှော်စင်ကင်းများ စစ်ဆေးရာ၌လည်း မင်းသားလေးနှင့် ကိုယ်အလေးချိန်တူ သံအိတ်ကြီးအား သံဘာဂျာတံခါးပေါ်တင်၍ မောင်းတံဆွဲပြီးလေ့ကျင့်နေပြန်သည်။ ဦးစိုးတင့်မှာ အာဂအဖိုးကြီးဖြစ် သည်။ ကြိုးစင်ကိစ္စများအား တစ်ယောက်တည်းနေ့နေ့ညညလှုပ်ရှား လေ့ကျင့်နေတတ်သည်။ အကြောက်အလန့်မရှိ သူ့ကိုမကြောက်ဘူးလား ဟုမေးလျှင်လည်း ပြန်ဖြေတတ်သည်မှာ–

BURMESE CLASSIC

"ဘာလို့ကြောက်ရမှာလဲဆရာ တစ္ဆေသရဲဆိုတာ လူသေမှ ဖြစ်တာမဟုတ်လား ကျွန်တော်တို့က လူရှင်လေ ဘာလို့သူတို့ကို ကြောက်ရမှာလည်း ကျွန်တော်တို့သတ်လို့ သူတို့သေရတာ၊ သရဲတစ္ဆေ ဘဝက လာခြောက်ရင်တော့ နှစ်ခါပြန်သေသွားရလိမ့်မယ် သူတို့က လူတွေကို အလွန်ကြောက်ပါတယ်ဆရာရယ် ထောင်ဝန်ထမ်းဆို ပိုကြောက်သေး ငယ်နိုင်တွေပါဆရာရယ်" ဟုပြောလေ့ပြောထရှိသည်။ အလွန်နှုတ်လုံသောအဘိုးကြီးလည်းဖြစ်သည်။ သတ္တိကောင်းချက်ကတော့ ရှားသည်၊ စကားပြောဆိုခြင်းလည်းအလွန်နည်းသည်၊ အထက်အရာရှိ လုပ်နိုင်းတာမှန်သမျှ ဦးလည်မသုန်တာဝန်ထမ်းဆောင်တတ်သည်။ ထို့ကြောင့် အာဂအဖိုးကြီးဟုအထက်တွင် ကျွန်ုပ်ဆိုခဲ့ခြင်းဖြစ်သည်။

(၇) ရက်ပြည့်သောမနက် (၄)နာရီအရောက် ကျွန်ုပ်တို့ထောင် အရာရှိများအား ထောင်ပိုင်ကြီးက တပ်လှန့်ထားသည်။ ကျွန်ုပ်က



www.burmeseclassic.com

www.burmeseclassic.com



ညလည်ပိုင်းတွင်သာ အိပ်၍ရပြီး မနက် (၃)နာရီလောက်ကတည်းက စိတ်စောပြီးနိုးနေသဖြင့် မျက်နှာသစ် ဘုရားဝတ်ပြု ပုတီးစိပ်၊ အမှုဝေဖြင့် အတော်အလုပ်များသွားသည်။ ပြီးနောက် ကော်ဖီပူပူလေးတစ်ခွက်အား ကိုယ်တိုင်ဖျော်၍သောက်ပြီး ယူနီဖောင်းလဲကာ ထောင်တွင်းသို့ ထင်ရောက်ခဲ့သည်။

ထောင်ပိုင်ကြီးရုံးခန်းဝင်၍သတင်းပို့ရာ တော်ပါသေးသည်၊ ယနေ့ ဒါက်ဖြုတ်ရမည့်သူမှာ ကျွန်ုပ်မဟုတ် ဦးအေးသောင်းဟူသော ထောင်မှူးဖြစ်သည်။ မနက် (၄)နာရီထိုးသည်နှင့် တရားသူကြီးအဖွဲ့နှင့် ရဲအဖွဲ့ဝင်များရောက်လာကြသည်။ တပ်ကြပ်စံသိန်းနှင့်အဖွဲ့ ထောင်ကျောင်းဆရာတော်အားပင့်လာသည်။ ဆရာတော်အား ဆွမ်းကပ်တရားနာပြီးနောက် ညွှန်ပရိတ်သတ်အား မှန့်ဟင်းခါးကျွေးသည် (၄း၂၀) နာရီတွင် ဘုန်းတော်ကြီးနှင့်အတူ ကြိုးတိုက်ဝင်၍ မင်းသားလေးအား သရဏဂုံတင်သည်။ သရဏဂုံတင်သည်မှာ လူသေပြီးမှဖြစ်သော်လည်း ယခုတော့ မင်းသားလေးအသက်ရှင်လျက် သရဏဂုံတင်ရခြင်းဖြစ်သည်။ မင်းသားလေးမှာ အေးဆေးတည်ငြိမ်နေသည်။ နောက်ဆုံးမှာစရာစကားပြောလိုသည်ဆိုသဖြင့် ကျွန်ုပ်ကပ်သွားရာ ငင်းစုဆောင်းထားသော ငွေကြေးများမှာ ကားဂိုဒေါင်အပေါ်ထပ် သံသေတ္တာအတွင်း၌ရှိကြောင်း၊ သူကွယ်လွန်သျှင် ယင်းငွေဖြင့်ပင် အလှူအတမ်းလုပ်ပေးရန်နှင့် ကွယ်လွန်သူအားလုံးအား ရည်စူး၍အမျှအတန်းဝေပေးရန် မနှင်းဖြူကိုပြောပေးရန်မှာကြားပါသည်။ ကျွန်ုပ်တာဝန်ယူကြောင်းပြောလိုက်ရာ သူ့ခန္ဓာကိုယ်အား ကြိုက်သလိုစီစဉ်ရန် အေးဆေးစွာခွင့်ပြုပါသည်။

နောက်ကွဲအင်္ကျီဝတ်ပေးခြင်း၊ လက်နောက်ပြန်ကြိုးချည်ခြင်း ဦးထုပ်ဖြူအချွန်ကြီးအားဆောင်း၍ ကြိုးတိုက်သို့ ခေါ်ဆောင်လာစဉ် ဒုတယ်ကြပ်မောင်မောင်ကြီးနှင့်အဖွဲ့က သံဝေဂအလင်္ကာရွတ်၊ ကြေးစည်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်၍ရှေ့မှသွားနေပါသည်။ ကြိုးသမားနှင့် ကြိုးထိန်းအဖွဲ့က အလယ် ကျွန်ုပ်တို့နှင့် တရားသူကြီး၊ ရဲတပ်ဖွဲ့ဝင်များက နောက်ကလိုက်ကြသည်။

တစ်ဆယ့်သုံးထစ်ရှိသော ကြိုးစင်လှေခါးကို ကြိုးထိန်းများကဆွဲ၍ မင်းသားလေးအားခေါ်ဆောင်ပြီး ကြိုးတိုင်အောက်တွင်တည်ရှိသော ဘာဂျာတံခါးပေါ်သို့ ခြေအစုံကို နေရာချထားသည်။ ပြီးနောက် တပ်ကြပ်ကြီးဦးစိုးတင့်နှင့် ထောင်ပိုင်ကြီးတို့က ကြိုးသမား၏ခေါင်းစွပ်အပေါ်မှ နေ၍ ကြိုးကွင်းကိုနေသားတကျစွပ်ပေးပြီး အနေတော်တင်းပေးသည်။

ကြိုးသမားက နောက်ဆုံးစကားပြောလိုသည်ဟု ကျွန်ုပ်အားခေါ် နိုင်းသဖြင့် ကျွန်ုပ်ကြိုးစင်ပေါ်သို့ တက်ရပြန်သည်။

"မင်းသားလေး ငါပါ ပြောစရာရှိတာ မှာစရာရှိတာပြောပါ ငါအတတ်နိုင်ဆုံးဆောင်ရွက်ပေးပါမယ်"

"ဆရာလား ကျွန်တော် စကားနည်းနည်းပြောခဲ့ချင်လို့ပါ အဖေကြီးဦးသန်း၊ အမေဒေါ်စောကို ကျွန်တော်နောက်ဆုံးနှုတ်ဆက် ကန်တော့သွားကြောင်းပြောပေးပါ၊ မနှင်းဖြူကို ကျွန်တော်အလွန်ချစ် ကြောင်း၊ ချစ်လွန်းလို့ လွတ်လပ်ခွင့်ပေးပါကြောင်း၊ နှစ်သက်သဘော ကျသူနဲ့လက်ထပ်နိုင်ကြောင်း အဖေဦးသန်းနဲ့အမေဒေါ်စောကို မိဘအရင်း သဘွယ် ကျွန်တော်ကိုယ်စား လုပ်ကျွေးဖို့မမေ့ပါနဲ့လို့မှာပေးပါခင်ဗျာ"

"အေးအေး စိတ်ချပါ အတိအကျပြောပေးပါမယ်"

"ကျွန်တော်လုပ်ကြံခဲ့သူအားလုံးကို ခွင့်လွှတ်ကြဖို့ ကျွန်တော် နောက်ဆုံးတောင်းပန်ပါတယ် ကဲဆရာတို့သဘောကျဆောင်ရွက်ပါတော့ ကျွန်တော့်ရဲ့ကျေးဇူးရှင် ဝါးခင်းတောင်ပေါ်ကျောင်းဆရာတော်ကို အာရုံပြု ရှိခိုးရင်း ကျွန်တော်ဘဝကူးပါရစေ၊ ဆရာကိုအားလည်းကိုးတယ် ကျေးဇူး လည်းတင်တယ်နော်"

"အေးအေး မင်းရဲ့ကောင်းမွန်သောစိတ်ဓါတ်ကြောင့် ကောင်းရာ သုဂတိလားပါစေကွာ"

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



(၄း၄၅)နာရီတိတိတွင် ထောင်ပိုင်ကြီးက နာရီကြည့်၍ အမိန့်ပေးပါသည်။

''ဖြုတ်''

''ဝုန်း–ဒိုင်း''

''အိ . . . အား အား အား. . . ဂူး ဂူး ဂူး''

ဒေါက်ဖြုတ်၍ မောင်းလက်ဖြုတ်ပြီး သံဘာဂျာတံခါးက ဘောင်နှင့်ရိုက်သံ မင်းသားလေး၏ နောက်ဆုံးအော်သံ၊ ကျီးကန်းများပြိုသံ၊ ထောင်အုတ်တံတိုင်းကြီးအပြင်မှာ ခွေးများအူသံမြင့် ထောင်လောကမနက်ခင်းအား လှုပ်နိုးလိုက်ပါသည်။

ငါးမိနစ်စောင့်၍ ကြိုးမှာငြိမ်သွားစဉ် ကြိုးစင်အောက်အခေါင်းထဲဝင်၍ ဆရာဝန်နှင့်အဖွဲ့က သေဆုံးခြင်းရှိ မရှိ စစ်ဆေးသည်။ သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်းငြိမ်သက်ပြီး ဆရာဝန်က သေဆုံးကြောင်း အတည်ပြုမှတပ်ကြပ်စံသိန်းနှင့်အဖွဲ့က လည်းပင်းမှကြိုးကွင်းဖြုတ်၍ သယ်လာပြီးအသင့်ပြုလုပ်ထားသော အခေါင်းထဲထည့်၍ တရားသူကြီးနှင့် ရဲအဖွဲ့အားပြရသည်။ ၎င်းတို့ကသေဆုံးကြောင်း အတည်ပြုမှ ကျွန်ုပ်ဦးဆောင်၍ထောင်ကားပေါ်သို့တင်ပြီး ထောင်ပြင်ထုတ်၍ အလောင်းလျှောက်ထားသော မနှင်းဖြူနှင့် မွေးစားဖခင်ဦးသန်းလက်သို့ အပ်ရသည်။ ထူးဆန်းသည်မှာ သံယောဇဉ်ကြောင့်ထင်ပါသည်။ မနှင်းဖြူတို့နှင့်အတူ ဝါးခင်းတောင်ပေါ်ကျောင်းဆရာတော်ပါ လိုက်ပါလာ၍ အသုဘရှုခြင်းဖြစ်သည်။

မနှင်းဖြူကတော့ သည်းသည်းလှုပ် ငိုကြွေးသည်။ မန်နေဂျာကြီးဦးသန်းကတော့ မျက်ရည်စို့နေသည်။

မင်းသားလေးအလောင်းအား ကျွန်ုပ်တို့ ကြိတောသုသာန်သို့ပို့ဆောင်ကြသည်။

ဝါးခင်းတောင်ဆရာတော်မှာ သရဏဂုံတင်ပေးပြီး ဆုံးမ[illegible]မိန့်ကြားသည်။ အမျှဝေ သာခုခေါ်ကြသည်။ ပြီးနောက်အသင့်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားသော ဂူအတွင်းသို့ သွတ်သွင်းကာ၊ သင်္ဂြိုလ်လိုက်ကြသည်။

သို့သော် ကျွန်ုပ်တာဝန်ကတော့ မပြီးသေးပါ၊ မင်းသားလေး(ခေါ်) မောင်တင်ထွေးမှာကြားခဲ့သည့် နောက်ဆုံးစကားများအား မနှင်းဖြူ ဦးသန်းနှင့် ဝါးခင်တောင်ကျောင်းဆရာတော်အား ပြန်လည်ပြောပြ လျှောက်ထားရခြင်းဖြစ်ပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေမနေ့တစ်နေ့ မနက်ခင်းတွင် ကျွန်ုပ်အချုပ်ရုံးတွက်ဝရမ်းများစစ်နေခိုက် ပုံစံခန်း၊၊ အခန်းလူကြီးမြင့်ဦးနှင့် ကရင်အဖိုးကြီးတစ်ဦး ရုံးခန်းထဲသို့ဝင်လာသည်။

"မြင့်ဦး ဘာကိစ္စလဲကွ"

"ဆရာ အညောင်းပြေနှိပ်ချင်ရင် အနှိပ်ခံရအောင် အနှိပ်သည်ခေါ်လာတာပါဆရာ"

"တော်ပါကွာ တစ်နေ့တစ်နေ့ ဗူးတံခါးနဲ့ အချုပ်ရုံး အခေါက်ပေါင်းများစွာ လမ်းလျှောက်နေရလို့ အညောင်းပြေနေပါပြီကွာ နောက်ပြီး ငါကအနှိပ်မှမခံတတ်ဘဲ မြင့်ဦးရ"

"အဲလိုမဟုတ်ဘူးဆရာ၊ ဒီဆရာက အနှိပ်သည်ရိုးရိုးမဟုတ်ဘူး အကြောနားလည်တဲ့ပညာရှင်ပါဆရာ အတင်းကြီးမနှိပ်ဘူး ဖြည်းဖြည်းလေး ကိုင်တာနဲ့အညောင်းပြေတယ်"

ထိုအချိန်တွင် ဦးဟာလိန်းနိန်အမည်ရှိသော သူငယ်ခင်း 'ချင်း' လူမျိုး ထောင်မှူးကျွန်ုပ်ရုံးခန်းသို့ရောက်လာသည်၊ ယနေ့အလုပ်ပိတ်ရက်ဖြစ်သဖြင့် အင်္ဂလိပ်စကားလုံးစီ ကစားနည်း SCRABBLE ကစားရန်ဖြစ်သည်။ အလုပ်ပိတ်ရက်များတွင် ကျွန်ုပ်တို့အဖွဲ့ ထောင်လုံခြုံရေးတာဝန်သာရှိပြီး ထောင်ဖွင့် ထောင်ပိတ်တာဝန်၊ စည်းကမ်းထိန်းသိမ်းရေးတာဝန်လောက်သာရှိကြသဖြင့် အားလပ်ချိန်ရနေကြသည်။

ကျွန်ုပ်နှင့် အခန်းလူကြီးမြင့်ဦးတို့ ပြောစကားအား ဦးဟာလိန်းနိန်ကြားသွားသဖြင့်

"အနှိပ်သည်ဆရာလား အတော်ဘဲ၊ ကျွန်တော်လည်း အညောင်းထိုင်ရလွန်းတာနဲ့ အနှိပ်သည်ကောင်းကောင်းနဲ့ အနှိပ်ခံချင်တာမျိုး"

"လာ လာ မြင့်ဦး မင်းဆရာအနှိပ်မခံချင်ရင် ငါအနှိပ်ခံမယ် အနှိပ်သည်ဆရာခေါ်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ကျွန်ုပ်အားလပ်ချိန်များတွင် အညောင်းဆန့်သော အိပ်ယာကုတင်ပေါ်သို့ တက်လှဲတော့သည်။

ကျွန်ုပ်က "ဟာလိန်းနိန် မင်း SCRABBLE ကစားဖို့ လာတာမဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်တယ် သူငယ်ချင်း ငါဝရမ်းတွေစစ်နေရတာ ညောင်းလွန်းလို့ အနိုပ်ခံလိုက်ဦးမယ်ကွာ ထွန်းအောင်လွင်နဲ့ မြင့်ဦးတို့လည်းလာကြတော့မှာပါ သူတို့လာရင်မင်းတို့ကစားနှင့်ပါ၊ ငါတော့ခဏအိပ်ယူလိုက်ဦးမယ်ကွာနော်"

"အေးပါ အေးပါ ငါလည်း ဝရမ်းစစ်တာမပြီးသေးလို့ မကစားနိုင်သေးပါဘူးကွာ"

ဦးဟာလိန်းနိန်က ကုတင်ပေါ်လှဲနေရာ မန်းဆရာက ထိုင်ခိုင်းပြီး ဆံပင်များကို ဖွ၍ ဖွ၍နှိပ်သည်။ ပြီးနောက် လက်နှစ်ဖက်အားဆုပ်၍ ဖွဖွကလေး ဦးခေါင်းအားရိုက်ပေးသည်။ ပြီးနောက်မျက်ခုန်းမွေးကြောပါးကြော၊ နားရွက်ကြောများအား လက်မနှင့်လက်ညှိုးအသုံးပြုကာ ဆွဲပေးသည်။

မန်းဆရာ"ချင်းဆရာ နင့်မှာအပူတွေများနေတယ် ဦးခေါင်းက အပူပြောတာနော်၊ ငါနှိပ်ပေးပြီးရင် နွေလည်ကျ ခေါင်းလျှော်လိုက်ပါ၊ နင့်ခေါင်းထဲက အပူတွေအကုန်ထွက်သွားပြီး ခေါင်းမကိုက်တော့ဘဲ . ခေါင်းရှင်းသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဦးဟာလိန်းနိန်မှာ မျက်စေ့ကလေးမှေး၍ အိမ်ခံနေရင်း မန်းဆရာလုပ်သမျှသဘောကျနေသည်။

ထို့နောက် မန်းဆရာသည် ထိုင်နေသော ဦးဟာလိန်းနိန်၏ လည်ပင်းကြောနှစ်ခုအား လက်ညှိုးလက်မတစ်စုံနှင့် ညှပ်ကိုင်၍ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဦးဟာလိန်းနိန်မှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း အိပ်ယာပေါ်သို့လဲကျအိပ်ပျော်သွားတော့သည်။

ကျွန်ုပ် "မန်းဆရာ အန္တရာယ်ရှိရင်မလုပ်နဲ့နော်၊ ခင်းဗျားတိုက်ပိတ်ခံရလိမ့်မယ်"

"အန္တရာယ်မရှိပါဘူးဆရာ ချင်းဆရာက အပူများလို့ အနားပေးပြီး အပူထုတ်ပေးလိုက်တာပါ (၁၅) မိနစ်လောက်ကြာရင် အကြောဖွင့်ပေးလိုက်ပါ့မယ်"

ထိုစဉ် ထောင်မှူးဦးမြင့်ဦးနှင့် ဦးထွန်းအောင်လွင်တို့ ရောက်လာကြသည်။

"ဟ ဒီချင်း အသုဘက ဒီမှာလာဇိမ်ကျနေတာကိုး ကျွန်တော်တို့ သူ့ကိုလိုက်ရှာနေတာ အလုပ်ဆက်သွားပြီး အကြံအဖန်လုပ်သလားလို့ဗျာ"

ကျွန်ုပ် "ဒီနေ့အလုပ်ကြီးဘက်ပိတ်တယ်မဟုတ်လား"

"ဒီနေ့ပိတ်တာမှန်ပါတယ် ဒါပေမယ့် ကြိုးသမားအတွက် မွေ့ယာချုပ် ဂိုဒေါင်မှာကြိုးကျစ်နေပြီး လက်သမားဌာနမှာ ခေါင်းစပ်နေကြတယ်"

ကျွန်ုပ် "ဒီကိစ္စတွေကလည်း ခဏခဏဘဲဗျာ စိတ်ညစ်ဖို့ ကောင်းလိုက်တာ"

၁၅ မိနစ်ခန့်ကြာတော့ ကိုဟာလိန်းနိန် အိပ်ရာကလန်းဆန်းစွာနိုးထလာသည်။

"ဝါး ကောင်းလိုက်တာဗျာ လူကိုလန်းဆန်းပြီးပေါ့သွားတာဘဲ မန်းဆရာ ကျေးဇူးတင်တယ်ဗျာ၊ ဘာစားချင်သလဲပြော"

"ကျွန်တော်က ကရင်လူမျိုးပါ ကွမ်းပဲစားချင်ပါတယ် ချင်းဆရာ"

"ရမယ်၊ ရမယ် ဂျမ်းဇော်ရေ့ မင်းဆရာစက်ဘီးကိုယူသွားပြီး ထောင်ရှေ့မဒ္ဒေးဆိုင်က ကွမ်းငါးဆယ်ဖိုးသွားဝယ်ပေးလိုက်ကွာ၊ ရော



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ယူသွား''

မန်းဆရာ ''ဆရာငါးဆယ်ဘိုးများပါတယ်၊ တစ်ဆယ်ဘိုးဆို တော်ပါပြီ''

''ရတယ် ရတယ်၊ တခြားသူလည်း ကျွေးရတာပေါ့ ထုံးကွမ်းသီး၊ ကွမ်းဆေးဘဲမဟုတ်လား များများဝယ်ထား တဖြည်းဖြည်းစားပေါ့''

ဦးဟာလိန်းနိန်ပြီးတော့ ကိုမြင့်ဦးနှင့် ကိုထွန်းအောင်လွင်တို့ တစ်လှည့်စီအနိုင်ခံကြပြန်သည်။ နေ့လည် (၁၂) နာရီထိုးမှပြီးကြသဖြင့် ကျွန်ုပ်တို့ ယနေ့အတွက် SCRABBLE မကစားနိုင်တော့ပါ၊ ပိတ်ရက်ဖြစ်သဖြင့် အချုပ်ရုံးခန်းက တပည့်များချက်ကျွေးသော တရုတ်လက်ရာဟင်းများနှင့် ထမင်းစားကြသည်။ ထောင်တွင်း၌ ချက်ပြုတ်၊ ကြော်လှော်စားရန် ဟင်းသီးဟင်းရွက်ပေါများလှသဖြင့် ပိတ်ရက်များတွင် တာဝန်ကျပါက ကျွန်ုပ်၏ အချုပ်ရုံးခန်းသည် တရုတ်စားသောက်ဆိုင်ဖြစ်သွားလေ့ရှိသည်။ ရုံးအကူ တရုတ်ကလေး ပိန်စိန်းနှင့် ဝင်းမြင့်က တရုတ်လက်ရာ ဟင်းလျာချက်ပြုတ်ရာတွင် အတော်ကျွမ်းကျင်ကြသည်။

ကျွန်ုပ်တို့အဖွဲ့စားသောက်ကြပြီးနောက် မန်းဆရာကိုလည်း ရုံးအကူများနှင့်အတူ နေ့လည်စာထမင်းကျွေးပါသည်။ စားသောက်ကြပြီးနောက် မန်းဆရာက ဦးဟာလိန်းနိန်အား–

''ချင်းဆရာ၊ နောက်အားရက်တစ်ရက်မှာ အောက်ပိုင်းအပူထုတ်ပေးမယ် ချင်းဆရာကအပူ အလွန်များနေတယ်၊ အပေါ်အောက်မျှတအောင် လုပ်ပေးရဦးမယ် အခုအပြင်ထွက်ရင်တော့ ခေါင်းလျှော်ပြီး ရေချိုးလိုက်ပါ''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

နေ့လည်စာ ထမင်းစားပြီးနောက် ကျွန်ုပ်က မန်းဆရာကွမ်းစားနေစဉ် မေးရတော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မန်းဆရာက ဘာမှုနဲ့အချုပ်ခံရတာလဲ"

"လူသတ်မှုဆရာ ကားဆရာကို ကတ်ကြေးနဲ့ထိုးပြီးသတ်လိုက်တာပါ"

"ခင်ဗျားတစ်ယောက်ထဲလား အမှုတွဲတွေရော ပါသေးသလား"

"အမှုတွဲပါတယ်ဆရာ၊ ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သမီးပဲ"

မန်းဆရာက ကျွန်ုပ်နှင့်စကားပြောတော့ ကျွန်တော် ကျွန်တော်နှင့်ပြောတတ်ပြီး ဦးဟာလိန်းနိန်နှင့်ပြောတော့ နင်နှင့်ငါသုံး၍ ပြောတတ်သည်။ သူတို့တိုင်းရင်းသားအချင်းချင်းမို့ အားရပါးရ ပြောဟန်တူပါသည်။

"ကဲ မန်းဆရာ ခင်ဗျားဇာတ်လမ်းလေး ပြောပြပါဦး"

"ဒီလိုပါဆရာ ကျွန်တော်တို့က တိုက်ကြီးမြို့နားက "အင်းကုန်းရွာ"မှာနေပါတယ်၊ ဆေးကုတယ်၊ အနှိပ်သည်လုပ်၊ လယ်စိုက်ပေါ့ဆရာရယ်၊ အခုစပါးပေါ်လို့ ရန်ကုန်ကိုတက်လာတယ် ခဝဲခြံက ဦးလေးအိမ်မှာတည်းပြီး ရွှေလေးငွေလေးဝယ်ဖို့ပါ။ အဲဒါတိုက်ကြီးကားက တစ်လမ်းလုံးပျက်လာတော့ ခရေပင်လမ်းဆုံမှာ မိုးချုပ်တော့တာပဲ၊ အဲဒီမှာ စစ်ဆေးရေးဂိတ်တွေရှိတော့ ကားတန်းကအရှည်ကြီးစောင့်ရတယ်လေဆရာ"

"အမှုဖြစ်ပုံလေးပြောပါဦး"

ကျွန်တော်တို့စီးလာတာ ကုန်ကားကြီးဆရာ တိုက်ကြီးကကုန်တွေကို ရန်ကုန်လာပို့တာ ကျွန်တော်တို့က ကားကြုံစီးလာတာ၊ ဒရိုင်ဘာလုပ်တဲ့ကောင်က ကျွန်တော့်သမီးကိုမြင်တော့ ခေါင်းခန်းလာစီးဖို့ခေါ်တယ်၊ ကျွန်တော်တို့လည်း သမီးကိုစိတ်မချတာနဲ့ မိသားစု (၃)ဦး ခေါင်းခန်းထဲမှာကြပ်ကြပ်တည်းတည်းစီးရတာပေါ့ စပယ်ယာလုပ်သူကတော့ နောက်ဆန်အိတ်တွေပေါ်မှာ ပြောင်းစီးပြီး အိပ်လိုက်လာတယ် သဘောကောင်းလှတဲ့ ဒရိုင်ဘာနဲ့စပယ်ယာကြောင့် ကျွန်တော်အလွန်ကျေးဇူးတင်မိတယ် သမီးကို ဒရိုင်ဘာက သူ့နားမှခေါ်ပြီးထိုင်ခိုင်းတယ် ကျွန်တော်ကတော့လယ်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်မိန်းမက အစွန်တံခါးနားကစီးကြတယ်။ ကားထွက်တာနဲ့ ဒရိုင်ဘာကလုပ်တဲ့ကောင် အတော်ဆိုးတယ်။ ကာမောင်းရင်း လက်ရော ခြေထောက်ရော၊ မျက်စိရော မအားတဲ့ကြားက ဂီယာထိုးရင် ကျွန်တော့ သမီးပေါင်ကို လာလာကိုင်တယ်။ ကျွန်တော့်သမီးက အပျိုလေးပါ (၁၆)နှစ်ပဲ ရှိသေးတယ်၊ သူကလည်းရှက်လို့ထင်ပါတယ်၊ ငြိမ်နေတာ၊ အဲဒါကျွန်တော်က အမြင်မတော်လို့"

"ဒရိုင်ဘာကောင်ရယ်၊ ငါ့သမီးက အပျိုလေးပါ၊ မစပါနဲ့" ပြောတော့ "မတော်တဆထိတာဘဲ အဖိုးကြီးဘာလာပြောနေတာလဲ" လို့ပြန်ပြီးဟောက်တယ် ကျွန်တော်လည်း သည်းခံပြီး လိုက်လာခဲ့တာပါ အဲဒါနဲ့ ခရေပင်လမ်းဆုံမှာ ကားတန်းအရှည်ကြီးရပ်စောင့်နေရတုန်း ကျွန်တော်တို့မိသားစုလည်း ကားအောက်ဆင်းပြီး အဝတ်ခင်းထိုင်စောင့် ရင်း ကျွန်တော်က ကွမ်းစားပါတယ်၊ ကွမ်းရွက်က၊ ထုပ်လိုက်ဆိုတော့ မိန်းမက ကတ်ကြေးကလေးနဲ့ ကွမ်းရွက်ကိုညှပ်ပေးတယ် ကျွန်တော်က ကွယ်းသီးကို ကွမ်းညှပ်နဲ့ညှပ်တယ်၊ သမီးကတော့ ဘေးမှာထိုင်နေတယ်၊ အဲဒီအချိန်မှာ ဒရိုင်ဘာကောင်ရောက်လာပြီး သမီးအနားမှာ ထိုင်တယ်၊

"ဆရာကြီး ကျွန်တော့်ကိုလည်း ကွမ်းကျွေးပါဦး ဒီနားမှာဆိုင် မရှိလို့ ခံတွင်းချဉ်နေတယ်"

"အေးအေး ခဏစောင့် ငါယာပေးမယ်"

"ကျွန်တော်က ကွမ်းယာသုံးယာ ယာတယ် ဒရိုင်ဘာအတွက် တစ်ယာ၊ ကျွန်တော်တို့လင်မယားအတွက် တစ်ယာစီပေါ့"

အဲဒီအချိန်မှာ မှောင်နေပြီဖြစ်လို့ ကျွန်တော်တို့ထိုင်နေတဲ့နေရာက ခရေပင်ရိပ် ကားနံဘေးမှာမို့ အတော်မှောင်နေတယ်၊ ကားအသွားအလာ မီးထိုးမှဘဲ ကားမီးရောင်နဲ့လက်ခနဲ လက်ခနဲ ပါတ်ဝန်းကျင်ကို မြင်ရတယ်၊ အဲဒီအချိန်မှာ ဒရိုင်ဘာကောင်က ကျွန်တော့်သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဟိုကိုင်သည့်ကိုင် လုပ်နေတယ်၊ အဲဒါနဲ့ သည်ကောင်နဲ့တော့ မဖြစ်တော့ပါဘူးဆိုပြီး ကွမ်းယာလှမ်းပေးရင်း ကတ်ကြေးနဲ့လှမ်းထိုးလိုက်တာပါဘဲ၊ မှောင်နေတော့ ရမ်းထိုးလိုက်တာ ဘယ်နေရာထိမှန်းတောင်မသိပါဘူး ဆရာရယ် ''အား'' လို့အော်သံကြားရပြီး ဒရိုင်ဘာကောင် မြေပေါ်လဲကျသွားတာ၊ ကားမီးရောင်နဲ့ ခဏမြင်လိုက်ရတာကတော့ မြေပေါ်မှာ ထွန့်ထွန့်လူးနေပြီး ပါးစပ်ထဲကလည်း သွေးတွေထွက်လို့ ငြိမ်ကျသွားတာဘဲ၊ အဲဒါနဲ့ ကျွန်တော်လည်း ဒရိုင်ဘာ အလောင်းကောင်ကြီးကို ခရေပင်အောက်ဆွဲသွင်းရင်း ခရေပင်ကို မှီထိုင်ထားလိုက်တယ်၊ ပြီးတော့ ကျွန်တော်တို့လည်း ချောင်တဲ့ကားကိုပြောင်းစီးတာပေါ့၊ ကားတွေတစ်စီးပြီး တစ်စီးထွက်တော့ ကျွန်တော်တို့ကား ယာဉ်မောင်းမရှိလို့ မထွက်နိုင်တော့ဘူး သက်ဆိုင်ရာက အတင်းအော်ခေါ်မှ နောက်ဆုံးဆန်အိတ်ပုံပေါ်က စပယ်ယာ ခုန်ဆင်းလာတယ်။ သူက အိပ်နေတာမို့ ဘာမှ မသိဘူး ကျွန်တော်တို့ကံဆိုးတာက သက်ဆိုင်ရာက ထွက်စပြုနေတဲ့ ကားတွေကိုရပ်ပလိုက်တဲ့ အထဲမှာ ကျွန်တော်တို့ ပြောင်းစီးတဲ့ ချက်ပလက် လူစီးကားပါသွားတယ် အဲ့ဒါနဲ့ စပယ်ယာက ကျွန်တော်တို့ မိသားစုကို မှတ်မိလို့ သက်ဆိုင်ရာကို သတင်းပို့နေချိန်မှာဘဲ နောက်ကားရဲ့မီးရောင်ကြောင့် ဒရိုင်ဘာအလောင်းကြီးကို ခရေပင်ခြေရင်းမှာ ရဲတွေက တွေ့သွားတယ်၊ ကျွန်တော်တို့မိသားစုလည်း အစစ်ခံရတော့တာပေါ့ဗျာ၊ တော်သေးတာက ဒရိုင်ဘာကို ထိုးလိုက်တဲ့ကတ်ကြေးကို ကျွန်တော်က ခရေပင်တွေနဲ့ လှမ်းလှမ်းခြုံပုတ်တစ်ခုထဲပစ်ထားလိုက်တာ ပါဘဲ၊ အဲ့ဒါကြောင့် မျက်မြင်သက်သေတော့ မရှိဘူးဗျ၊ ကျွန်တော်တို့ ကလည်း ဝန်မခံဘူး၊ အဲ့ဒါကြောင့် လူသတ်မှု မသင်္ကာမှုနဲ့ မိသားစု သုံးဦးစလုံးကို အချုပ်ထဲ ထည့်တော့တာဘဲ၊ ချုံပုတ်ထဲက ကတ်ကြေးကို တွေ့သွားရင်တော့ ကျွန်တော့်လက်ဗွေရာထင်နေမှာမို့ အမှန်အပြေးကျရ



www.burmeseclassic.com

www.burmeseclassic.com



သော့မှာပေါ့ဗျာ၊ ကျွန်တော်လည်း ဒရိုင်ဘာဲကောင်ကို သတ်ဖို့ရည်ရွယ်ချက်မရှိပါဘူး ဒီကောင်သေနေ့စေ့လို့ သေရတာပါ''

''မန်းဆရာရေ ပေါ့တော့ မပေါ့နဲ့ဗျို့ အင်းစိန် CID က ရဲထောက်တွေက အလွန်တော်တာ ခင်ဗျားပစ်လိုက်တဲ့ ကတ်ကျေးလည်း ရှာတွေ့သွားမှာဘဲ အခင်းဖြစ်တဲ့နေရာနဲ့ မဝေးဘူးမဟုတ်လား''

''မဝေးလှဘူးဆရာ ပေ (၅၀) လောက်ဘဲဝေးမယ်ထင်တယ်''

ကျွန်တော့်တပည့် တပ်ကြပ်စန်းအောင်က ဝင်နောက်သည်။

''မန်းဆရာ အဲ့ဒီကပ်ကြေးကို ကျွန်တော်သွားရှာပြီး ဖျောက်ပေးမယ်၊ ဘယ်လောက်ပေးမလဲ''

''ကျွန်တော်စုထားတာ တစ်ဝက်ပေးပါ့မယ်၊ ငါးသောင်းလောက်ပေါ့ဆရာလေး''

ကျွန်ုပ် ''ဟဲ့ကောင်စန်းအောင် မင်းကဥပဒေဘက်သား အခုလိုနောက်ပြောင်တာတောင် လွန်လှပြီ၊ မင်းလည်းကတ်ကြေးသွားရှာရော ရဲကချုပ်ထားတဲ့အစောင့်က လူသတ်မှုကြံရာပါနဲ့ဆွဲတော့မှာပေါ့ အဲ့ဒီနေရာက စစ်ဆေးရေးဂိတ်ရှိတော့ အစောင့်ရဲတွေမပြတ်ဘူး၊ သူထိုက်နဲ့သူ့ကံ ရှိပါစေ၊ မျက်မြင်သက်သေမရှိတော့ တစ်ပန်းသာပါတယ်။ မန်းဆရာ သေဒဏ်မကျနိုင်ပါဘူး''

မန်းဆရာ ''အဲ့ဒါဆိုရင်လည်း ကောင်းပါတယ်ဆရာရယ်၊ ကျွန်တော်တစ်ယောက်တည်းကတော့ ဘာဖြစ်ဖြစ် ကိစ္စမရှိပါဘူး မိသားစုကို အရေးယူမှာဘဲ စိုးရိမ်တာပါ''

ကျွန်ုပ် ''အမှုပေါ်ရင်တောင် ခင်ဗျားသက်သာမှာပါ၊ မျက်မြင်သက်သေမရှိ ရန်ငြိုးလည်းမရှိဘူးလေ ညအချိန်လည်း ဖြစ်နေပြန်တယ်၊ မန်းဆရာ သံသယအကျိုးခံစားရမှာပါ။ ခင်ဗျားမိသားစုလည်း လွတ်မှာ ကျွန်းသေပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



မန်းဆရာ "ကျေးဇူးဆရာ၊ မိသားစုလွတ်ရင်ပြီးတာပါဘဲ ကျွန်တော် လုပ်လို့ ကျွန်တော်ခံရတာ ပြဿနာမရှိဘူး"

နောက်ပိုင်းတွင် မန်းဆရာက တစ်မျိုးလုပ်ပြပြန်သည်။ ဝန်ထမ်းများထဲမှ မိန်းမနှင့်ကွဲသူပြန်ပေါင်းရန် ရည်းစားနှင့်အဆင်မပြေသူ ပြေလည်ရန် ဆန်စေ့များ၊ ပဲစေ့များ၊ မါတ်ပုံများနှင့် အင်းချကာ ယတြာချေပေးခြင်းဖြစ်သည်။ မန်းဆရာလုပ်ပေးသမျှ အောင်မြင်ကြောင်းလည်း သိရသည်။ မန်းဆရာမှာ အချုပ်သစ်မှ အချုပ်ဟောင်းသို့ပြောင်းရပြီး ၂/ဆောင်အပေါ်ထပ် (၁)ခန်းတွင် ပြောင်းရွှေ့နေထိုင်ရ၍ သူ့အခန်းတွင် ဝန်ထမ်းအချုပ်သား၊ အကျဉ်းသားတို့ဖြင့် တရုန်းရုန်းဖြစ်နေတော့သည်။ နောက်ပိုင်းသူ့အား ဥာဏ်ပူဇော်ခ၊ ငှက်ပျောသီး၊ လိမ္မော်သီး မုန့်မျိုးစုံနှင့် စီးကရက်များကို ကျွန်တော့်အား လက်ဆောင်လာပေးလေ့ ရှိသည်။

တစ်လခန့်အကြာ မန်းဆရာနှင့် မိသားစု မင်္ဂလာဒုံရုံးထွက်ပြီး ညနေပြန်အလာတွင် မန်းဆရာအား ထောင်ဒဏ်(၁၅)နှစ် အပြစ်ချလိုက်ပြီး ဇနီးနှင့်သမီးအား တရားသေလွှတ်လိုက်သည်။ အချုပ်ဆောင်မှ ထောင်ကျဆောင်သို့ ပြောင်းရမည်ဖြစ်သဖြင့် ကျွန်ုပ်အား လာတွေ့ရာ။

"ဆရာ အလွန်ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မိသားစု လွတ်သွားပြီ ကပ်ကြေးလည်း ချုပ်ထဲက ပြန်တွေ့တယ်ဆရာ ဒါပေမဲ့ မိုးတွင်းကြီးဖြစ်လို့ ကတ်ကြေးက သံချေးတက်နေပြီး လက်ဖွေ့ရာမထင် ရှားတော့ဘူး။ ဒါ့ကြောင့် ကျွန်တော့်ကို ထောင်ဒဏ် (၁၅)နှစ်ဘဲချတာ အယူခံဝင်လို့လည်း တရားသူကြီးမကပြောတယ် သံသယအကျိုးခံစားနိုင်တယ်တဲ့ အဲ့ဒါဆရာအယူခံရေးပေးပါဦး"

"ကျွန်တော်က အချုပ်ရုံးထိုင်ရတာ အယူခံရေးပေးလို့မရဘူး မန်းဆရာ ထောင်ကျရုံးကရေးပေးရမှာ ခင်ဗျားအခြောင်ပြောင်း အလုပ်ချတာနဲ့ ထောင်ကရုံးက ဆောင်ရွက်ပေးပါလိမ့်မယ် မပူပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် ဆရာ ကျွန်တော်ကန်တော့ခဲ့ပါတယ်''

''မလုပ်နဲ့ မလုပ်နဲ့ ခင်ဗျားက ကျွန်တော့ထက် အများကြီး အသက်ကြီးတယ် နောက်ပြီး ကျွန်တော်က ခင်ဗျားကို ကိုယ်ထိလက်ရောက် မကူညီနိုင်ခဲ့ဘူး၊ ဥပဒေအကြောင်းအရ ဖြစ်နိုင်တာကိုဘဲ အကြံပေးခဲ့တာ''

''အဲ့ဒီဆရာ ညွှန်ကြားလမ်းပြလို့ ကျွန်တော်သေဒဏ်မကျတာပါ ဆရာ နောက်ပြီး သံသယအကျိုးခံစားရမယ်၊ ငါမိသာစုလွတ်မြောက်မယ်လို့ ယုံကြည်ထားလို့လည်း ဆရာပြောသလို ဖြစ်လာတာပါ''

နောက် (၆)လခန့်အကြာတွင် ကျွန်ုပ် ရန်ကုန်–မန္တလေး အမြန်လမ်းစခန်းသို့ပြောင်းရသည်။ မန်းဆရာလည်း အယူခံနိုင်၍ (၁၅)နှစ်မှ (၁၀)နှစ်သို့ ကျခံရသည်။

ကျွန်ုပ်လည်း ရန်ကုန်–မန္တလေးစခန်း မင်းကုန်း၊ သုံးတန်ကူးစခန်း၊ အွာပင်ဆိပ်စခန်း၊ မျှော်တုန်းစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး (၂)နှစ်ကျော်ကြာချိန်တွင် လေ့လော့အင်းအမှတ် (၃) စခန်း (နောက်တန်း)သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ စခန်းတာဝန်ခံမှာ ထောင်ပိုင်ဦးတင်မောင်နွဲ့ဖြစ်ပြီး ဌာနတာဝန်ခံမှာ ထောင်မှူးဦးမောင်မောင် ရေးဌာနတာဝန်ခံမှာ ထောင်မှူးဦးသန်းနိုင်ဖြစ်၍ ထောက်ဌာနတာဝန်ခံမှာ ကျွန်ုပ်ဖြစ်လာသည်။

ကျွန်ုပ်မှာ ထောက်ဌာနတာဝန်ခံဖြစ်၍ အရာရှိဝန်ထမ်း ရဲဘက်ရိက္ခာပစ္စည်းများအားကိုင်ရသည်။ အထူးသဖြင့် ဝန်ထမ်းမို့ရဲဘက်ဖိုကြီးတို့အား ကိုင်တွယ်ရသည်။ စစ်ဆေးရသည်။ ရိက္ခာထုတ်ပေးရသည်။ ထို့ကြောင့် ဖိုများတွင် တာဝန်ကျသောဝန်ထမ်းရဲဘက်များနှင့် မိတ်ဆက်ရသည်။ ရဲဘက်ဖိုကြီးတွင် ဝဝခန့်ခန့် ကရင်ဖိုးခေါင်ကြီးနှင့် ကျွန်ုပ်တွေ့ရသည်။ သူကကျွန်ုပ်ကိုတွေ့လျှင် အလွန်ဖော်ရွေသောအပြုံးနှင့်နှုတ်ဆက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကတော့ သူ့ကိုမမှတ်မိပါ။

"ဆရာ ဦးသိန်းဝင်းမဟုတ်လား ကျွန်တော့်ကို မမှတ်မိဘူးထင်ပါရဲ့ ကျွန်တော် မန်းဆရာပါ"

"အော် မန်းဆရာကိုး ခင်ဗျားကအလွန်ဝလာတော့ ကျွန်တော် မမှတ်မိတော့ဘူးဗျာ နောက်ပြီး နှုတ်ခမ်းမွေးနဲ့ဆိုတော့"

"ဟုတ်ပါရဲ့ဗျာ၊ ဆရာလည်းဝလာပါတယ်၊ ဒါပေမဲ့ ရုပ်မပြောင်းတော့မှတ်မိပါတယ်၊ ကျွန်တော်ကတော့ အတော်ဝပြီး နှုတ်ခမ်းမွေး ရိတ်ဖို့လည်း မလွယ်တော့ ဒီအတိုင်းထားတာ ရုပ်ပြောင်းသွားတာပေါ့"

"မန်းဆရာအဆင်ပြေရဲ့လား ဒီစခန်းမှာနေရတာလေ ထောင်ကျရက် ဘယ်လောက်ကျန်သေးသလဲ"

"(၁၀)နှစ်တည်တော့ ချုပ်ရက်က တစ်နှစ်လောက် ထောင်ကျရက်က နှစ်နှစ်ကျော် လျှော့ရက်နဲ့တွက်ရင်တော့ (၅)နှစ်လောက် ကျန်အုံးမှာပေါ့ဆရာ ဒီလိုနဲ့ဘဲ လွတ်ရက်တဖြည်းဖြည်းနီးလာမှာပါ"

"ခင်ဗျားမိသားစုရော အဆင်ပြေကြရဲ့လား"

"အဆင်ပြေပါတယ်ဆရာ ဒီစခန်းက တိုက်ကြီးနဲ့နီးတော့ သူတို့နှစ်ပတ် တစ်ခါလောက်လာကြပါတယ် ရွာမှာလည်း အလုပ်အကိုင် ကောင်းပါတယ် စီးပွားရေးလည်း အဆင်ပြေကြပါတယ်"

"ဒါနဲ့ခင်ဗျား အနိုပ်သည်လုပ်သေးသလား"

"လုပ်ရတာပေါ့ ဆရာရယ်၊ တတ်သည့်ပညာမနေသာဆိုသလို ထောင်ပိုင်ကြီးနဲ့ ထောင်မှူးတွေကို အကြောဖြေပေးရတာပေါ့၊ လူမျိုး ထောင်မှူးဦးသန်းနိုင်ကိုလည်း သူ့အချစ်ရေးကိစ္စဆောင်ရွက်ပေးတာ အောင်မြင်သွားပါတယ်ဆရာ"

"အင်း ကောင်းပါတယ် ကုသိုလ်ရတာပေါ့ဗျာ"

"ဒါကြောင့်လည်း ရောက်တဲ့အရပ်မှာ လူချစ်လူခင်များပြီး ခင်ဗျား အမှုတွေနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးကရော ကောင်းရဲ့လား"

"အခုအသက် (၆၀) ပြည့်တော့မယ်ဆရာ ကျန်းမာရေးက ကောင်းပါတယ် တောသားဘဲ ဆရာရယ်။ တောထဲတောင်ထဲနေရတာ ပျော်ပါတယ်၊ ကျွန်တော်က ဆရာပြန်လာခဲ့တဲ့ အထက်စခန်းတွေ တက်ချင်တာ၊ ကျွန်တော်က ရေမှုဆိုး ကုန်မှုဆိုးလည်း ဝါသနာပါဟယ် ဆရာ"

"ဒီအောက်စခန်းတွေဘဲကောင်းပါတယ်ဗျာ၊ စားချင်တာ ဝယ်စားလို့ရတယ်၊ ရွာတွေနဲ့နီးတယ် လမ်းပမ်းဆက်သွယ်ရေး ကောင်းတယ် ဟိုအထက်စခန်းတွေကတော့ထဲ တောင်ထဲနေရလို့ အေးချမ်းပါရဲ့ အစားအသောက်ရှားတယ် ငှက်ဖျားပေါတယ်၊ ကျန်းမာရေးအတွက် အဆင်မပြေလှဘူး ခဏတစ်ဖြုတ်နေရတာတော့ ကောင်းပါတယ်"

"မှုဆိုးလုပ်ရတာလည်း မလွယ်လှဘူးဗျ အထက်စခန်းတွေက တောနက်တယ် သားကောင်ရှားတယ် အဲ ငါးတော့ပေါပါတယ်၊ ဘယ်နေရာရှာရှာ တစ်ခါချက်ကတော့ ပြေးမလွတ်ဘူး အသီးအရွက်လည်း ပေါတယ် မိုးဦးကျဆိုရင် မှိုအမျိုးမျိုးနဲ့ ပေါက်ပွင့် ယင်းတိုက်ရွက်နု၊ ဇင်ပြွန်းသီး၊ တောသရက်သီး၊ ကနစိုးသီး၊ ရေငန်းသီးအလွန်ပေါတာဘဲ တောကြက်၊ တောငှက်လည်းပေါပါတယ် သားကောင်ကြီးဘဲရှားတာပါ"

"ကျွန်တော်တို့က လယ်သမားဆိုတော့ ကြက်ထောင်၊ ငှက်ထောင်၊ ငါးရှာ၊ ဖားရှာဘဲတတ်ပါတယ်ဆရာ သားကောင်ကြီးတော့ မပစ်ဘူးပါ ဘူးဆရာ"

ကျွန်ုပ်လှေလှော်အင်းစခန်း (၃)တွင် (၆)လကျော်ခန့် နေရပြီး အင်းစိန်ထောင်သို့ ပြောင်းရွှေ့မိန့်ထွက်လာပါသည်။ ကျွန်ုပ်ပြောင်းရွှေ့ရာ မန်းဆရာစခန်း (၃)တွင် ဗိုခေါင်းအဖြစ်ကျန်နေခဲ့ပါသည်။

အင်းစိန်ထောင်ပြန်ရောက်ရာ အချုပ်ရုံး၌ပင် ပြန်လည်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရသည်။ (၆)လခန့် တာဝန်ထမ်းဆောင်ပြီး နောက်နိုင်ငံတော် အစိုးရ၏ ၂/၈၄. လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထွက်ပေါ်လာပါသည်။

ထိုအမိန့်အရ ကြိုးသမားများအား ကြိုးဒဏ်မှ တစ်သက်တစ်ကျွန်းအပြစ်ဒဏ် (ထောင်ဒဏ် အနှစ် ၂၀) သို့လည်းကောင်း၊ ထောင်ဒဏ်အပြစ်ကျသူတိုင်းအား အပြစ်ဒဏ်၏ တစ်ဝက်လျှော့ပေါ့ခံစားခွင့် ပြုရာ လူသတ်မှုဖြင့် ထောင်ဒဏ် (၁၀)နှစ်အပြစ်ပေးခံရသော မန်းဆရာမှာပြစ်ဒဏ်တစ်ဝက်လျှော့ရက်ရသဖြင့် (၅)နှစ်သာကျန်တော့ရာ နေသားကျခံပြီးကာလ (၅)နှစ်ခန့်ရှိပြီဖြစ်၍ ကွင်းလုံးကျွတ်လွတ်မြောက်သွားပါတော့သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိသော်လည်း ဆိတ်ကွယ်ရာတွင် ဖြစ်ပျက်ခဲ့သော မန်းဆရာ၏အမှုမှာ ကံကောင်းထောက်မစွာဖြင့် သက်သေမရှိ သံသယအကျိုးကိုခံစားရသဖြင့် လွတ်မြောက်သွားခြင်းဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်နေ့အင်းစိန်ထောင်အလုပ်ဘက်သို့ ကျွန်ုပ်သွား၍ အိမ်သုံးရန်အတွက် အဝတ်ထည့်ဘီရိုနှစ်လုံးမှာသည်။ ဘီရိုဒီဇိုင်းမှာ အလုပ်ဘက်ဌာနတာဝန်ခံ သူငယ်ချင်းထောင်မှူးကြီး ဦးလှတိုး၏ လက်ရာဖြစ်သည်။ ၈ ပေ၊ ၂ ပေ အမြင့် ၅ ပေရှိ အခန်း(၃)ခန်း အဆင့် (၃)ဆင့်ပါ ကျွန်းဘီရိုကလေးဖြစ်သည်။ ဈေးမှာလည်း ဘီရိုတစ်လုံး (၅၀၀/-) ကျပ်ကျော်သာရှိသည်။ အလုပ်ဘက်လက်သမားဌာနမှ တရုတ်လက်သမားများ၏ လက်ရာဖြစ်၍ အလွန်သပ်ရပ်ကောင်းမွန်လှသည်။ လက်သမားခေါင်းမှာ အရပ်ပုပု အသားဖြူဖြူ ခပ်တောင့်တောင့်ဖြစ်သည်။ သူ့အမည်မှာ တင်မောင် သာယာဝတီနယ်သားဖြစ်သည်။

ကျွန်ုပ်နှင့် တင်မောင်တွေ့ကြရာ ကျွန်ုပ်က ဦးလှတိုး၏ လက်ရာဒီဇိုင်းဖြစ်သော်လည်း ဘီရိုနောက်ပိတ်အား ကျွန်းပြားဖြင့်

www.burmeseclassic.com



ကာရံပေးရန် အထပ်သားမသုံးရန်နှင့် တံခါးလက်ကိုင်နှင့် သော့များအား ကျွန်ုပ်စိတ်ကြိုက်ဝယ်ပေးမည်ဖြစ်ကြောင်းနှင့် ကြာမြင့်မည့်အချိန်ကာလအားမေးရာ တစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်းသိရသဖြင့်

ကျွန်ုပ် "တင်မောင်ရေ ငါကနှစ်ပတ် သုံးပတ်အတွင်းလိုချင်တာမရနိုင်ဘူးလား"

"ဆရာ အလျင်မလိုပါနဲ့ ကျွန်တော်စိတ်တိုင်းကျကျွန်းကွက်ကောင်းတဲ့အသားရွေးပြီး စပါယ်ရှယ်လုပ်ပေးမှာပါ အပေါက်အပြဲအနာအဆာလည်း မပါစေရဘူး ဆရာ့စိတ်တိုင်းကျဖြစ်စေရပါ့မယ်၊ တစ်သက်လုံးလည်း သုံးနိုင်ပြီး လက်သမားဆရာကျွန်တော့်ကို ဆရာအမြဲတမ်းသတိရအောင်လုပ်ပေးမှာပါ"

"တင်မောင်ရေ အပြောကောင်းတယ်ဟေ့ နားထောင်လို့လည်းနာဝင်ချိုတယ် မင်းကဘယ်နယ်သားလဲ"

"သာယာဝတီနယ်သားပါဆရာ သာယာဝတီမြို့နယ်၊ လှည်းလမ်းကူးရွာဇာတိပါ၊ ကျွန်တော့်အဖေကတော့ လက်သမားကြီး ဦးနက်ကျော်ပါ"

"အော် မျိုးနဲ့ရိုးနဲ့ကိုး မင်းတို့ကတရုတ်လူမျိုးလား"

"တရုတ်အစစ်မဟုတ်ပါဘူးဆရာ အဖေက ကရင် အမေ တရုတ်ပါ တရုတ်ကရင်ကပြားပေါ့ဆရာ"

"အေး အေး မင်းအောက်က ကောင်လေးတွေကတော့ တရုတ်အစစ်တွေထင်ပါရဲ့"

"ဟုတ်ပါတယ်ဆရာ သူတို့ကတော့ တရုတ်အစစ်တွေပါ ကျွန်တော်တို့နယ်မှာတော့ ကျွန်းပေါ်တော့ အထူးအော်ဒါမှာတဲ့ပစ္စည်းဆိုရင် အဖေက (၆)လလောက် အချိန်ယူပြီးမှ လုပ်ပေးတတ်တယ် သူကိုယ်တိုင်တောထဲသွားပြီး အပြစ်အနာအဆာမပါတဲ့အပင်ကို ရွေးတယ် လိုချင်တဲ့ဆိုက်ရ မရတွက်ချက်ပြီးမှ အပင်ကိုလှဲ အစေးထုတ်၊ အခြောက်



www.burmeseclassic.com

www.burmeseclassic.com



ခံပြီးမှ နေရာတွင်သစ်ခွဲလွှကြီးနဲ့ ကျင်းတူးပြီးခွဲတော့တာဘဲ သူ့ကိုမှာ တဲ့ပစ္စည်းအတွက် ကျွန်းပင်တစ်ပင်တည်းပဲသုံးတယ်၊ အခြားအပင်က အသားကို မသုံးဘူး အင်မတန်စနစ်ကြီးတယ်၊ ဒါကြောင့် အဖေ ဦးနက်ကျော်ရဲ့လက်ရာဟာ နာမည်ကြီးတယ်၊ သာယာဝတီမြို့တင်မက ဘူး ပဲခူးတောင်ငူနဲ့ ရန်ကုန်အထိကျော်ကြားတယ် ဈေးကလည်းအဖေ တောင်းသလောက်ပေးကြတယ် သူ့လက်ရာတွေက လက်ယှက်ထိုးစွေး ကိုက် သစ်သားစိုတွေကိုသုံးတာ သံလုံးဝမသုံးဘူး လက်ကိုင်ကွင်းနဲ့ သော့ပေါက်လောက်သာ သံမူလီသုံးတာ တစ်သက်လုံးသုံးပေရှော့ပဲ ဆရာရေ"

"သစ်တစ်ပင်တည်းဘာလို့သုံးတာလဲ"

"သစ်ပင်တိုင်းဟာ အနာလွတ်ခဲတယ်ဆရာ သစ်စုန်းတို့ သစ်ဘီလူးတို့ သစ်ခြောက်တို့အပေါက်တွေပါတတ်တယ် အဲ့ဒါတွေပါရင် သုံးသူမှာ အန္တရာယ်အမျိုးမျိုးနဲ့ ခိုက်တတ်တယ်ပေါ့ဆရာရယ် အဖေ လက်ရာကတော့ ကိုယ်တိုင်စိတ်တိုင်းကျ အပင်ရွေးပြီး လုပ်တာမို့ အနာအဆာကင်းပြီး အန္တရာယ်မရှိဘူးလေ အဲဒါကြောင့် ဈေးကောင်း ရပြီး နာမည်ကြီးတာပါ"

"အေးကွာ အရင်းတုန်းကတော့ ဟုတ်မှာပေါ့ အခုတော့ သစ်တောဥပဒေတွေ တင်းကြပ်ထားတော့ အဲဒီကိုစိတ်ကြိုက်အပင်ရှာဖို့ ဘယ်လွယ်တော့မလဲ"

"ဟုတ်ပါတယ်ဆရာ ကျွန်တော်တို့ဘက်မှာတော့ ကြိုးဝိုင်းတောနဲ့ အပတောဆိုပြီး ခွဲခြားထားပါတယ်ဆရာ၊ ကြိုးဝိုင်းတောက ကျွန်းပင်ကြီး တွေက သစ်တောက တံဆိပ်ရိုက်ထားတယ်၊ အပတောမှာတော့ မရိုက် ပါဘူး တောကလူတွေက အိမ်ဆောက်ရင်သာ ကျွန်းသားသုံးတော့ ထင်းအတွက်တော့ အိုးမဲလို့ ကျွန်းသားမသုံးကြဘူး၊ ထောက်ကြံ့၊ ယင်းတိုက်၊ ကနစို၊ ပျဉ်းမ၊ မြရာ၊ မျောက်ချောပင်တွေပဲသုံးတာများ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆရာ အဲဒါကြောင့် အပတောမှာ ကျွန်းပင်ပေါ်တယ်၊ ကျွန်းက လည်း နှစ်မျိုးရှိတယ်ဆရာ၊ ကျွန်းဖိုကဖြူရတယ်၊ မာတယ်၊ ယက္ကန်းစင် အသုံးများတယ်၊ ကျွန်းမက အဝါရောင် အိမ်သုံးပစ္စည်းလုပ်လို့ကောင်း တယ် ပရိဘောဂလုပ်ဖို့အတွက်တော့ အပင်ကြီးကြီးမလိုဘူးဆရာ လူတစ်ဖက်လောက်ဆိုရင်ဘဲ ပြည့်စုံပါတယ်''

''အော် ခင်ဗျားကသစ်တောအကြောင်း အတော်သိတာဘဲနော် အမဲလိုက်တာတွေ ဘာတွေရော ကျွမ်းသေးလား''

''တောသားဘဲဆရာရယ် ကျွမ်းကျင်တာပေါ့ ကျွန်တော်တို့ဆီမှာ တော့ ဆိတ်လူးမြားတို့ ဒူးလေးတို့အသုံးနည်းတယ်ဆရာ၊ တူမီးသေနတ်ပဲ အသုံးများကြတယ်၊ တူမီးက အကောင်ကြီး အကောင်သေးအကုန် ရတယ်လေဆရာ''

''ခင်ဗျားတို့တောလည်တော့ ဘယ်တောတွေအလည်များသလဲ ဘာသားကောင်တွေပေါသလဲ''

ကျွန်တော်လည်တာကတော့ ဂုံမင်းလျှို ဝါးဖြူတောင်နဲ့ အလံ တောင်ခြေတောတွေဘဲဆရာ ကျွန်တော်တို့ရွာလှည်းလမ်းကူးနဲ့နီးတယ် လေဆရာ သားကောင်တွေကတော့ အစုံရှိတယ်ဆရာ ချေနဲ့တောဝက် ပေါတယ် ဆတ်တို့ စိုင်၊ ပြောင်နဲ့သားကောင်ကြီးတွေလည်းရှိပါတယ် သဘာဝတောက အတော်ကြီးတယ့်ဆရာ ပဲခူးရိုးမပဲလေဆရာ''

''အေးဗျာ ကျွန်တော်လည်း ပဲခူးရိုးမမှာ နှစ်နှစ်ကျော်နေခဲ့ရလို့ မုဆိုးဖြစ်နေပါပြီ ကျွန်တော်ရခဲ့တာတော့ တောဝက်၊ တောကြက် ရစ်နဲ့ ချေ၊ ငှက်အမျိုးမျိုးပါဘဲ တောထဲမှာစခန်းတွေက တစ်ခုနဲ့ တစ်ခုမနီးမဝေးဆိုတော့ သားကောင်ရှားသွားပြီ အတော်သွားနိုင်မှ တောကောင်ရတာ အလုပ်ကတစ်ဘက်နဲ့ဆိုတော့ ဝေးဝေးလည်းမသွား နိုင်ပါဘူးဗျာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အင်း ဆရာနဲ့ ကျွန်တော်ဝါသနာတူလို့ ဆုံချင်ပါသေးရဲ့ဗျာ ကျွန်တော်က တနင်္သာရီရိုးမ (ကော့သောင်း)ဘက်ထွက်ဖို့ရည်ရွယ်ထားတာ၊ ထောင်မှူးကြီးက မလွှတ်ဘူးဗျ ဒီမှာထောင်ထဲ ကြာကြာနေရတော့ ခြေများတဲ့မုဆိုးကျွန်တော်ပျင်းနေပြီဗျ''

''ဆုံဦးမှာပေါ့ဗျာ၊ ကျွန်တော်လည်း ကော့သောင်းဘက် မရောက်ဘူးသေးဘူး ဝေးတော့ဝေးတယ်ဗျနော်''

''အစိုးရစရိတ်နဲ့ဘဲဆရာရယ် ဘယ်လောက်ဝေးဝေး ပြဿနာမရှိပါဘူး အချိန်တန်တော့လည်း အစိုးရစရိတ်နဲ့ပဲ အိမ်ပြန်ရမှာပေါ့လေ''

တစ်လကြာတော့ ကျွန်တော်မှာထားသော အဝတ်ထည့်ဘီရိုနှစ်လုံးကို လက်ရာမြောက်စွာရရှိပါသည်။ ပေါလစ်တင်ထားသည်မှာလည်း အတော်ကောင်းသည်။ ကျွန်တော်က တင်မောင်အား ကျေးဇူးပြုသည့်အနေဖြင့် စီးကရက်များ မုန့်များလက်ဆောင်ပေးလိုက်သည်။ ထို့နောက်ပိုင်း ကျွန်ုပ်နှင့် တင်မောင်တို့မဆုံဖြစ်ကြတော့ပါ။ ၁၉၈၄–ခုနှစ်တွင် ကျွန်ုပ်ကော့သောင်းသို့ ပြောင်းရွှေ့ရန်အမိန့်ထွက်လာသဖြင့် ကျွန်းသေတ္တာလုပ်ရန် ကျွန်းအလုပ်ဘက်သို့သွားဖြစ်သည်။ တင်မောင်မရှိတော့ပါ။ ကော့သောင်းစခန်းသို့ ကျွန်ုပ်အရင်ထွက်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြစ်ကြီးနားပင်လယ်ကူးသင်္ဘောကြီးဖြင့် ကျွန်ုပ်ရန်ကုန်မှ ထွက်ခွာခဲ့ရသည်။ ပင်လယ်တွင်း၌ တစ်ညအိပ်ရသည်။ ကုန်းပေါ်တွင်သာ မြန်မာပြည်အနှံ့ခရီးသွားခဲ့ဖူးသော်လည်း ပင်လယ်ခရီးက ဆန်းကြယ်နေသည်။ နေအဝင်တိမ်တောက်သည်ကအစ ကုန်းမြေပေါ်နှင့်မတူပါ၊ တောအနှံ့ တောင်အနှံ့ ခရီးသွားခဲ့ဖူးသော်လည်း ပင်လယ်ခရီးက ဆန်းကြယ်နေသည်။ နေအဝင်တိမ်တောက်သည်ကအစ ကုန်းမြေပေါ်နှင့်မတူပါ တောအနှံ့ တောင်အနှံ့ မြို့အနှံ့များကိုသာ ရောက်ဖူးသောကျွန်ုပ်အတွက် ပင်လယ်ဆားငံရည်အနံ့က တစ်မျိုးထူးခြားနေသည်။ မိုးလေကင်းစင်သော နိုဝင်ဘာလဖြစ်၍ လှိုင်းလေငြိမ်သက်ပြီး ပင်လယ်ခရီးက ပျော်စရာကောင်းနေပြန်သည်။ နောက်တစ်နေ့ နေလည်ပိုင်းတွင် ကော့သောင်းမြို့ ဆိပ်ကမ်းသို့ရောက်သည်။ ကော့သောင်းဆိပ်ခုန်း



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှ ထောင်ပိုင်ကြီး ဦးဘညိုနှင့် ဦးယဉ်မောင်တို့က လာကြိုကြသည်။ ကော့သောင်း မြို့မှာနယ်စပ်မြို့ဖြစ်၍ အတော်စည်ကားလာသည်။ ထိုင်းနိုင်ငံလုပ် ပစ္စည်းများအစုံရသည်။ ကျွန်တော်အတွက်တော့ ထိုင်းနိုင်ငံထွက် ခြသေ့်တံဆိပ်ဘီယာ၊ မဲခေါင်အရက်များနှင့် ပထမဦးစွာ မိတ်ဆက်ရခြင်းဖြစ်သည်။ ပင်လယ်ကမ်းစပ်မြို့ဖြစ်၍ ပင်လယ်အစားအစာများကလည်း လတ်ဆက်စွာမျိုးစုံရသည်။ ပင်လယ်ခရုနီသုတ် ကင်းမွန်ကြော်နှင့် ရေခူသုတ်တို့မှာ လွန်စွာအရသာရှိလှသည်။ သဘော်ပေါ်မှ ရဲဘက်နှင့် ရိက္ခာပစ္စည်းများအား သယ်ယူနေသည်ကို "ညမွှေးပန်း"ဟူသောစားသောက်ဆိုင်တွင်အနားယူရင်း ကျွန်ုပ်ဖိမ်ကျနေတော့သည်။ သို့သော်စခန်းများမှာ မြို့ပေါ်တွင်မရှိ၊ မြို့လည်မှ ၁၅ မိုင်၊ မိုင် ၂၀ ဝေးသောတောထဲတွင် ဖွင့်လှစ်ထားသဖြင့် ကျွန်ုပ်တို့စခန်းသို့ မိုးအတော်ချုပ်မှ ရောက်ပေလိမ့်မည်။

ရဲဘက် (၂၀၀) လောက်အား TE နှင့် RANGER ကား (၄)စီးနှင့် နှစ်ခေါက်သယ်ရသည်။ ပြီးမှရိက္ခာသည့်ကားများနှင့် ကျွန်ုပ်တို့ ပြောင်းရွှေ့ဝန်ထမ်းများလိုက်ရသည်။

တနင်္သာရီရိုးမအခြေ၊ တောင်နှင့်ပင်လယ်ကြားပတ်လမ်းဖြင့် ကားကြီးများမောင်းလာရာ မိုးအတော်ချုပ်ပေပြီ၊ (၁၀)မိုင်ရွာကျော်သည်နှင့် ဝဲဘက်လမ်းအတိုင်း တောထဲဝင်ရသည်။ တစ်မိုင်ကျော်ခန့်ဝင်မှ ဆီအုန်းခင်းအစပ်သို့ရောက်သည်။ ရေတံခွန်ဆီအုန်းစိုက်ပျိုးခြံအစပ်သို့ ရောက်ခြင်းဖြစ်သည်။ နောက်ထပ်တစ်မိုင်ခန့် ဆီအုန်းခင်းများကြားမှာ မောင်းလာရာ "ရေတံခွန်"ဟူသော စခန်းသို့ရောက်သည်။ စခန်းရုံးမှာ တောင်ကုန်းပေါ်တွင် တည်ထားခြင်းဖြစ်၍ ဘင်္ဂလားပင်လယ်ကြီးအားအပေါ်စီးမှ မြင်နေရသည်။ ရေတံခွန်စခန်းမှာ ဆီအုန်းစိုက်ခင်းများ၏ ကွပ်ကဲမှုဌာနချုပ်ဖြစ်သည်။ ဗိုလ်မှူးနှင့်ထောင်ပိုင်ကြီးများ ရုံးထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စခန်းတာဝန်ခံမှာ ကျွန်ုပ်၏သူငယ်ချင်း ထောင်မှူးကြီး ဦးကျော်ရှိန် ဖြစ်သည်။ ကျွန်ုပ်တွင် ရန်ကုန်မှသယ်ယူလာသော မန်ဒါလီ (၁၀)ကောင် ကြက်ခြင်းကြီးနှင့်ပါလာသဖြင့် ညစာတစ်ကောင်ချက်နိုင်ပြီး (၂)ကောင်ကို တောင်ပိုင်ကြီးများအား လက်ဆောင်ပေးလိုက်သည်။

ထောင်မှူးကြီး ဦးကျော်ရှိန် – "သူငယ်ချင်း မင်ကဟင်းချက်ဖို့ ပေးတော့ ငါကရေခဲစိမ်ဘီယာနဲ့ ပြန်ညှော်ခံပါမယ်"

"တောထဲမှာဘယ်က ရမှာလည်းသူငယ်ချင်းရယ်"

"ကိုယ့်နည်းကိုယ့်ဟန်နဲ့ပေါ့ သူငယ်ချင်းရယ်"

"လာကြစမ်းဟေ့ ရဲဘက် (၄)ယောက်လောက် ရုံးခန်းထဲက ဘီယာ (၂)ပုလင်းယူသွား ကြိုးပါယူသွား ထုံးစံအတိုင်းလုပ်ကြစမ်းဟေ့ ဒီမှာညှော်သည်ရောက်နေတယ်"

ရုံးဝန်ထမ်း (၁)ဦး ဘီယာ (၂)ပုလင်းနှင့် ကြိုးများယူကာ ရဲဘက် (၄)ဦးခေါ်၍ ပင်လယ်ကမ်းစပ်သို့ဆင်းသွားသည်။ ကျွန်ုပ်တို့ ရေချိုးအဝတ်အစားလဲပြီးချိန်တွင် ပြန်လာကြသည်။ နာရီဝက်ခန့်သာကြာမည်ဖြစ်ထင်သည်။ ရေခဲသီးနေသော ဘီယာ (၂)ပုလင်းပါ ပါလာသည်။

ကျွန်ုပ်တို့ ဝိုင်းထိုင်ကြစဉ် ထောင်ပိုင်ကြီးများပါ ရောက်လာကြသည် ရေခဲစိမ်ဘီယာမှာ ကျွန်ုပ်နှင့် ဦးကျော်ရှိန်အတွက်ပါဖြစ်သည်။ ထောင်ပိုင်ကြီးများက မသောက်ကြပါ။ မက်မွန်အရက်ကိုသာ သောက်ကြသည်။ အမြည်းမှာလည်း စုံလင်လှသည်။ တောဝက်သားခြောက်ကျော်၊ ချေသားခြောက်ဖုတ်နှင့် ဟင်းသီးဟင်းရွက်ကြော်များအပြင် ပင်လယ် ခရုနီသုတ်၊ ကင်မွန်းကြော်၊ ပင်လယ်ငါးကြော်များဖြစ်ကြသည်။

ကျွန်ုပ်က စားသောက်ရင်း ဦးကျော်ရှိအားမေးဖြစ်သည်။

"ကိုကျော်ရှိန် ခင်ဗျားရဲ့ရေခဲစိမ်ဘီယာလုပ်နည်းကလေးပြော ပြပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အော် ဒါလား အလွယ်လေးပါ လေဝတိုက်တဲ့ပင်လယ်ကမ်းစပ်က လမုပင်မှာ ဘီယာပုလင်းကို ကြိုးတပ်ပြီး ရဲဘက် (၂)ယောက် ကြိုး (၂)ချောင်းနဲ့ ထိုင်ဆွဲတာပါ။ နာရီဝက်လောက်ကြာတော့ ဘီယာပုလင်း မှုန်ပြီးချွေးပြန်လာတာပေါ့၊ အဲဒါရေခဲစိမ်ဘီယာပဲသူငယ်ချင်း"

"အင်း ခင်ဗျားနည်းလည်း အတော်ကောင်းတာဘဲ တောထဲ တောင်ထဲမှတ်ထားရဦးမယ်"

"ဒါ ကိုယ့်ရဲ့မူပိုင်နည်းနော် သူငယ်ချင်း တခြားသူကို မပွားနဲ့ဦး သူငယ်ချင်းကို ချစ်လွန်းလို့နည်းပေးတာ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ ကျွန်တော်ပြည်တွင်းမှာ တော့နည်းမပွားပါဘူး နိုင်ငံခြားကိုဘဲ ရောင်းစားမှာပါ"

"ဟား ဟား ဟား ဝါး"

အားလုံးသဘောကျ၍ ဝိုင်းရယ်ကြသည့် ထမင်းစားတော့ ပင်လယ်စာများအပြင် မန်ဒါလီသားနှင့် အာလူးဟင်းပါလာသည်။ ခရီးပမ်းလာသောကြောင့် စား၍ကောင်းလှသည်။ ညအိပ်တော့လည်း ပင်လယ်ကမ်းစပ် တောင်ကုန်းပေါ်ဖြစ်၍ လေကလေး တဖြူးဖြူးဖြင့် အေးချမ်းစွာ အိပ်စက်ခဲ့ရပါသည်။ ညဥ့်နက်ချိန်တွင်မတော့ တနင်္သာရီရိုးမပေါ်မှာ ကျားဟိန်းသံ ချေဟောက်သံများအား ကြားရ သည်။ ကျွန်ုပ်ရောက်ရှိနေသည့်မှာ ရိုးမတောင်ခြေ တောအတွင်း ဖြစ်ကြောင်း ယခုမှ သတိရတော့သည်။

မနက် (၆)နာရီခန့် အိပ်ယာထတော့ တောဝက်သားနှင့် ထမင်း ကြော်အပြင် ကော်ဖီနှင့် ကိတ်မုန့်ကိုလည်း စားရသည်။

ဦးကျော်ရှိန် "သူငယ်ချင်း တစ်ဝစားထားနော် ဆရာဦးယဉ်မောင်တို့ စခန်းရောက်ရင်ငတ်မှာ၊ ပါဆယ်ပါစခန်းက ရွာနဲ့ဝေးပြီ့နဲ့ဝေး မြို့လည်း နဲ့ဝေးပြီးခေါင်တယ်၊ အမဲသားကောင်လည်းရှာနိုင်မှရမှာ ပဲနဲ့ဘဲဥနဲ့ ပဲနှစ်ပါးသွားရလိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးယဉ်မောင် "ကိုကျော်ရှိန်ရယ်၊ ဦးသိန်းဝင်းက ပဲခူးရိုးမကမှဆိုးဗျ သူရောက်ရင် ကျွန်တော်တို့စခန်းစိုပြေပြီသာမှတ်ပေရော့"

"အင်း ဟုတ်သားဘဲ သူငယ်ချင်းက မုဆိုးဘဲ၊ ကိုယ်မေ့နေတာ လိုက်နိုင်ရင်တော့ ဒီမှာသားကောင်ပေါတယ် သူငယ်ချင်းရေ ချေနဲ့ ဝက်အပေါ်ဆုံးဘဲ"

ကျွန်တော်နှင့် ထောင်ပိုင်ဦးယဉ်မောင် ပြောင်းရွှေ့ဝန်ထမ်းများ TE ကားကြီးဖြင့် ဆက်လက်ထွက်ခွာလာကြရာ တစ်မျှော်တစ်ခေါ် ဆီအုန်းခင်းကြီးများအားဖြတ်ပြီးနောက် ရေတံခွန်ချောက်ကြီးအား မတ် စောက်စွာ တဖြည်းဖြည်းဆင်းခဲ့ပြီး ပင်လယ်ကမ်းစပ်ကိုင်းတောအား ဖြတ်၍ ပသျှူးရွာများအား ကျော်ခဲ့သည်။ အင်မဒိုင်းရွာသစ်ကျော်တော့ ပါဆယ်ပါညန်းဆီအုန်းခင်းအစပ်သို့ရောက်သည်။ နှစ်မိုင်ခန့်ဖြတ်ကျော် လာမှ ကားလမ်းဘေးတွင် တည်ဆောက်ထားသော ပါဆယ်ပါညန်း ဆီအုန်းစခန်းသို့ရောက်သည်။ ထိုတွင်သူငယ်ချင်းထောင်မှူး ဦးမြင့်ဦးနှင့် ဦးထွန်းအောင်လွင်တို့က လိုက်လှဲစွာကြိုဆိုကြသည်။ ပစ္စည်းများ နေရာချ ကျွန်ုပ်သယ်ဆောင်လာသော မန်ဒါလီများအား လွှတ်ပေးပြီးနောက် အနားယူနေစဉ် ထောင်ပိုင်ဦးယဉ်မောင်က စခန်းမှုဆိုးအားခေါ်ပြီး ကျွန်ုပ်နှင့် မိတ်ဆက်ပေးပါသည်။

"ဦးသိန်းဝင်း ဒါက စခန်းမှုဆိုးတင်မောင်တဲ့ လက်သမားလည်း သူဘဲ စခန်းအသားစိုအတွက်တော့ သူ့ဘဲအားကိုးရတာ ခင်ဗျားရောက် လာတော့ တွဲဖက်ညီသွားတာပေါ့ဗျာ"

"အော် တင်မောင်ကိုး"

"ဟာ ဆရာ ကျွန်တော်ပြောသားဘဲ ကျွန်တော်တို့ပြန်ဆုံကြ မယ်လို့လေ"

ဦးယဉ်မောင်-"အော် ခင်ဗျားတို့က သိနေကြတာကိုး"

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် – ''အင်းစိန်ထောင်ထွက်ချင်းဘဲဆရာရယ်၊ မသိပဲနေမလား''

တင်မောင်–''ဆရာတပည့်တွေဆိုတော့ အတွဲညီတာပေါ့ဗျာ ဆရာမပင်ပမ်းရင်တော့ ညနေတိုင်းလည်ရင်းထွက်ကြရအောင်ဗျာ''

''ရပါတယ် ကျွန်တော်လည်း ဆီအုန်းခင်းနဲ့ တနသာရီရိုးမကို လေ့လာချင်နေတာပါ အတော်ဘဲပေါ့''

ကျွန်တော် နေ့လယ်ခင်း ထမင်းစားသောက်ပြီးသည်နှင့် စခန်းပတ်ဝန်းကျင်အား လေ့လာသည်။ စခန်းမှာ မြေပြန့်ကျယ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လမ်းဘေးတွင် စခန်းရုံး အနောက်ဘက်တွင် တန်းစီကွင်းနှင့် အလံတိုင်၊ အနောက်ဘက်တွင် သံဆူးကြိုးကာရံထားသည်။ ရဲဘက်ဘားတိုက်များ ဘေးပတ်လည်တွင် ဝန်ထမ်းအိမ်ယာများဖြစ်သည်။ စခန်းအနောက်ဘက်တွင် တစ်မျှော်တစ်ခေါ် ဆီအုန်းခင်းကြီးနှင့် တနသာရီရိုးမတောင်ကြီးဖြစ်သည်။

ညနေ (၃)နာရီခန့်တွင် မှူဆိုးတင်မောင် ကျွန်ုပ်အားလာခေါ်သည်။ နေမှာကျသွားပြီဖြစ်သော်လည်း အပူရှိန်မှာမကျသေး၊ အလွန်ပူလှသည်။ ကျွန်ုပ်လက်တိုရှပ်အင်္ကျီတစ်ထည်ဝတ်၍ ဘောင်းဘီရှည်နှင့် တောစီးဘိနပ်စီးကာ ဒသမ – ၃၀၃ ရိုင်ဖယ်ကြီးလွယ်၍ ထွက်ခဲ့သည်။ တောလိုက်လျှင်ပါနေကျ စစ်သုံးရေဗူးနှင့် အမဲလိုက်ဓါးမြှောင်လည်းပါသည်။

တင်မောင်က တူမီးသေနတ်၊ မှူဆိုးလွယ်အိတ်နှင့် ထောင်ပိုင်ကြီးစီစဉ်ပေးထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဆီအုန်းခင်းကြီးအား တစ်မိုင်ခန့်ဖြတ်ရသည်။ (၂)နှစ်သားခန့်သာရှိသေး၍ လူတစ်ရပ်ကျော်သာရှိသည်။ အရိပ်မရသေး။ မိနစ် (၂၀)ခန့်ဖြတ်မှ ရိုးမတောင်ခြေသို့ရောက်သည်။ တောင်ခြေရောက်မှ တောင်တန်းကြီးမှာ အတော်မြင့်ကြောင်းသိရသည်၊ သို့သော်မုတ်ဆိုးလမ်းမှာ ပြေ၍တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီအုန်းခင်းအစပ်တောင်ခြေ မီးတားလမ်း (တောမီးလောင်လျှင် ဆီအုန်းခင်းအားမကူးစက်စေရန် အပြောင်ရှင်းထားသော ပေ (၁၀၀) ခန့် ကျယ်သည့်မြေလမ်း) ရောက်လျှင် မုဆိုးတင်မောင်က ကျွန်ုပ်အား တိုးတိုးသတိပေးသည်။

"ဆရာ တောင်ခြေမှာလူးအိုင်တွေရှိတယ် ကျွန်တော်မနက်စောစောက နင်းကိုင်းတွေထောင်ထားတယ် ဝက်အုပ်ရှိတယ်ဆရာ သတိထားပါ"

ကျွန်ုပ် ဒဿမ ၃၀၃ ရိုင်ဖယ်ကြီးအား မောင်းတင်၍ လုံခြုံရေးသော့ကိုဖွင့်ကာ အသင့်အနေအထားဖြင့် မုဆိုးတင်မောင်နောက်မှ လိုက်၍တောတိုးခဲ့သည်။ သတိရသဖြင့်

"တင်မောင်ရေ လေတင်လား လေအောက်လား သတိထားဦးနော်"

တင်မောင်က မုဆိုးလွယ်အိတ်ထဲမှဆောင်လာသည့် ဂွမ်းစကိုဆုတ်ပြီး ဖြန့်ကျဲ၍ အပေါ်ပစ်တင်လိုက်သည်။ ဂွမ်းစကလေးများမှာ ကျွန်ုပ်တို့ဘက်သို့လွင့်ကျလာသည်။

"လေအောက် ဆရာ ဆရာပြောပေလို့ ကျွန်တော်သတိမေ့ တော့မလို့ တော်ပါသေးရဲ့ မုဆိုးပညာကို ဆရာနားလည်လို့တော်ပါ သေးရဲ့"

ထိုစဉ်တွင် ဝက်အုပ်ကြီးတအီအီအော်သံနှင့် တောတိုးသံများကို ကြားရသည်။

တင်မောင်-"ဆရာရေ ဝက်အုပ်ကြီးခုမှ ရိုးမကြောပေါ်မှ ဆင်းလာဟန် တူတယ်။ ကျွန်တော်တို့နေရာယူပြီး စောင့်ပြစ်ရအောင်"

"တင်မောင် ရှေ့နည်းနည်းတိုးဦး မြင်ကွင်းမရှင်းဘူး သစ်ပင်ကြီးတွေနဲ့ ရှေ့မှာဘာမှမမြင်ရဘူး တို့ကလေအောက်ကဘဲ ရဲရဲသာတိုး အသံတော့မထွက်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်တို့တောစိုအားဖြတ်၍တိုးခဲ့ရာ ကွက်လပ်တစ်ခုကိုတွေ့ရသည်။ ထိုတွင်လူးအိုင်များအား တောငှက်ပျောပင်အုပ်နှင့် ကြိမ်ရုံ ရေငန်းရုံများအနီးတွင် တွေ့ရသည်။

ဝက်အုပ်ကြီးမှာ (၆)ကောင်ဖြစ်သည်။ အစွယ်ကြီးကော့ပျံနေသောဝက်တောင်းကြီးက ဦးဆောင်သည်။ ဝက်မအုပ်မှာ လူးအိုင်ထဲဆင်း၍ လူးလိုက်တက်လိုက်နှင့်ဖြစ်နေသော်လည်း ဝက်တောင်းကြီးက လူးအိုင်အားပတ်၍ တရှူးရှူးနှင့် ကင်းစောင့်နေသည်။ ကျွန်ုပ်မှဆိုးတင်မောင်အား အချက်ပေးလိုက်သည်။ ဝက်တောင်းကြီးအား ကျွန်ုပ်ပစ်မည်ဖြစ်ကြောင်းပင် မှဆိုးတင်မောင်က စိတ်ကြိုက်ဝက်မတစ်ကောင်ကိုရွေးသည်။ ကျွန်ုပ်တို့ အကာအကွယ်သစ်ပင်ကိုယ်စီရွေးပြီး အဆင်သင့်ဖြစ်သည်နှင့် ကျွန်ုပ်က မုဆိုးတင်မောင်အား လက်မထောင်ပြလိုက်သည်။ သူကလည်း ခေါင်းညိတ်ပြသည်။ အသင့်ဖြစ်ကြောင်းအချက်ပေးခြင်းဖြစ်သည်။

ကျွန်ုပ်ဝက်တောင်းကြီး၏ ဘယ်လက်ပြင်အား အသေအချာချိန်၍ မောင်းဖြုတ်လိုက်သလို မုဆိုးတင်မောင်ကလည်း လက်မနှေးပါ။

"ဒိုင်း အုန်း"

ဟူသော သေနတ်သံနှစ်ချက် မရှေးမနှောင်းထွက်ပေါ်လာပြီးနောက်

"အီ အီ ဝုန်း" ဟူသော အသံကြီးကြားရပြီး ဝက်တောင်းကြီးက လူးအိုင်ထဲပြုတ်ကျပြီးမှ ကျွန်ုပ်တို့ထံ ယမ်းနိုးလိုက်၍ပြေးတိုးတော့သည်။ တူမီးသေနတ်အား ယမ်းထောင်းနေသော မုဆိုးတင်မောင်ထံမရောက်မီ ကျွန်ုပ်၏ ရိုင်ဖယ်ကြီးမှာ ဒုတိယကျည်ဆံထွက်သွားသည်။

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တည့်တည့်အား ဒသမ ၃၀၃ ကျည်ဆန်မှန်၍ မြင်းအကန် ခံရသလိုဖြစ်သွားသော ဝက်တောင်းကြီးမှာ သူတက်လာသည့် လူးအိုင်ထဲသို့ ပြန်ပြုတ်ကျသွားပြန်သည်။ လူးအိုင်ထဲမှာ တောဝက်မများ တက်ပြေးကြသည်။

"ဝုန်း ဖွမ်း၊ ဝရော့ ရော"

မုဆိုးတင်မောင် "တော်ပါသေးရဲ့ဆရာရယ် ဆရာသာမကယ်ရင်တော့ ကျွန်တော်မလွယ်ဘူး တူမီးသေနတ်တွေက တစ်ချက်ပစ်ပြီး ယမ်းထောင်းရတာအချိန်ကြာတယ် သေရေးရှင်ရေးဆို အခက်ပဲ"

"မင်းရှေ့မှာ မျောက်ချောပင်ကြီးခံနေတာဘဲ မပူပါနဲ့ကွာ"

"အဲဒါကြောင့်ပေါ့ ဆရာရဲ့ တောဝက်ပစ်ရင်အကာအကွယ်ယူရတာမို့ ကြုံရာသစ်ပင်ကို ယူမိပါတယ်။ ဒီမျောက်ချောပင်ကြီးက ပြောင်ချော ကြီး အကိုင်းဘက်ကလည်း (၁၀) ပေကျော်မှာ တက်ပြေးဖို့မလွယ်ဘူး ဆရာ ဆရာယူထားတာက တောင်သရက်ပင် ခွဆုံကလက်တစ်ကမ်းမှာတင် ဆရာက ကျွန်တော်ထက်အတွေ့အကြုံ ရှိပါပေတယ် ဆရာ့ရယ်"

"ကဲ ထားပါတော့ ဒီဝက်တွေဘယ်လိုလုပ်ကြမလဲ ငါတို့က နှစ်ယောက်တည်းရယ်"

"ပြဿနာမရှိပါဘူးဆရာရယ်၊ သေနတ်သံကြားတာနဲ့ ထောင်ပိုင်ကြီးက ထမ်းမယ့်သူတွေလွှတ်လိုက်မှာပါ ကျွန်တော်တို့က ထိုင်စောင့်ရုံပါဘဲ"

"အော် မင်းတို့က အချိန်းအချက်ရှိတာကိုး"

ကျွန်ုပ်တို့ပတ်ဝန်းကျင်အား လေ့လာရင်းပါလာသည့် ရေဗူးကို မော့သောက်ပြီး အနားယူကြသည်။ ညနေ (၄း၃၀)နာရီခန့်ရှိပြီဖြစ်၍ တောင်ကွယ်နေသဖြင့် တောမှာမှောင်စပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅)နာရီခန့်တွင် "ဝူး ဝူး" ဟုတောအူသံများကြားရသည်။ မုဆိုးတင်မောင်ကလည်း "ဝူး ဝူး" ဟု အသံပြန်ပေးသည်။

ကျွန်ုပ်က "တင်မောင်ရေ မင်းကောင်တွေ ငါတို့နေရာဘယ်လိုသိသလဲကွ"

"ဆရာ ကျွန်တော့်ရဲ့မုဆိုးနောက်လိုက်စံအောင်ပါတယ်လေ ဆရာသူက ကျွန်တော်နဲ့ တောလိုက်နေကျမို့ ကျွန်တော်တို့လမ်းကြောင်းကို သူသိပါတယ် ဒါကြောင့်လိုက်လာနိုင်ကြတာပါ"

မကြာမီ စံအောင်ခေါင်းဆောင်သော အဖွဲ့ရောက်လာကြသည်။ ဝါးခုတ်၊ နွယ်ကြိုးရှာဖြင့် တက်ညီလက်ညီရှိကြသည်။

စံအောင်-"အားပါးပါး နည်းတဲ့ကောင်ကြီးမဟုတ်ပါလား ပိဿ (၇၀) လောက်ရှိလိမ့်မယ် ဆရာထောင်မှူးပစ်တာမဟုတ်လား ကျွန်တော်ဆရာ တင်မောင်က အကောင်ကြီးရင် မပစ်ဘူး"

မုဆိုးတင်မောင် "ဟ စံအောင်ရ သူ့လက်နက်နဲ့သူ တန်အောင်ပစ်ရတာ ငါ့တူမီးနဲ့ ဒီကောင်ကြီးကို ဘယ်နိုင်မှာလည်း ဒါတောင်ဆရာ ကယ်ပေလို့ နို့မဟုတ်ရင် ငါအူပွင့်ပြီလားမသိဘူး"

စံအောင်- "ဟား ဟား ဟား ကျွန်တော်သိနေတယ်လေ အင်းအခုမှဘဲ တောဝက်သားဝအောင်စားရတော့မယ် မစားရတာတောင် အတော်ကြာပေါ့ဗျာ"

မုဆိုးတင်မောင်- "အေး နောင်ဆို ဆရာနဲ့ငါတွဲရင် နေ့တိုင်းစားရတော့မယ် မင်းပါစပ်ကြီးသာပြင်ထားပေရော့"

ပြောရင်း ဆိုရင်း နောက်ရင်း ပြောင်ရင်း ကျွမ်းကျင်သူများပီပီ ဝက် (၂)ကောင်အား ဝက်တုတ်တုတ်၍ ဝါးလုံးလျှိုကာ စခန်းသို့ ထမ်းခဲ့ကြတော့သည်။ ကျွန်ုပ်တို့နှစ်ဦးကတော့ မုဆိုးပီပီ သေနတ်ထမ်း၍ စခန်းသို့ပြန်ခဲ့ကြတော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပါဆယ်ပါညန်းစခန်းတွင် ထောက်ပံ့ရေးဌာနအား ကိုင်တွယ်ရရာ ထောင်မှူးဦးမြင့်ဦးထံမှ ရိက္ခာနှင့်လက်နက်များလွှဲပြောင်းရယူနေရသဖြင့် တစ်ပတ်ခန့်တောပစ်မထွက်နိုင်ပါ၊ TE နှင့် RANGER ထွန်စက်များလည်း လွှဲပြောင်းရာတွင် ပါဝင်သဖြင့် အသေးစိတ် စစ်ဆေးနေရသောကြောင့်လည်းဖြစ်သည်။ တောင်ဆင်း၊ တောင်တက်တောစခန်းများဖြစ်၍ ပွင့်လင်းရာသီဌာသာကားအားလုံးကို အသုံးပြုနိုင်သော်လည်း မိုးရာသီတွင်မတော့ ထွန်စက်ကြီးကိုသာ အားကိုးရတော့သည်။

ကျွန်ုပ်မအားလပ်စဉ်အတွင်း မုဆိုးတင်မောင်တစ်ဦးတည်း တောလည်သည်၊ မုဆိုးနောက်လိုက် စံအောင်က ရဲဘက်ဖိုကြီးတွင်လည်း တမင်းချက်ဖြစ်၍ မအားလပ်၊ ပိတ်ရက်များတွင်သာ တောထဲသို့ လိုက်နိုင်သည်။ တစ်ပတ်အချိန်တွင် မုဆိုးတင်မောင် သားကောင်ကြီးမရကြက်၊ ငှက်နှင့် တောင်လိပ်များသာ ရတတ်သည်။ နေ့စဉ်လည်းမရ တစ်နေ့ညနေတွင် ကျွန်ုပ်အတွက် သစ်ခွပန်းကြီးတစ်ခိုင်နှင့်သစ်ခွသစ်နွယ်ပင်အား နှုတ်လာသည်။

"ရှော့ဆရာ ဒါဆရာ့အတွက် ထူးဆန်းလို့ခူးလာတာ ဘာသစ်ခွမျိုးမှန်းတော့ ကျွန်တော်မသိဘူး အတော်လှပြီး အတော်ကြီးတယ် အရင်ကမမြင်ဘူးတဲ့မျိုးဘဲဆရာ"

ဟုတ်ပါသည်။ သစ်ခွပန်းခိုင်ကြီးမှာ တစ်ခိုင်တည်းအနီရောင်အချင်းတစ်ပေကျော်ခန့် အဝိုင်းကြီးဖြစ်သည်။ SPIDER ပင့်ကူသစ်ခွမျိုးဖြစ်သည်။ ယခင်မြင်ဖူးခဲ့သော သစ်ခွများလို သေးသေးလေးမဟုတ်ကြီးမားထွားကျိုင်းလှသည်။

ကျွန်ုပ် – "တင်မောင်ရေ ထူးဆန်းလှချည်လားကွ SPIDER သစ်ခွအယဉ်မျိုးတွေတောင် သူ့လောက်မလှဘူး မကြီးဘူး၊ မင်းယူလာပေးတာ ကျေးဇူးဘဲ အပင်ကိုငါကောင်းကောင်း စိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်အဲဒီနေရာမှာ ထူးဆန်းတာတွေ့ခဲ့ရသေးတယ် ဆရာ တောင်ငှက်ပျောတစ်ပင်တည်းက ဆင်စွယ်လို အဖူးနှစ်ဖူးထွက်နေတယ်၊ အခိုင်ကလည်း (၇) ခိုင်ဆရာ"

"မော ထူးဆန်းလှချည်လားကွ ငှက်ပျောတစ်ပင်တည်းက အဖူးနှစ်ဖူးထွက်တယ်ဆိုတာ ဒီတစ်ခါဘဲ မင်းပြောလို့ကြားဖူးတာ၊ မြင်ဖူးဖို့တော့ မပြောနဲ့တော့ ဒါနဲ့ဘယ်နေရာမှာလဲကွ"

"ကျွန်တော်တို့ ဝက်ပစ်တဲ့လူးအိုင်အပေါ်က တောင်စောင်းမှာ ဆရာ ကျွန်တော်တော့ နိမိတ်ယူပြီး ထီထိုးဦးမယ်"

နောက်တစ်နေ့ညနေ ယိုးဒယားထီဖွင့်သောနေ့ ညနေ (၃)နာရီခန့်တွင် စခန်းအတွင်းသို့ ပျားအုပ်ကြီးပျံသန်းဝင်ရောက်လာသည်။ အကောင်ပေါင်း ထောင်ချီနေ၍ လေပြင်းတိုက်သကဲ့သို့ တဝီဝီအော်နေသည်။ ပထမ ကျွန်တော်တို့ရုံးခန်းအားကျော်၍ ဝန်ထမ်းဗိုအနီးရှိ သီဟိုဠ်ပင်အား စွဲသည်။ ပြီးနောက် ထပ်ပျံပြီး တပ်ကြပ်ကြီးထွန်းမောင်နှင့် မုဆိုးတင်မောင်တို့ နေထိုင်ကြသည့်တဲကလေးအနီးရှိ သီဟိုဠ်ပင်ကြီးတွင် စွဲပြန်သည်။ ချက်ချင်းပင် ပျားအုံအကြီးကြီးဖြစ်သွားသည်။

တင်မောင်တောထဲကပြန်အလာတွင် ကျွန်ုပ်က

"တင်မောင်ရေ ပျားစွဲနိမိတ်ဆိုတာ ငွေဝင်လမ်းဘဲကွ မင်းတော့ ထီပေါက်ပြီထင်တယ်"

"ဟုတ်တယ်ထင်တယ်ဆရာ မနေ့က ဆရာပြောလို့ ကျွန်တော် နိမိတ်ယူပြီး ထီထိုးခဲ့တယ် အဲဒါညက အိမ်မက်မက်တယ် ပိတ်ဖြူဝတ် အဖိုးတစ်ဦးဘဲ "သား ထပ်ထိုးဦး မင်းဟာနည်းတယ်တဲ့" အဲဒါကြောင့် ကျွန်တော်ရှိတာလေးနဲ့ ထပ်ထိုးထားတယ်"

ဟုတ်ပါသည် ညနေစောင်းထီဖွင့်ချိန်တွင် မုဆိုးတင်မောင် ထီပေါက်ပါသည်။ ရဲဘက်ဖြစ်သဖြင့် ရှိတာလေးနှင့် ထိုးရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



များများစားစားတော့မဟုတ်ပါ။ ထောင်ဂဏန်းကျော်ကျော်ရသည်ဟု ညီရသည်။ တင်မောင် စခန်းတစ်ခုလုံးအား တတ်နိုင်သမျှ အလှူလုပ်သည်။ ကျွန်ုပ်အား (၉၀/-)ကျပ်တန် မက်မွန်အရက်ပုလင်းကြီးတစ်လုံး ဝယ်၍ ကန်တော့သည်။

"တင်မောင်ရေ နေပါစေကွာ မင်းရှားပါးပိုက်ဆံကလေးနဲ့ မလုပ်ပါနဲ့ မင်းဖာသာသုံးစမ်းပါ"

"ဆရာရယ် တစ်ခါတလေ တပည့်ကန်တော့တာ လက်ခံစမ်းပါဗျာ၊ ဆရာနိမိတ်ပေးလို့ ကျွန်တော်ရတာပါ ကျွန်တော်အမြဲတမ်း ထီထိုးတတ်တဲ့သူမှမဟုတ်ဘဲ"

"အေး အေး ကျေးဇူးတင်တယ်ကွာ ကျန်းမာလို့ချမ်းသာပါစေ အန္တရာယ်ကင်းဘေးရှင်းပါစေပေါ့ကွာ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဆရာ"

"လာမယ့်တနင်္ဂနွေနေ့ ငါအားပါပြီကွာ တောလည်ကြတာပေါ့ ဒီတစ်ခါတော့ နေရာသစ်ပြောင်းရှာကွာ ပင်လယ်ကမ်းခြေဘက်သွားချင်တယ် ဘာကောင်တွေရှိမလဲ"

"ပင်လယ်ကမ်းခြေဘက်မှာတော့ ငါးနဲ့ ငှက်ကြီးတွေ၊ ဖျံတွေပဲရှိတယ်ဆရာ ဆရာပစ်မှာလား"

"အေး အေး ရရာပစ်တာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

တနင်္ဂနွေနေ့ မနက် (၆)နာရီခန့်တွင် ကျွန်ုပ်တို့အင်မတိုင်းရွာ ပင်လယ်ကမ်းတစ်ဘက်သို့ထွက်ခဲ့ကြသည်။ အင်မတိုင်းရွာကွင်းစပ်တွင် ဆီအုန်းအစောင့်တဲတစ်လုံးအားမြင်ရသည်။

တင်မောင် "ဆရာ ဒီတဲမှာခဏနားရအောင် ဒီတဲမှာတပ်ကြပ်ဆရာ မောင်မောင်ရှိတယ် သူလည်း မုဆိုးဘဲ၊ အင်းစိန်ထောင်က ပြောင်းလာတာ"

"ဟ တပ်ကြပ်မောင်မောင်ဆိုရင် ငါ့တပည့်ဘဲ သူကအင်းစိန်ထောင် လက်နက်ခန်းကိုင်သွားတာ"

ကျွန်ုပ်တို့တဲရှေ့ရောက်တော့ လူနှစ်ရပ်ခန့်ရှိ ရုံးပတီပင်ကြီးကို မြင်ရသည်။ လှိုင်းစောင်းတွင်ပေါက်နေခြင်းဖြစ်သည်။ အသီးများလည်း ပွတ်သီပ်နေပြီး အသီးတစ်လုံးလျှင် တစ်တောင်ခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် – "ဟာ ဒီအပင်ကြီးက ထူးဆန်းလှချည်လား ငါမြင်ဖူးသမျှ ရုံးပတီပင်ထဲမှာတော့ အကြီးဆုံးပဲ ရုံးပတီပင်ဆိုတာ လူ့ခါးလောက်ပဲရှိတာ ထွားလှလှတစ်ရပ်ပေါ့"

ထိုစဉ် လူသံကြား၍ တပ်ကြပ်မောင်မောင်အပြင်သို့ထွက်လာသည်။

"အော် ဆရာဦးသိန်းဝင်းကိုး ကျွန်တော်တောင် ညနေ ဆရာဆီလာဖို့လုပ်နေတာ ဒီမှာရောဘဲတစ်ကောင်ရထားတယ် ရုံးပတီသီးနဲ့ ရောဘဲလက်ဆောင်လာပေးမလို့ဘဲဆရာ"

"ကောင်းတာပေါ့ဗျာ ရောဘဲသားမစားရတာတောင်ကြာပြီ ဒီမှာပေါသလား ဒါနဲ့ခင်ဗျားရုံးပတီပင်က ထွားလှချည်လား ဘာမျိုးလဲ ဆီအုန်းပင်ထည့်တဲ့မြေဩဇာတွေ ကျွေးလို့လား"

"ရောဘဲက ဒီမှာပေါတယ်ဆရာ အုပ်လိုက်ကျတာ ဒီတဲခေါင်းရင်းက ရေကန်ထဲမှာတင်ရှိတယ်၊ ကျွန်တော်အခုမိထားတဲ့ကောင်က လေးနဲ့ပစ်လို့အတောင်ကျိုးပြီးရထားတာ ရုံးပတီပင်ကတော့ အလေ့ကျပေါက်တာပါဆရာရယ် ဘာမြေဩဇာမှလည်း ကျွေးမထားပါဘူး သူ့ဖာသာကြီးချင်လို့ကြီးနေတာပါ၊ ဆရာမျိုးလိုချင်ရင်လည်း အပြန်ယူသွားပါ ကျွန်တော်အခြောက်လှမ်းပြီးမျိုးယူထားတာရှိပါတယ်။

"အေး အေး အပြန်ကျမှယူတာပေါ့ အခုကျွန်တော်တို့ ပင်လယ်ကမ်းစပ်ဘက်သွားပြီး အကောင်ပလောင်ပစ်မလို့ ခင်ဗျားလိုက်မလား"

"လိုက်မယ်ဆရာ ကျွန်တော်လည်းအဲဒီဘက်မှာ တောဝက်ကိုင်းတွေထောင်ထားတာရှိတယ်"

ကိုမောင်မောင်ကပြောပြောဆိုဆိုပင် ယူနီဖောင်းလဲ၍ လိုက်ခဲ့သည်။ သူတို့ဆီအုန်းတဲစောင့်များအား ဒသသမ ၃၀၃ အမေရိကန်နိုင်ဖယ်ကြီးများအား လုံခြုံရေးအတွက် ထုတ်ပေးထားရာ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကြီးလွယ်၍ လိုက်ခဲ့သည်။ စခန်းအထက် အင်းမဒိုင်ရွာပျက်နား တွင် ဇီးဖြူတောကို တွေ့ရသည်။ သို့သော်ဘာကောင်မျှ မရှိပါ။ ဇီးဖြူတောနောက်တွင် မိန်းမတစ်ယောက်၏ အော်ဟစ်ရုန်းကန်နေသံနှင့် ဇီးဖြူပင်များလှုပ်ရှားနေသည်ကိုမြင်ရကြားရသည်။

ကျွန်ုပ် – ''ကိုမောင်မောင်အနိုင်ကျင့်ခံရတားလား'' ဟုမေးမြန်ရင်း သေနတ်ကြီးကို ချောက်ခနဲမောင်းတင်လိုက်သည်။

ကိုမောင်မောင် – '' ပြဿနာဘဲဆရာရေ အဲဒီနားမှာကျွန်တော် ဝက်နင်းကိုင်းတွေထောင်ထားတယ် ဆီးဖြူသီးကောက်တဲ့ ပသျှူးမတော့ မိနေပြီထင်တယ်''

''ဟ အဲဒါဆို မြန်မြန်လုပ် ဖောက်ထိုးကြီးဖြစ်နေပြီ သေသွား ဦးမယ်''

ကျွန်ုပ်တို့ဆီးဖြူတောသို့ ပြေးကြသည်။ ဆီးဖြူတောအနောက် ဘက်တွင် ဝက်နင်းကိုင်းမိနေသော ပသျှူးမကြီးအား ဖောက်ထိုးကြီး မြင်နေရသည်။ ထမီမှာ သုတ်ကိုင်းနှင့်ငြိ၍ ကွင်းလုံးကျွတ်သွားရာ မြင်မကောင်းရှုမကောင်းပင်၊ ကျွန်ုပ်တို့အပြေးသွား၍ သုတ်ကိုင်းအား နှိမ်ပြီးဖြုတ်ပေးရာ ပသျှူးမကြီးမှာ အော်ဟစ်ဆဲဆို၍ ထမီအားကောက် စွတ်ပြီး အင်မဒိုင်းရွာဘက်သို့ တစ်ဟုန်ထိုးပြေးသွားတော့သည်။ ချုံအနီး တွင် တောသူမကောက်ထားသော ဆီးဖြူသီးများပြည့်နေသည်။ ပုလိုင်း လေးတစ်ခုအားလဲလျက်တွေ့ရသည်။ ကျွန်ုပ်တို့မှာ ငိုအားထက် ရယ်အား သန်၍ တဟားဟားရယ်မိကြသည်။

ဟား. . . ဟား. . . ဟား. . . ဟား. . .

သူတစ်ပါးဒုက္ခရောက်သည်ကို မရယ်ကောင်းမှန်းသိပါသည်။ သို့သော်ကျွန်ုပ်တို့ ကြုံရသောအဖြစ်မှာ. . .

''ကိုမောင်မောင်ရေ ညနေတော့ ထောင်ပိုင်အရေးပယူခံရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြို့တွေးထားပေတော့ နောက်ဆိုလူနဲ့နီးတဲ့နေရာမှာ နင်းကိုင်း မထောင်ပါနဲ့၊ အသက်အန္တရာယ်ရှိတယ် အခုတောင်ကျွန်တော်တို့ အရောက်စောလို့ နို့မဟုတ်ရင် မလွယ်ဘူး''

''လူသွားလမ်းနဲ့လည်းဝေးပါတယ်ဆရာရယ် ဆီးဖြူသီးဝင်ကောက်ရင်း ချုံထဲတိုးလို့ဖြစ်ရတာပါ လာတိုင်ရင်လည်း ဆရာက ကြည့်ပြောထားပေးပါဦးနော်''

''ထားပါတော့ဗျာ ကျွန်တော် ကြည့်ပြောလိုက်ပါမယ်''

ကျွန်ုပ်တို့ အင်မဒိုင်းရွာဟောင်း ပင်လယ်ဏမ်းခြေဘက်သို့ ဆင်းခဲ့ကြသည်။ ပစ်စရာကမရှိ ကမ်းစပ်တွင်ငါးရှာနေသော ပင်လယ်ငှက်ကြီးဒုံးစပ်များကိုသာ တွေ့ရသည်။ ၎င်းငှက်ကြီးများမှာ အကောင်ကြီးသော်လည်း အရိုးများ၍ စားမကောင်းကြောင်း တင်မောင်ကပြော၍ ကျွန်ုပ်တို့ မပစ်တော့ပါ ခပ်လှမ်းလှမ်းတွင် ဂဏန်းတွင်း အတွင်းအမြီးချ၍ တကြွပ်ကြွပ်စားနေသော မျောက်တံငါးများအားမြင်ရပြန်သည်။ ညီစော်နံလှ၍ ကျွန်ုပ်မပစ်ပါ၊ ဆက်၍လာကြရာ တောင်ပေါ်မှစီးလာသောစမ်းချောင်းကလေးထဲတွင် ဖျံတစ်အုပ်တွေ့ရသည်။ တကျီကျီနှင့် ဆူညံနေတော့သည်။ ကျွန်ုပ်ဖျံကိုတစ်ခါမျှ မပစ်ဘူးပါ၊ ထို့ကြောင့် လက်ရိုပ်ပြလူစုခွဲပြီး ဖျံအုပ်အားဝိုင်းလိုက်ကြသည်။ ဖျံအုပ်ကြီးမှာ သူတို့အသံနှင့် သူတို့ဆူညံနေသဖြင့် ကျွန်ုပ်တို့ကပ်လာသည်ကို ဂရုမမူမိကြဟန်တူသည်။ ကြိမ်ရုံ ထမင်းဆုပ်ခြုံ ငှက်ကြီးတောင်ချုံများအား အကာအကွယ်ပြု၍ ကျွန်ုပ်တို့အချက်ပြပြီး တစ်ပြိုင်တည်းပစ်ခတ်ကြတော့သည်။

ဒိုင်း. . . ဒိုင်း. . . ဒိုင်း

ဖျံသုံးကောင်ချောင်းထဲ၌ ကျန်ခဲ့သည်။ ကျန်ဖျံများမှာ စက္ကန့်ပိုင်းအတွင်း ချောင်းဖျားသို့ တက်ပြေးပျောက်ကွယ်ကုန်သည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း နီးစပ်ရာအကောင်ကိုသာ ပစ်ရခြင်းဖြစ်၍ အထီးအမ မခွဲခြားနိုင်။ တင်မောင်က ချောင်းထဲသို့ ဆင်းကောက်သည်။

''ဆရာရေ ဖျံမတွေချည်းဘဲဗျ။ ဘာမှအသုံးမဝင်ဘူး။ အသားကလည်းအလွန်ညှီတယ်၊ ဖျံထီးက ဒီအုပ်မှာတစ်ကောင်တည်းရှိတာလစ်သွားပြီ''

''အဲဒါတွေဘဲယူခဲ့ကွာ၊ ဖျံသားမစားဘူးတော့၊ စားကြည့်ရတာပေါ့။ အထီးအမကို မပစ်ခင်မင်းရောခွဲခြားတတ်လို့လား''–

''အချိန်စောင့်ကြည့်ပြီးခွဲရင်တော့ ရတာပေါ့ဆရာရယ်၊ ချက်ချင်းကြီးတော့ ဘယ်ရမလဲ''

''မင်းအဘတွေက ဖျံတွေဟ၊ တောဝက်လိုအစွယ်ကြီးငေါ်ထွက်နေတာမဟုတ်ဘူး။ အကောင်အရွယ်အစားအလည်း အတူတူတွေပဲမဟုတ်လား။''

''ဟုတ်ပါတယ်ဆရာ၊ ဖျံထီးတွေက မိတ်လိုက်ရလွန်းလို့ပိန်ကြတယ်၊ ဖျံအုပ်ထဲမှာ အတော်အခွဲရခက်ပါတယ်။ အချိန်ယူကြည့်မှ သိတာ၊ ဖျံသိုဟာဆေးသုံးအလွန်ထက်ကြောင်း ဆရာသိပါတယ်နော်။''

''သိပါ့ဗျာ၊ သိလို့လည်းပစ်တာပါ။ သုံးကောင်ရတာတောင် အထီးမပါဘူးဗျာ၊ အံ့သြပါရဲ့''

ကနဦးကိုင်းမိကတည်းက ပသျှူးမကြီးဥစ္စာ ဆရာရယ်၊ နောက်ပိုင်းမိသမျှ အမတွေချည်းဖြစ်တော့မှာပေါ့ ဟား – ဟား – ဟားမုဆိုးတင်မောင်မှာ ဘာကိုတွေးမိပြန်သည်မသိ တစ်ဟားဟား ရယ်ပြန်သည်။

ကျွန်ုပ်တို့အဖွဲ့ ရွာဟောင်းကုန်းအားပတ်၍ ပြန်ခဲ့ကြသည်။ ရိုးမအခြေနှင့်ဝေးပြီး ပင်လယ်ကမ်းစပ်အနီးဖြစ်၍ တောပေါက်အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အရောင်ကိုပင် မမြင်ရ၊ ရေစပ်စပ်ရှိသော ချုံတောများအတွင်း၌ တောဝက်သွားရာလမ်းကြောင်းများကိုတော့ တွေ့ရသည်။

ကျွန်ုပ်တို့ ဆီးဖြူတောနားအရောက်တွင် နီနီညိုညိုအရာတစ်ခုအား ကျွန်ုပ်လှမ်း၍ မြင်ရသည်။ အဖွဲ့အားလက်ရိပ်ပြပြီး ကျွန်ုပ်ရှေ့တက်ခဲ့သည်။ မြရာချုံကလေးများသာ အကာကွယ်ရှိသည်။ လေအောက်ဖြစ်နေ၍ တော်တော့သည်။ ဆီးဖြူပင်အား ပတတ်ရပ်၍ ဆီးဖြူသီးစားနေသော ချေပေါက်တစ်ကောင်ဖြစ်သည်။ ကျွန်ုပ် ဒဿမ ၃၀၃ ရိုင်ဖယ်ကြီးဖြင့် ရင်ပုံအားအသေအချာချိန်ပစ်ခတ်လိုက်ရာ -

''ဒိုင်း'' ဟူသော သေနတ်သံကြီးနှင့်အတူ ချေပေါက်မှာ ပဒပ်ရပ်နေရာမှာ တစ်ဘက်သို့ ကျသွားသည်။ လှုပ်ပင်မလှုပ်တော့ပါ။ နှလုံးအားကိုက် (၁၀၀)အတွင်း အတိအကျမှန်သောကြောင့် ဖြစ်သည်။ ကိုမောင်မောင်တို့ပြေးလာကြသည်။ တင်မောင်ကကောက်ယူ၍-

''ဟာ ဆရာ ချေမဘဲဗျို့၊ ဒီနေ့အမတွေအကျိုးပေးတယ်''

ကျွန်ုပ်တို့ချေကောက်ရင်း နားနေကြစဉ် အင်မဒိုင်းရွာတစ်ဘက်မှ ယောကျ်ားကြီး (၃)ဦးနှင့် မိန်းမကြီးတစ်ဦးထွက်လာပြီး ကျွန်ုပ်တို့အားလက်ညှိုးထိုးပြနေသဖြင့် ''တင်မောင်ရေ မင်းတော့အမအကျိုးပေးပြန်ပဟေ့''ဟု ကျွန်ုပ်က နောက်ပြောင်လိုက်ရာ၊ ကိုမောင်မောင်က-

''ဆရာ၊ ဒီတစ်ခါအစ်မအကျိုးပေးတာ တင်မောင်မဟုတ်ဘူး ကျွန်တော်ဗျ၊ နင်းကိုင်းထောင်တာက ကျွန်တော်လေ''

''ကိုမောင်မောင် ကျွန်တော်သိတယ် အသာနေ ကျွန်တော်ပဲရှင်းလိုက်ပါ့မယ်၊ တင်မောင်ငါလုပ်သမျှမင်းခံနော်၊ ခဏပါ''

လူကြီးများမှာ ရပ်ရွာလူကြီးများဖြစ်ဟန်ရှိ၍ ကျွန်ုပ်က တောင်းပန်ပြီး စခန်းသို့ခေါ်ခဲ့သည်။ ထောင်ပိုင် ဦးယဉ်မောင်နှင့်တွေ့ဆုံပြီး အကျိုးအကြောင်းရှင်းပြ၍ ၎င်းတို့ကျေနပ်စေရန် မုဆိုးတင်မောင်အား ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ထိပ်တုံးခတ်ရတော့သည်။ တပ်ကြပ်ကိုမောင်မောင်မှာ အတော်စိတ်မကောင်းဖြစ်သွားသည်။ တင်မောင်ကတော့ ကျွန်ုပ်ရှင်းပြထားသဖြင့် ငြိမ်ခံနေသည်။ ရပ်ရွာလူကြီးများပြန်သွားအပြီး တစ်နာရီခန့်ကြာမှ ကျွန်ုပ်က ထောင်ပိုင်အားရှင်းပြပြီး တင်မောင်အား ထိပ်တုံးဖြုတ်ပေးရတော့သည်။

ထောင်ပိုင်ဦးယဉ်မောင် "ဦးသိန်းဝင်း ခင်ဗျားတော်တယ်ဗျာ၊ ဝန်ထမ်းကိုအရေးယူရရင်၊ ရာထူးချရ၊ PE, DE စစ်ရနဲ့ ဝန်ထမ်းလည်းနာတယ်၊ ကျွန်တော်တို့လည်း အလုပ်ရှုပ်တယ်၊ အခုတော့ တင်မောင်ဝင်ခံသွားလို့ တော်တော့တယ်၊ ဝက်ထောင်တာ၊ ဝက်ပဲ့ပစ်တာ၊ ကျွန်တော်တို့ရဲ့ တရားဝင်အလုပ်ဗျ၊ ဆီအုန်းခင်းကိုကာကွယ်တဲ့ သဘောဘဲ၊ ရပ်ရွာနဲ့ကလည်း တည့်အောင်ပေါင်းရမှာ အထက်က ညွှန်ကြားချက်ပဲ၊ အခုခင်ဗျားစီစဉ်လိုက်တာ၊ ရပ်ရွာလူကြီးတွေကလည်း ကျေနပ်သွားကြတယ်၊ ကျေးဇူးတင်တယ်ဗျို့"

ကျွန်ုပ် "ကဲ ကိုမောင်မောင် ညနေ ကျွန်တော်ကို မက်စုန်းတစ်လုံး ဝယ်ပေး၊ ဖျံသားနဲ့မြည်းရအောင်၊ တင်မောင်ကိုတော့ မုန့်ဖိုးပေးလိုက်"

"ဟုတ်ကဲ့ဆရာ၊ ကျေးဇူးအလွန်တင်ပါတယ်"

ညနေပိုင်းတွင် ကျွန်ုပ်တို့ ဝိုင်းဖြစ်ကြသည်။ ဖျံသားအား တင်မောင်က အရက်နှင့်နယ်၍ အမွှေးအကြိုင်များထည့်ချက်ထားရာ မညှီဘဲ၊ အမဲသားအရသာနှင့်တူနေသည်။ ချေး ဝမ်းတွင်းသားဟင်းကလည်း အမြည်းအနေဖြင့် ကောင်းလှသည်။ အရက်ဝိုင်းတွင် မသျှူးမကြီးနှင်းကိုင်းမိပြီ။ မဆီမဆိုင်မှဆိုးတင်မောင် ထိပ်တုံးအခတ်ခံရသည်ကိုပြော၍ တသောသောရယ်ကြသည်။ အလွန်စိုပြေသော အရက်ဝိုင်းဖြစ်ပါသည်။

ကြားရက်များတွင် ကျွန်ုပ်မအားပါ၊ ရိက္ခာစိုက်ကိစ္စ၊ ကျေးသောင်း



www.burmeseclassic.com

www.burmeseclassic.com



မြို့သို့ ဈေးဆင်းဝယ်ရခြင်း၊ ဟားခါးသဘော်ကြီးဖြင့် ရဲဘက်သစ်များ ရောက်လာသဖြင့် ကြိုဆိုရခြင်း၊ နေရာချထားရခြင်း၊ ရိက္ခာဆန်အိတ်များသယ်ရခြင်းများကြောင့် ကျွန်ုပ်တော်မလည်ဖြစ်ပါ။ မုဆိုးတင်မောင်သာ တစ်ဦးတည်းတော့လည်းပါသည်။ ဘာကောင်ရမှန်းကျွန်ုပ်မသိသော်လည်း သားကောင်ကြီးမရသည်ကတော့ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စနေနေ့ညာ၊ ကျွန်ုပ်တို့အဖွဲ့ရုံးခန်းအတွင်း ညစာစားနေကြစဉ် တင်မောင်ရောက်လာသည်။ "ဆရာ - ငါးဟင်းစားကောင်းရဲ့လား"

"အေး ကောင်းပါတယ်၊ မင်းရှာထားတာလား"

"ဟုတ်တယ်ဆရာ၊ ဘန်းကချွန် ထားဝယ်ရွာဘက်မှာ တောင်ထိပ်ပေါ်က အိုင်ကလေးရှိတယ်၊ အဲဒီအထဲကရတာ၊ ငါးမြွေထိုးကြီးတွေဆိုရင် တစ်တောင်လောက်ရှိတယ်ဆရာရယ်၊ ငါးရံ့ကြီးတွေဆိုရင်တော့ တစ်ပိဿာအကောင်တွေများတယ်၊ ငါးကျည်း၊ ငါးခူတွေလည်း အများကြီးရှိတယ်ဆရာ"

"တောင်ပေါ်က ကန်ကလေးဆိုတော့ ထူးဆန်းတာပေါ့ကွာ ဒီဒေသက ပသျှူးတွေက ရေချိုငါးမစားဘူးကွ၊ ဒါကြောင့် ...ပေါက် ငါးတွေဖြစ်နေမှာပေါ့၊ နောက်ပြီး ဒီဒေသကလူတွေက ...ကြေးမပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါးကိုလည်း မစားပြန်ဘူး၊ ပင်လယ်ငါးခူတွေရလာရင် သူတို့မစားဘဲ ငါတို့ကိုလာလာပေးတယ်လေ''

''ဆရာ မနက်ဖြန် တနင်္ဂနွေနေ့ပိတ်ရက်ပဲ၊ အားတယ်မဟုတ်လား၊ ကျွန်တော်နဲ့လိုက်ခဲ့လေ၊ ဆရာဦးမောင်မောင်လည်း လိုက်မှာတဲ့''

''မင်းတို့တံငါအလုပ်တော့၊ ငါစိတ်မဝင်စားဘူးဟေ့၊ တောကောင်ရှိရင်တော့ ငါလိုက်ခဲ့မယ်''

''အဲဒီအကြောင်း ကျွန်တော်သိပါတယ် ဆရာရယ်၊ အခုဟာက ဆရာ်မပစ်ဘူးသေးတဲ့ တောကောင်ပစ်ရမှာပါ''

''ဘာကောင်များလဲကွ''

''တောင်ဆိတ်ဆရာ''

''ဟေ ဒီမှာ တောင်ဆိတ်ရှိသလား''

''ရှိပေါ့ဆရာရယ်၊ ဘန်းကချွန်ကျောက်တော်ပေါ်မှာ မနေ့ကတွေ့ခဲ့တာ၊ အုပ်လိုက်တော့မဟုတ်ဘူး၊ တစ်ကောင်တည်းဆရာ၊ အထီးဖြစ်ပုံရတယ်၊ အကောင်အံတော်ကြီးတယ်၊ (၁၅)ပိဿာလောက်ရှိမယ်၊ နောက်ပြီး အဲဒီနားမှာ လေးညှင်းပင်ကြီးတစ်ပင်လည်း တွေ့ခဲ့တယ်''

''ကွမ်းယာထဲထည့်တဲ့ လေးညှင်းလား''

''ဟုတ်တယ်ဆရာ၊ လေးညှင်းပွင့်က ကွမ်းယာထဲတင်မကဘူး ဟင်းခတ်အမွှေးအကြိုင်လည်း လုပ်လို့ရတယ်၊ နောက်ပြီးသွားကိုက်ပျောက်တဲ့ လေးညှင်းဆီလည်းထုတ်လို့ရပါတယ်၊ ခူးပြီးအခြောက်လှမ်းရောင်းရင် ဈေးကောင်းရတယ်ဆရာ''

''အေးပါ၊ အဲ့ဒါက၊ မင်းဟာမင်းလုပ်ပါ၊ ငါတော့တောင်ဆိတ်ပစ်ဖို့လိုက်ခဲ့မယ်''

ကျွန်ုပ်တို့တနင်္ဂနွေမနက်တွင် တောင်ဆိတ်ပစ်ရန် မနက်(၆)နာရီ ခန့်ထွက်ခဲ့ကြသည်။ ဘန်းကချွန်တော်မှာ ကျွန်ုပ်တို့စခန်းနှင့် (၃)မိုင်ကျော်ကွာလှမ်းသည်။ ဆီအုန်းတောကိုဖြတ်၊ သီဟိုဠ်တောကိုလွန်မှ



www.burmeseclassic.com

www.burmeseclassic.com



ရိုးမတောင်ခြေသို့ ရောက်သည်။ ထိုမှတစ်ဆင့် မီးတားလမ်းအတိုင်း ဆက်သွားရသည်။ ကျွန်ုပ်တို့ ဆီအုန်းစိုက်ခင်းအဆုံးအရောက်တွင် ပသျှူးသချိုင်းအား ဖြတ်ဆင်းပြီးနောက် ဘန်းကချွန်တောင်တန်းပေါ်သို့ တက်ရသည်၊ မုဆိုးလမ်းပင်မရှိ၊ လူသူအရောက်အပေါက်နည်းဟန် တူသည်။ ကျွန်ုပ်တို့ မုဆိုးတင်မောင်ပြောသော လေးညှင်းပင်ကြီးအောက် အရောက်တွင် ခေတ္တနားကြသည်။ လေးညှင်းပင်ကြီးမှာ ခရေပင်ကြီး အလား ကြီးမားလှသည်၊ လေးညှင်းပွင့်အနံ့မှာ ပတ်ဝန်းကျင်တွင် သင်းပျံ့နေသည်။ ထိုစဉ် တစ်ဘက်တောင်ကျောထိပ်ပေါ်မှ ခဲမျှားကျ လာသည်၊ တောင်မှာတောင်ကတုံးဖြစ်၍ သစ်ပင်ကြီးများမရှိပါ။ တောင်အလည်တွင် သက်ကယ်ပင်ပေါက်များ၊ စိမ်းစိုစွာပေါက်နေသည်။ တောင်ဆိတ်တစ်ကောင် တောင်ပေါ်မှဆင်းလာနေသည်၊ တင်မောင် ပြောသော တောင်ဆိတ်ကြီးဖြစ်ပုံရသည်။ ကျွန်ုပ်တို့ငြိမ်နေလိုက်သည်။ ပစ်မှတ်မှာ ကိုက် (၁၀၀)အတွင်းဖြစ်သည်။ ကျွန်ုပ် ဒသသမ ၃၀၃ ရိုင်ဖယ်ကြီးအားမောင်းကျိတ်တင်လိုက်သည်။ တောင်ဆိတ်ကြီးမှာ တောင်ကုန်းအဆင်းအား ကုပ်တွယ်၍ သက်ကယ်နုများရှိရာသို့ ဆင်းလာ နေခြင်းဖြစ်သည်။ ကျွန်ုပ်ပစ်ကွင်းဝင်သည်အထိ စိတ်ရှည်စွာစောင့်ရင်း ရိုင်ဖယ်သေနတ်အား လိုက်ချိန်နေပါသည်။ မကြာပါ။ တောင်ဆိတ်ကြီး သက်ကယ်ကွင်းအရောက်၊ ခေါင်းမော့၍အစားတွင် လည်တိုင်ရင်းအား အသေအချာချိန်၍ အသက်အောင့်ကာ၊ မောင်းခလုတ်အား တည်ငြိမ်စွာ ဆွဲ၍ပစ်ချလိုက်ပါသည်။

"ဒိုင်း"ဟူသော ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ တောင်ဆိတ် သိုးကြီးလည်တိုင်ကျိုး၍ အောက်လျှိုထဲပြုတ်ကျသွားသည်၊ အခြေအနေ ငြိမ်သက်သွားမှ တင်မောင်နှင့် ကိုမောင်မောင်တို့ လျှိုထဲဆင်းသွားကြ ကြသည်။ (၁၅)ပိဿာခန့်ရှိ၍ သူတို့နှစ်ဦးအတော်ထမ်း၍ ပြန်တက်လာကြ သည်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတင်မောင် ''ဆရာရေ့ ဆရာကတော့ တာဝန်ကျေသွားပြီ ကျွန်တော်တို့တာဝန်ဘဲ ကျန်တော့တယ်၊ ဆရာ လေးညှင်းပင်ကြီး အောက်မှာ တစ်ရေးအိပ်ချင်၊ အိပ်လိုက်ပါဦး''

ကျွန်ုပ်တင်မောင်ပေးသည့် မုဆိုးလွယ်အိတ်ကို ခေါင်းအုံး၍ ပက်လက်လှန်လှဲလိုက်စဉ် လေးညှင်းပင်ကြီးပေါ်တွင် တွယ်တက်နေသည့် ဂုံညင်းနွယ်ပင်ကြီးအား တွေ့ရသည်။ နွယ်ပင်ကြီး၏အလယ်ခန့်တွင် နွယ်ကွင်းလိမ်၍ လေးငါးပတ်ကွင်းထိုးနေသော နွယ်ဝင်ကွင်းကြီးအား ထူးဆန်းစွာတွေ့ရသည်။ ထိုအချိန်တွင် တင်မောင်နှင့် ကိုမောင်မောင်မှာ တောင်ဆိတ်သိုးကြီး၏ ချိုအား ကွင်းဝိုက်၍ဖြတ်လှီးနေကြသည်၊ တောင်ဆိတ်သိုးနှံ့သွေးထဲမရောက်စေရန် ပြုလုပ်နေကြခြင်းဖြစ်သည်။

ကျွန်ုပ်က ''တင်မောင်ရေ့ ဒီမှာ ဂမ္ဘီရဆန်တဲ့ အဖိုးတန်ပစ္စည်း တစ်ခုတွေ့ပြီကွ၊ ငါကိုကော့သောင်းမြို့က၊ အခွန်ဦးစီးမှူး၊ ဦးကိုကြည် မှာထားတာနဲ့အတော်ပဲဟေ့''

''ဘာပစ္စည်းလည်းဆရာ၊ ကျွန်တော်လေးညှင်းပင်ပေါ်တက်တာ နှစ်ကြိမ်သုံးကြိမ်ရှိပါပြီ၊ လေးညှင်းပွင့်တွေဘဲရှိပါတယ်''

''တင်မောင်လာကြည့်ပါဦး၊ ဒီမှာ ဘာလဲလို့''

တင်မောင်အပြေးလာပြီးကြည့်ရာ

''ဟာ ဆရာရေ ငါးဆင့်တော်ဝင်ထားတဲ့ နွယ်ဝင်ကြီးပါလား၊ အဘိုးတန်ဘဲဗျို့၊ ဆရာဘဲမြင်တတ်တယ်ဗျာ၊ အံ့ရော''

''အေး အဲဒါကြီးကို၊ အပြန်ကျခုတ်သွားမယ်၊ ငါ ကော့သောင်း ဆင်းတဲ့နေ့ကျရင် မင်းတို့ပါလိုက်ခဲ့၊ ဟိုမှာငါ့ဦးလေးအခွန်ဦးစီးမှူးက တစ်ဝိုင်းကျွေးမယ်ပြောထားပြီးသား''

''တွက်ကြီးရဲ့ မာစီးဒီးကြီး(ထွန်စက်ကြီး)နဲ့ သွားကြတာပေါ့''

ထို့နောက် ကိုမောင်မောင်နှင့် တင်မောင်တို့ တောင်စောင်းမ ကျောက်ခေါင်းအတွင်းရှိ ငါးများအားဆင်း၍ နှိုက်ကြပြန်သည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားရင်း၊ အေးချမ်းလှသော လေးညှင်းပင်ကြီးအရိပ်အောက်တွင် မှေးခနဲအိပ်ပျော်သွားသည်။ ကျွန်ုပ်တစ်ရေးနိုးတော့ နာရီကြည့်မိရာ နေ့လည် (၁၂)နာရီထိုးတော့မည်၊ ဗိုက်ကလည်းဆာလာပြီဖြစ်သည်။ တင်မောင်တို့ ငါးနှိုက်ထားသည်မှာလည်း ငါးပိဿာခန့်ရနေပြီ၊ ငါးများမှာ ငါးမြွေထိုးအများစုဖြစ်ပြီး အကြားအကြားနှင့် တစ်ကောင်၊ တစ်တောင် ခန့်ရှိသည်။ ငါးခူနှင့် ငါးရံ့ကြီးများကလည်း ကြီးမားလှသည်။ ငါးဆယ်သား၊ တစ်ပိဿခန့်ရှိပေမည်။ စုစုပေါင်းငါးပိဿာခန့်ရနေပြီဖြစ်သည်။

"တင်မောင်ရေ၊ တော်ကြတော့ကွာ၊ ငါဗိုက်ဆာပြီ၊ တောင်ဆိတ်ကြီးလည်း နေပြင်းလို့ပုတ်သွားဦးမယ်၊ ပြန်ကြစို့ကွာ၊ အဲ ငါ့နွယ်ဝင်ကြီးကိုလည်း ခုတ်ပေးဦးနော်"

"ဟုတ်ကဲ့ဆရာ"

သူတို့ ငါးနှိုက်ခြင်းကိုရပ်ပြီး၊ တင်မောင်ကအပင်ပေါ်တက်၍ နွယ်ဝင်ကြီးကို ခုတ်ပေးသည်။

"ဆရာ၊ ဒါဒိုးနွယ်ဝင်လို့ခေါ်တယ်၊ စနေနှစ်ထပ်မို့လို့ ပိုပြီးအစွမ်းထက်တယ်ဆရာ"

ကိုမောင်မောင် "ဘာအသုံးတည့်လို့လဲဗျ"

တင်မောင် "အထူးသဖြင့် အရောင်းအဝယ်သမားတွေ အတွက် အဆောင်ကောင်းပေါ့ဆရာရယ်၊ နှစ်ချိုးပြီး ရောင်းမကောင်းတဲ့ပစ္စည်းတောင် ဒီနွယ်ဝင်ကို ဆိုင်အပေါက်ဝမှာချိတ်ထားရင် ထွက်သွားတယ်၊ အရောင်းအဝယ်စွံစေတဲ့အဆောင်ကောင်းပေါ့ ဆရာမောင်မောင်"

"အော်ဒီလိုလား၊ အဘိုးတန်အဆောင်ဘဲနော်"

ကျွန်ုပ်တို့ ပြန်ခဲ့ကြရာ ကိုမောင်မောင်နှင့် မုဆိုးတင်မောင်တို့က ငါးထုပ်ကြီး၊ တောင်ဆိတ်သေနှင့် နွယ်ဝင်ကြီးအားဝါးလုံးလျှို၍ ထမ်းခဲ့ကြပါသည်။

စခန်းတွင် နေ့လည်စာအတွက် တောင်ဆိတ်ကလီစာဟင်းနှင့်

www.burmeseclassic.com



ဆိတ်ခြေထောက်စွပ်ဖြုတ်ဟင်းမှာ အလွန်ကောင်းမွန်လှ[illegible] တောင်ဆိတ်ချိုနှင့် အရိုးများ၊ ခြေထောက်၊ ခွာများကို[illegible] အရိုးကျိုးကုသရန် ဆောင်ထားကြသည်။ ကျွန်ုပ်ကတော့ တောင်ဆိတ်[illegible] လျှာအားအရက်ပုလင်းထဲထည့်၍ စိမ်ထားလိုက်ပါတော့သည်။''

ကြားရက်များတွင် မုဆိုးတင်မောင်နှင့် တပ်ကြပ်ကိုမောင်မောင်တို့ ပူးတွဲ၍ရိုးမပေါ်တက်ကြပြန်သည်။ ထောင်ပိုင်ဦးယဉ်မောင်[illegible] ည်သည်က လိပ်သားစားလိုသဖြင့် အမဲလိုက်ခွေး မိညိုပါခေါ်၍[illegible] သွားကြခြင်းဖြစ်သည်။ ဆောက်လိပ်များမှာ တောင်ပေါ်သစ်ရွက်ခြောက်များအောက်တွင် ပုန်းအောင်းနေလေ့ရှိသည်။ လူရှာ၍မတွေ့နိုင်၊ မိညိုပါ[illegible] လျှင်တော့ မလွတ်တော့၊ မိညိုက အမဲလိုက်ရာတွင် သားကောင်အနံ့ခံ[illegible] ရှာရာ၌ အလွန်တော်သော ခွေးမကလေးဖြစ်သည်။

ကျွန်ုပ်တို့အလုပ်နားချိန်၊ ညနေစောင်းတွင် တင်မောင်တို့[illegible] ပြန်လာကြသည်၊ ဆောက်လိပ်လေးကောင်အပြင် သင်းခွေချပ်တစ်[illegible] ကောင်ပါ ရလာသည်။

တင်မောင် ''ဆရာရေ ဆရာ့အတွက် သင်းခွေချပ် ဆေးတစ်[illegible] ကောင် ကျွန်တော်ရလာတယ်ဗျို့''

''ဟ တင်မောင် ဘာသင်းခွေချပ်ဆေးလည်းဟ''

''ဆရာသင်းခွေချပ်သား စားဖူးတယ် မဟုတ်လား''

''အေး စားဖူးတယ်၊ အရိုးနုကလေးတွေနဲ့ ဖွဲ့စည်းထားတဲ့[illegible] အသားက မချက်တတ်ရင်တော့ နံ[illegible] [illegible] ကျွန်တော်[illegible]

''မလုပ်လို့မဖြစ်ဘူးဆရာ၊ ဒီကောင်က ကျွန်တော့်နံမည်နဲ့[illegible]

www.burmeseclassic.com



ဆရာမောင်မောင်ခေါ်တဲ့အတိုင်း ''တင်မောင်-တင်မောင်''နဲ့ လိုက်ခေါ်နေတာ၊ ကျွန်တော်က ဆရာမောင်မောင် အသံနဲ့မတူလို့ လိုက်မထူးမိပေလို့ဘဲ နို့မဟုတ်ရင် ဆရာတပည့်သွားပြီ''

''မင်းကလည်းဒါတွေ မယုံစမ်းပါနဲ့ကွာ''

''ဆရာ၊ မယုံလို့မရဘူး။ တောစည်း၊ တောင်စည်းဆိုတာရှိတယ်၊ ဒါကြောင့် ဒီကောင်ကိုညနေကျရင် ဆုံးမရမယ်၊ ဆရာမြည်းဖို့သာပြင်ထားပေရော့''

တင်မောင်မှာ ပြောပြောဆိုဆိုပင် ဆောက်လိပ်များအား ထောင်ပိုင်၏ ဖိုခေါင်းထဲအပ်၍ သင်းခွေချပ်ကြီးအား အမြီးမှကိုင်၍ဆွဲသွားသည်။ ရဲဘက်ဖိုကြီးသို့သွား၍ ကျွန်ုပ်အတွက် ညနေစာချက်ပြုတ်တော့မည်ဖြစ်သည်။ သင်းခွေချပ်များမှာ ထူးဆန်းလှသည်။ မြွေလျှာကဲ့သို့အရှည်နှစ်ခွဖြစ်သော်လည်း လူစကားကို ပီသစွာလိုက်ပြောတတ်သည်။ လူနှင့်တွေ့လျှင်ပြေးပြီးမလွတ်၍ အမိခံရပါက ခေါင်းကိုဝှက်၍ ကိုယ်နှင့်ရောပြီး ဖျာလိပ်သကဲ့သို့ လိပ်ပစ်တတ်ရာ အမြီးစသာ ထွက်နေတတ်သဖြင့် မဆိုးကအလွယ်တကူ အမြီးစအားဆွဲ၍ သယ်ယူလာရန်သာဖြစ်သည်။ ထွက်မပြေးတတ်တော့ပါ။ မြေပေါ်ချထားပြီး လူသံမကြားလျှင်တော့ အခွေအားဖြေ၍ ချောင်းကြည့်တတ်သည်။ လူတွေ့လျှင်ပြန်လိပ်သွားပြီး လူမတွေ့လျှင်တော့ အခွေကိုဖြေ၍ ထွက်ပြေးတတ်သည်။ ၎င်း၏အကြေးခွံများမှာ မာကျောပြီး ရှုတ်တရက်ဓါးမတိုးပါ။ ကလေးသူငယ်များအတွက် သူငယ်နား ပယောဂ၊ ဂဏ္ဍိုရအဆောင်ဖြစ်သည်။ အချို့သင်းခွေချပ်အကောင်ကြီးများမှာ မိကျောင်းပေါက်နှင့်အလွန်တူသည်။ သူ့ခြေသည်းလက်သည်းများမှာလည်း အလွန်အစွမ်းထက်သည်။ သရဲပူး၊ စုန်းပူး၊ နတ်ပူးသူများအား သင်းခွေချပ်ခြေသည်းဖြင့်ကုပ်လျှင် ပူးနေသောအရာများ ချက်ချင်းထွက်သွားတတ်ကြောင်း သိရသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အခန်း (၅)"

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် ကျွန်ုပ်နှင့် ကိုမောင်မောင်၊ မှဆိုးတင်မောင်တို့ တနင်္သာရီရိုးမပေါ်တက်၍ အမဲလိုက်ကြပြန်သည်။ ထိုနေ့က ရိုးမကြောပေါ်သာရောက်သည်။ ဘာကောင်မှမတွေ့၊ တောမှာ ငြိမ်လှသည်။ အလွန်ပေါ်လှသော မျောက်အော်သံနှင့် တောကြက်တွန်သံပင်မကြားရ။

"တင်မောင်ရေ ထူးလှချည်လားကွ၊ ငါ့စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတယ်"

"ဟုတ်တယ်ဆရာ၊ ထူးခြားနေတယ်၊ တောငြိမ်တာတော့ သိပ်မကောင်းပါဘူးဆရာ"

"အင်း တောကောင်ကြီးတစ်ကောင်ကောင် ဝင်မွှေသွားပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အဖွဲ့ ဆင်နင်းသရက်ပင်ကြီးအောက်တွင် ထိုင်ကြရင်း ရေဗူးကိုယ်စီဖွင့်၍ ခေတ္တအနားယူကြသည်။ ထိုစဉ်တွင်တောင်ဘက် တောင်ကြောစီမှ မြေတုန်ဟည်းသံနှင့်တောတိုးသံများအား တဝုန်းဝုန်း ကြားလာရသဖြင့် ကျွန်ုပ်က “ကဲ အားလုံးသရက်ပင်ကြီး အကွယ်မှာ နေရာယူကြ၊ တောဝက်အုပ်လား၊ ပြောင်အုပ်လားမသိဘူး အကောင်ကြီး ပုံရတယ်”

ကျွန်ုပ်တို့သရက်ပင်အနောက် နေရာယူပြီး သေနတ်များမောင်း တင်၍ အသင့်ဖြစ်နေချိန်တွင် ဖြူဖြူအရာကြီးကရှေ့ကပြေးလာပြီး မဲမဲအရာကြီးက နောက်ကလိုက်လာသည်ကို မြင်ရသည်။ အသေအချာ ကြည့်မှ နဖူးတွင်ဦးချိုတစ်ချောင်းတည်း ပေါက်နေသည့် ရှားပါးလှသော ကြံ့သူတော်ကြီးနောက်က ကျားသစ်နက်ကြီးလိုက်ပါခြင်းဖြစ်သည်။

ကျွန်ုပ်ချက်ချင်းဆုံးဖြတ်၍ ကြံ့သူတော်အား မပစ်စေဘဲ၊ ကျားသစ်နက်ကြီးကိုသာ ပစ်ရန်တိုးတိုးအမိန့်ပေးလိုက်သည်။ ကျွန်ုပ် လူများကလည်း လက်မနှေးပါ။ သေနတ်သုံးလက်ဖြင့် ပြိုင်တူပိုင်းပစ် ကြတော့သည်။ “ဒိုင်း – ဒိုင်း – အုန်း”

ကျားသစ်နက်ကြီးမှာ နောက်ကျွမ်းပစ်လိုက်ပြီး၊ ကျွန်ုပ်တို့အား တိုက်ခိုက်တော့သည်။ ကျွန်ုပ်တို့ပစ်သောကျည်ဆံများမှာ အရှိန်အဟုန်နှင့် ပြေးလာသော ကျားသစ်နက်ကြီးအား ချက်ကောင်းထိမှန်ဟန်မတူ၊ ကျွန်ုပ်တို့ သစ်ပင်တစ်ပင်စီသို့ ခွဲ၍နေရာယူလိုက်ကြသည်။ ရန်သူသုံးဦး မှန်းသိ၍ ကျားသစ်နက်ကြီးက “အူး – ဂဲ”ဟု မာန်သွင်း၍ အကွက် ကောင်းချောင်းနေသည်။ လည်တိုင်ဘေးနှင့် ရှေ့လက်တစ်ဘက် သွေးစို နေသည်။ ကျွန်ုပ်စိုးရိမ်သွားမိသည်မှာ ရှေ့တည့်တည့်အလယ် သရက် ပင်ကြီးတွင် ကပ်နေသော မုဆိုးတင်မောင်ကိုဖြစ်သည်။ သူ့ကိုမှ ကျားကြီးက ဒုတိယအချက်ပစ်ရန် ယမ်းတောင့်နေရာသို့ဖြစ်သည်။ “လှုပ်လှုပ်ဖြစ်

ယလာဒိထ

www.burmeseclassic.com



နေသော တင်မောင်အား ကျားသစ်နက်ကြီးကလည်း ပစ်မှတ်ထားဟန်တူသည်။ တစ်ရွေ့ရွေ့တိုးကပ်လာသဖြင့် ကျွန်ုပ်အသင့်ဖြစ်နေသော ဒုတိယကျည်ဆံအား ကျားသစ်နက်ကြီး၏ ဦးခေါင်းသို့ချိန်၍အပစ် သူက အခုန်နှင့် "ဒိုင်း"ဟူသော သေနတ်သံကြီးနှင့်အတူ ကျားသစ်နက်ကြီး၏ ယာဘက်နားရွက် ပြတ်သွားသည်ကိုတွေ့ရလိုက်သည်။ သို့သော် ကျားသစ်နက်ကြီးမှာ အရှိန်လျှော့ဟန်မတူ၊ တုန့်ခနဲဖြစ်သွားသော်လည်း မုဆိုးတင်မောင်ခိုအောင်းနေသော သစ်ပင်ကြီးကိုတော့ ခုန်အုပ်လိုက်နိုင်သေးသည်။

ထိုအချိန်အထိ ကိုမောင်မောင်ထံမှ သေနပ်သံထွက်လာခြင်းမရှိ၍ ကျွန်ုပ်စိုးရိမ်သွားပြန်သည်။ အလျှင်အမြန် တတိယကျည်ထည့်၍မောင်းတင်အပြီး၌ ကျားသစ်နက်ကြီးမှာ မုဆိုးတင်မောင်အား သစ်ပင်ကိုပတ်၍လိုက်နေတော့သည်။ လူနှင့်ကျားသစ်ရောထွေးနေသဖြင့် ကျွန်ုပ်မပစ်သာ၊ ကျွန်ုပ်မကာယ်လျှင် မုဆိုးတင်မောင် ကျားသစ်စာဖြစ်တော့မည်ဖြစ်၍ ကျွန်ုပ်အသင့်ချိန်ရွယ်ပြီး သစ်ပင်အကွယ်မှ ထွက်လိုက်ရတော့သည်။ ကျားသစ်နက်ကြီးမှာ ကျွန်ုပ်အားမြင်၍ လှည့်အကြည့် မုဆိုးတင်မောင်က သေနတ်ဒင်နှင့် ဦးခေါင်းအားအရိုက်၊ ကျွန်ုပ်ကခလုတ်ဆွဲ၊ "ဒိုင်း"ဟူသော သေနတ်သံကြီးနှင့်အတူ ကျားသစ်နက်ကြီးကလည်း ယာလက်ဖြင့် မုဆိုးတင်မောင်အား လှမ်းပုတ်လိုက်ပြီး မုဆိုးတင်မောင်၏ ဝဲလက်အားကိုက်ခဲထားတော့သည်။

ကျွန်ုပ်တတိယပစ်လိုက်သော ကျည်ဆံမှာ ဆောင့်ကြောင်ထိုင်နေသော ကျားသစ်နက်ကြီး၏ ရင်အုံကြားကဝင်၍ အသဲနှလုံးအား ဖောက်ထွင်းသွားဟန်တူပါသည်။ တင်မောင်၏လက်အား ကိုက်ခဲရင်းငြိမ်သက်သွားတော့သည်။

"အား အား ဆရာရေ့ပ်ပါဦး ကျွန်တော့်လက်ထုတ်မှုရခြော့ဘူး"

www.burmeseclassic.com



ထိုအချိန်မှ သစ်ပင်အကွယ်က ကိုမောင်မောင်ထွက်လာသည်။ ကျွန်ုပ်အလွန်ဒေါသဖြစ်သွားသည်။ မုဆိုးချင်းသစ္စာမစောင့်၊ တစ်ဦးအသက်ဘေးကို တစ်ဦးကာကွယ်ရမည့်မှာ မုဆိုးစည်းကမ်းဖြစ်သည်။ ကျွန်ုပ်ကျားသစ်နက်ကြီးပါးစပ်ထဲသို့ သေနတ်မောင်းထိုးထည့်ပြီး အမဲလိုက်ဓါးနှင့် ကာလန့်ရာမရ၊ ကိုမောင်မောင်ပါ လာကူ၍နှစ်ယောက်ကာလန့်မှ ပါးစပ်ဟာသွားပြီး မုဆိုးတင်မောင်လက်ထုတ်၍ ရတော့သည်။ သွေးမှာရဲရဲ လက်ဖျံနှစ်ချောင်းစလုံး ကျိုးသွားဟန်တူသည်။

ကျွန်ုပ်ဒေါသထွက်ထွက်နှင့် "ကိုမောင်မောင်ခင်များဗျာ"

ကျွန်ုပ်စကားမဆုံးသေးမီ သူကလက်ကာပြသည်။

"ဆရာစိတ်မဆိုးပါနဲ့၊ ကျွန်တော့်ဒုက္ခနဲ့ကျွန်တော်ပါ။ ကျားသစ်နက်ကြီးက ကျွန်တော့်ဘက်လှည့်လာရင်တော့ ကျွန်တော်လည်း တင်မောင်လိုဖြစ်မှာဘဲ၊ ဒီမှာဆရာ ကျွန်တော့်ရိုင်ဖယ်ကြီး ပြောင်းရင်းထဲမှာ ပထမတစ်ချက်ပစ်တဲ့ကျည်ဆံခွံက ပွနေလို့ ထုတ်မရဘူး ဖြစ်နေတာ၊ ကျွန်တော့်သေနတ်လည်း တင်မောင်တူမီးလို ဒုတ်ဖြစ်သွားတာဘဲ"

"အော် အဲဒီလိုလား၊ ဒါဆိုရင်တော့ ခွင့်လွှတ်ရမှာပေါ့လေ၊ ခင်ဗျားဆီက သေနတ်သံထွက်မလာလို့ ကျွန်တော်ဒေါပွနေတာ ပထမ (၃)ဦးစလုံး ပစ်ချက်ကလည်း ချက်ကောင်းမထိဘူးလေ။ စိတ်ကလည်း လှုပ်ရှား။ ပစ်မှတ်ကလည်း လှုပ်ရှားနေတော့ လွဲတော့တာပေါ့။ ကျွန်တော်လည်း ကျား။ ကျားသစ်ကို တစ်ခါမှမပစ်ဖူးဘူး"

ကျွန်ုပ်တို့အရေးပေါ် တင်မောင်ဒဏ်ရာအား ပြုစုသည်။ တင်မောင့်ပုဆိုးကိုပင် ဆုတ်ဖြဲ၍ ပတ်တီးလုပ်သည်။ ဒဏ်ရာအား သောက်ရေဗူးထဲမှရေဖြင့် စင်အောင်ဆေးပြီး ပတ်တီးစည်းပေးသည်။ အကြောများပြတ်မကျန်တော့၍ တော်တော့သည်။ ပုဆိုးစနှင့်ပင် စလွယ်သိုင်း၍ ကျိုးသောလက်အား လည်ပင်းတွင် လွယ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးကတော့ တစိမ့်စိမ့်ထွက်နေဆဲဖြစ်သည်။ မုဆိုးတင်မောင်မှာ သတ္တိကောင်းလှသည်။ နည်းနည်းမှမညည်းညူပါ။

ထိုစဉ်တွင် သေနတ်သံကြောင့် စခန်းမှလူများလိုက်လာသဖြင့် တင်မောင်အားတွဲသူတွဲ၊ ကျားသစ်နက်ကြီးအား သယ်သူသယ်ဖြင့် အလုပ်ရှုပ်သွားတော့သည်။ ကျွန်ုပ်တို့ အောက်ချိုင့်ခြံဆေးရုံဝင်၍ တင်မောင်ဒဏ်ရာအား ဆရာဝန်နှင့်ပြရသည်။ ဆရာဝန်က ဒဏ်ရာအားချုပ်၍ ကျောက်ပတ်တီးစည်းရန်လုပ်သော်လည်း တင်မောင်က လက်မခံ၊ ဝါးခြမ်းနှင့်ကြပ်စည်းပေးရန်သာ တောင်းဆိုသည်။ ဆရာဝန်ဦးတင်မောင်လွင်ကလည်း ကျွန်ုပ်နှင့်ရင်းနှီးသဖြင့် တင်မောင်၏စိတ်တိုင်းကျ ပြုလုပ်ပေးပါသည်။

ညနေစောင်းသော် တင်မောင်က ကျွန်ုပ်ဆီမှ တောင်ဆိတ်ချိုတောင်း၍ သူ့တပည့်အား ကျောက်ပျဉ်ပေါ်တွင် သွေးနိုင်းသည်။ ပြီးနောက် လက်မှကျပ်စည်းထားခြင်းကိုဖြေ၍ လိမ်းနိုင်းသည်။ ပြီးနောက် ကျွန်ုပ်ထံမှ တောင်ဆိတ်လျှာစိမ်ထားသော အရက်အနည်းငယ်အား တောင်း၍သောက်ပြန်သည်။ ပြီးနောက် သူ့တပည့်အား ကြပ်ပြန်စည်းနိုင်းသည်။

ကျွန်ုပ်က ''တင်မောင် ဆရာဝန်က ဆေးထိုးပေးပြီး သောက်ဆေးတွေပေးလိုက်တယ်မဟုတ်လား''

''ရပါတယ်ဆရာ၊ ဒီနည်းကပိုကောင်းတယ်၊ ကျွန်တော်ဘယ်လက်က သဂယာတော်တောထဲမှာ တစ်ခါကျိုးဖူးတယ်၊ တောင်ဆိတ်ရိုးလိမ်းတာနဲ့ တစ်ပတ်အတွင်းပျောက်တာဘဲ၊ အခုလည်းတောင်ဆိတ်ချိုသွေးလိမ်းလိုက်တာ၊ ပျောက်မှာပါဆရာ၊ တစ်ပတ်လောက်ပဲကြာမှာပါ။''

''အော် မင်းက လက်တွေ့သုံးဖူးတာကိုး၊ အဓိကချိုးရင် တောင်ဆိတ်က ဘယ်ပစ္စည်းအကောင်းဆုံးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"တောင်ဆိတ်တစ်ကိုယ်လုံး ဆေးဘက်ဝင်တယ်ဆရာ၊ အရိုးကျိုးရင်တော့ တောင်ဆိတ်ချိုနဲ့ တောင်ဆိတ်ခွာဟာ အထက်မြက်ဆုံးဘဲ"

"ဆရာကြားဖူးမှာပါ၊ တောင်ဆိတ်ကလေးတွေ၊ တောင်ပေါ်က လိမ့်ကျလို့ အရိုးကျိုးရင် မိခင်တောင်ဆိတ်မကြီးက လျှာနဲ့လျက်ပေးတာနဲ့ ပျောက်တယ်ဆိုတာလေ၊ တောင်ဆိတ်မကြီးတွေ၊ တောင်ဆိတ်ထီးကြီးတွေ အရိုးကျိုးရင်တော့ ဦးချိုနဲ့ကျောက်တောင်ပွတ်ပြီး ရလာတဲ့အမှုန့်ကို လျှာနဲ့လျက်ပြီး ဒါဏ်ရာကိုလျက်ပေးတာနဲ့ ပျောက်သတဲ့၊ သူတို့သဘာဝ ဆေးစွမ်းကောင်းပေါ့ဆရာရယ်"

"အော် သဘာဝဆေးစွမ်းကောင်းကိုး၊ ငါတို့တောင်ဆိတ်ရ ထားတာ မင်းအတွက် အတော်ဖြစ်သွားတာပေါ့ကွာ"

ဟုတ်ပါလိမ့်မည်၊ တစ်ပတ်ခန့်အကြာတွင် တင်မောင်၏လက်က ဒဏ်ရာကျက်သွားသလို အရိုးကျိုးပေါင်းတက်၍ ပြန်ဆက်သွားပြီ ဖြစ်သည်။ တစ်လခန့်အကြာတွင် ကျွန်ုပ်တို့ မုဆိုးအဖွဲ့စုံလင်စွာဖြင့် တောလည်နိုင်ကြပြန်သည်။ တစ်ဦးသဘောတစ်ဦးသိ၍ တောလည်ရင်း အခက်အခဲမျိုးစုံကြုံတွေ့ခဲ့သော်လည်း စုပေါင်းညီညာစွာဖြင့် ဖြေရှင်းနိုင် ခဲ့ကြသည်။

လက်သမားပညာတော်သော၊ အမဲလည်ရာတွင် ကျွမ်းကျင်သော တောဆေး၊ တောင်ဆေး၊ မုဆိုးဆေးကို သိနားလည်သော လက်သမား ရဲဘက်၊ မုဆိုးတင်မောင်နှင့်တွဲ၍ ကျွန်ုပ်(၂)နှစ်တိုင်တိုင် တနင်္သာရီရိုးမ တောအား ခြေရာချင်းထပ်အောင် မွှေနှောက်၍ စိတ်ချ၊ လက်ချ တောလည်ခဲ့ပါတော့သနည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဣန္ဒြီရှုပ်၊ ဝန်[illegible]မှာ မိန်းမသားတို့၏ အဆင်းအင်္ဂါ သည် ဥစ္စာမည်၏ဟု မှင့်ဆိုခြင်းဖြစ်သည်။ ယခုကျွန်ုပ်က ဣန္ဒြီရှုပ် မာလ်ဟု ဆိုသဖြင့် စာရှုသူများ၊ စိတ်ရှုပ်သွားမည်ဟုထင်ပါသည်။ ကျွန်ုပ် ဆိုလိုသည်မှာ အဆင်းလှသော မိန်းမများ၊ အကျင့်စရိုက်ကောင်းမွန် ပါက ၎င်း၏အဆင်းရူပါကြောင့် လင်ကောင်း၊ သားကောင်းရပြီး စည်းစိမ်ချမ်းသာဖြင့် ဘဝတစ်လျှောက်လုံး ပျော်ရွှင်စွာနေထိုင်နိုင်ကြမည် ဖြစ်ပြီး၊ ရုပ်ချောသော်လည်း၊ အကျင့်စရိုက်မကောင်းသဖြင့် လင်ကောင်း သားကောင်းရ၍ စည်းစိမ်ချမ်းသာဖြင့် နေထိုင်ရသော်လည်း၊ ဖောက်ပြန် တတ်သောစိတ်ရှိခြင်းကြောင့် ဒုက္ခရောက်ရပုံကို တင်ပြလိုခြင်းဖြစ်သည်။

တစ်နေ့တွင် မန္တလေးထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ လိုက်သော ကြိုးသမားနှစ်ဦးရောက်ရှိလာသည်။ ထူးဆန်းသည်မှာ မနန်းစောဟူသော ကြိုးသမားမိန်းမနှင့် မောင်ဖောမြင့်ဟူသော

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးသမားလူငယ်ကလေးဖြစ်သည်။ ကျွန်ုပ်ထောင်လုပ်သက်တွင် ကြိုးသမားမိန်းမကို မမြင်ဘူးခဲ့ပါ။ ယခုမှတွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

မနန်းစောမှာ အသက်(၃၀)ကျော်ခန့် ရှမ်းအမျိုးသမီးတစ်ဦး ဖြစ်သည်။ ရှမ်းအမျိုးသမီးပီပီ၊ အလွန်လှပခန့်ညားပြီး ပန်းနုရောင် အသားအရေ နက်မှောင်ရှည်လျားသော ဆံကေသာ၊ စင်ယော်တောင် မျက်ခုံး၊ သမင်ပျိုမမျက်ဝန်းနှင့် ခန္ဓာကိုယ်အချိုးအဆစ်မှာလည်း ကျနလှသပည်။ အပြစ်ဆိုစရာပင်မရှိပါ။ အမျိုးသမီးကြိုးသမားဟု မည်သူမျှပြော၍ ယုံကြည်ကြမည်မဟုတ်၊ သို့သော် သူမက လင်ငယ် မောင်အေးမြင့်အား စည်းရုံးပြီး လင်ကြီးဖြစ်သူ အရာရှိကြီးဦးဘကောင်း အား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူဖြစ်သည်။

မောင်အေးမြင့်မှာ ရိုးသားသူဖြစ်သည်။ အသက် (၂၀)ကျော်ခန့် သာရှိသေးပြီး (၁၀)တန်းအောင်သောနှစ်တွင် ဖခင်ဆုံးပါးသွားသဖြင့် မိခင်အိုကြီးအား လုပ်ကျွေးရန် မနန်းစောတို့အိမ်ကြီးသို့ ကားဒရိုင်ဘာ အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အရုပ်အမောင်းကောင်းသူဖြစ်ပြီး အသားလတ်၍ ယောကျ်ားပီသခန့်ညားသည်။ မိခင်ကကုန်စိမ်းရောင်းပြီး ဖခင်က လိုင်းကားမောင်းသဖြင့် မောင်အေးမြင့်လည်း ကျောင်းပိတ်ရက် များတွင် ဖခင်အားကူညီရင်း စက်ပြင်နှင့်ယာဉ်မောင်းတတ်ခဲ့သည်။

မောင်အေးမြင့်တို့က ဆင်းရဲသားများဖြစ်၍ ယခင် မန္တလေး တရုတ်ဈေးအနီးတွင် ဖခင်၏ စနစ်ကျနစုဆောင်းမှုကြောင့် ပျဉ်ထောင် သွပ်မိုး အိမ်ကလေးဖြင့် နေထိုင်နိုင်သည်။ အနီးပတ်ဝန်းကျင်က ဆင်းရဲသား ရပ်ကွက်ဖြစ်၍ ဓနိမိုး၊ ထရံကာတဲကလေးများသာ ဖြစ်သည်။

မောင်အေးမြင့် (၁၀)တန်းအောင်ပြီး ဖခင်ဦးသူတော် ရုတ်တရက် ကားတိုက်မှုဖြစ်၍ ဆုံးပါးသွားရာ ကျန်ရစ်သူမိသားစု အတော်ကသီ လင်တ ဖြစ်ကြရသည်။ ထိုအချိန်တွင် အိမ်နီးချင်း ဦးသံချောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မနန်းစောတို့နေထိုင်သည့် ဈေးချိုတော်အနီးမှ တိုက်ကြီးတွင် ဒရိုင်ဘာ လိုကြောင်းပြောလာသည်။ ဦးသံချောင်းမှာ ထိုအိမ်ကြီးမှ မာလီခေါ် ဥယျာဉ်မှူးဖြစ်သည်။

ဦးသံချောင်းတာဝန်ယူ ဆက်သွယ်ပေးမှုကြောင့် မောင်အေးမြင့် ဒရိုင်ဘာအလုပ်ကို တာန်းရသည်။ မောင်အေးမြင့်၏ သိတတ်မှု၊ ကား မောင်းတတ်ရုံသာမက၊ ကားပါပြင်ဆင်တတ်ခြင်းကြောင့် အိမ်ရှင် ဦးဘကောင်းနှင့် မနန်းစောတို့က သဘောကျကြသည်။ မောင်အေးမြင့် မှာ ဒရိုင်ဘာဖြစ်သော်လည်း နားချိန်တွင် အအားနေသူမဟုတ်၊ အလုပ် ရှာပေးသူ ဦးသံချောင်းအား ကူညီရင်း မြက်ရှင်းခြင်း၊ ပန်းပင်များအား ရေလောင်းခြင်းအမှုများကို ဝိုင်းဝန်းကူညီပေးတတ်သည်။ ထို့ကြောင့် လည်း ဒရိုင်ဘာခတင်မက အိမ်ကြီးရှင်များ၏ အပိုဆုမုန့်ဘိုးကိုလည်း မကြာခဏရတတ်သည်။

ထိုအိမ်တွင် မာစီဒီးကားနက်ကြီးနှင့် လင့်ရိုဘာကားတစ်စီး ရှိသည်။ လင့်ရိုဘာကားကိုတော့ ဦးဘကောင်းနယ်ထွက်ရာတွင်၎င်း ဂေါက်ရိုက်သွားရာတွင်၎င်း သုံးတတ်သည်။ မာစီဒီးကားကိုတော့ မယားချောလေး သုံးရန်အတွက် ဝယ်ပေးထားခြင်း ဖြစ်သည်။ မောင်အေးမြင့်မှာ မာစီဒီးမောင်းရန်အတွက် ခန့်ထားပေးခြင်းဖြစ်သည်။

မနန်းစောအား ဦးဘကောင်းက အလွန်အလိုလိုက်သည်။ အိမ်ထောင်သက် (၁၀)နှစ်ကျော်ခဲ့သော်လည်း သားသမီးမထွန်းကားခဲ့။ ထို့ကြောင့်လည်း ဦးဘကောင်းက မနန်းစောအား ဇနီးမယားလို၊ သမီးသားလိုချစ်ခင်ယုယခဲ့သည်။

မနန်းစောက ဈေးချိုနှင့်နီးသဖြင့် စိန်နှင့်ကျောက်စိမ်းအရောင်း အဝယ်လည်း လုပ်သေးသည်။ ထို့ကြောင့်လည်း အပေါင်းအသင်းဒဲ့ သည်။ သူတို့အိမ်ကြီးသို့ ဧည့်သည်အဝင်အထွက် အလွန်များသည်။ ဦးဘကောင်းနယ်ထွက်လျှင် တစ်ပတ်၊ ဆယ်ရက်ကြာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မျိုးတွင် မနန်းစောတို့အိမ်ကြီးမှာ လေးကောင်ဂျင် သမား များစွာဖြင့် စည်ကားလှသည်။ အိမ်ဖော်များလည်းမနေရ၊ လာသမျှလူကို ထမင်းချိန် ထမင်း၊ လဖက်ရည်ချိန် လဖက်ရည် တိုက်ကျွေးရသည်။ အချို့သူများဆိုလျှင် ညည့်နက်မှပြန်တတ်သဖြင့် မနန်းစောက ဈေးကြီးသောအရက်များကိုပင် တိုက်တတ်သေးသည်။ သူကိုယ်တိုင်က လည်း မိန်းမဖြစ်လျက် ဝီစကီဆို အလွန်ကြိုက်သည်။ ဤသည်မှာတော့ ဦးဘကောင်းက သောက်ဖော်မရှိ သောအချိန်များတွင် မနန်းစောအား သင်ပေးထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အရက်၊ ဖဲ၊ လေးကောင် ဂျင်တို့မှာ သားသမီးမရှိသော မနန်းစောအတွက် ထာဝရအဖော်များ ဖြစ်သည်။

မနန်းစောမှာ တစ်ပတ်တစ်ကြိမ် ဈေးဝယ်ထွက်တတ်သည်။ နေ့စဉ်ဈေးဝယ်ခြင်းကိုတော့ အိမ်ဖော်များက ပြုလုပ်သည်။ ဈေးချိုတော် နှင့်အိမ်မှာ ကပ်နေသဖြင့် တစ်ပတ်တစ်ကြိမ် မနန်းစောဈေးဝယ်ထွက်ရာ ၌ မောင်အေးမြင့်က ခြင်းဆွဲ၍ နောက်ကလိုက်ရသည်။ ဈေးဝယ်ရင်း လည်း မနန်းစောကဖောက်သည်ဆိုင်များတွင် စိန်၊ ကျောက်တို့ကို ပြတတ်သေးသည်။ သူဌေးဈေးရောင်းခြင်းဖြစ်၍ ဝယ်သူနှင့်တွေ့ပါက ပစ္စည်းကိုပေးခဲ့၍ စရန်ယူပြီး၊ ချိန်းသောရက်ကျမှ မောင်အေးမြင့်က ငွေလိုက်သိမ်းရသည်။ ရိုးသားသောမောင်အေးမြင့်အား မနန်းစောက အလွန်သဘောကျသည်။ အရောင်းအဝယ်ဖြစ်သော နေ့များတွင် မောင်အေးမြင့်အတွက် မုန့်ဘိုးများစိုစိုပိုပိုရတတ်သည်။ မောင်အေးမြင့်မှာ ငွေရေး၊ ကြေးရေးတွင် စိတ်ချရပြီး မျက်နှာလွှဲရသဖြင့် မောင်အေးမြင့်မှာ အရိုင်ဘာ၊ မာလီအပြင် အိမ်ကြီး၏ဘဏ္ဍာစိုးလည်း ဖြစ်လာသည်။ ဖောက်သည်များအား မနန်းစောက မောင်အေးမြင့်မှာ သူ့မောင်ဖြစ် ကြောင်းပြောတတ်သည်။

တစ်နေ့တွင် ဦးဘကောင်းက မိတ္ထီလာသွားရန် လင့်ရိုဗာ[illegible]နှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ နေမြင့်မှ အိပ်ယာထတတ်သော မနန်းစော၊ ယနေ့ စောစောစီးစီးနိုးလာပြီး၊ မောင်အေးမြင့်အား အပေါ်ထပ်မှ လှမ်းခေါ်သည်။

"မောင်အေးမြင့်ရောက်ပြီလားဟေ့"

မောင်အေးမြင့်မှာ မနက်(၇)နာရီခန့်ကပင် ရောက်နေပြီဖြစ်သည်။

"ဟုတ်ကဲ့ အမကြီး။ ကျွန်တော်ရောက်ပါပြီ"

"အေး အေး အစ်မ၊ပြင်ဦးလွင်သွားမလို့ ကားအသင့်ပြင်ထား။ မောင်လေးရေ"

"ဟုတ်ကဲ့ အစ်မကြီး"

ထိုအချိန်က မောင်အေးမြင့်မှာ မာစီဒီး ကားနက်ကြီးအား ရေဆေးနေချိန်ဖြစ်သည်။ တောင်တက်ခရီးဝေး သွားရမည်ဖြစ်၍ ကားအား အောက်ပိုင်းစစ်ဆေးသည်။ ဘီးနပ်များအား ကြပ်သည်။ ရေ့ခေါင်းဖုံးဖွင့်၍ သန့်ရှင်းရေးလုပ်ပြီး၊ အင်ဂျင်ပိုင်တိုင်း၍ ဖြည့်သည်။ ဘရိတ်ဆီဖြည့်သည်။ ရေဖြည့်သည်။ ဤကားကြီးမှာအလွန်ကောင်းမွန်၍ ခရီးဝေးသွားရန် ဖိမ်ခံကားကြီးဖြစ်သည်။ အင်ဂျင်ကလည်း စိတ်ချရသည်။ မောင်အေးမြင့်ရောက်လာသော (၆)လတာကာလအတွင်း မေမြို့သို့တက်ရသည်မှာ (၆)ခေါက်ခန့်ရှိပြီဖြစ်၍ လမ်းလည်းကျွမ်းနေပြီ ဖြစ်သည်။ မောင်အေးမြင့် ရေချိုး၊ အဝတ်အစားလဲပြီးသည်အထိ မနန်းစောက ဆင်းမလာသေး၊ အိမ်ဖော်တစ်ယောက်သာဆင်းလာ၍ မောင်းအေးမြင့်အတွက် ကော်ဖီနှင့်ကိတ်မုန့်လာပို့သည်။

အိမ်ဖော် "ကိုအေးမြင့်ရေ၊ ကော်ဖီနဲ့မုန့်စားလိုက်ဦး၊ အစ်မကြီး ကျောက်တွေရွေးနေတယ်၊ အသွားမှာ ရွှေစာရံလည်းဝင်မှာဆိုတော့ မွန်းလွဲမှပြင်ဦးလွင်ရောက်ပြီး နေ့လည်စာစားရမယ်ထင်တယ်၊ အဲဒါခံ စားထားလိုက်ဦး"

"ဟုတ်ကဲ့၊ မကြင်ထွေး၊ ကျေးဇူးပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးမြင့်အား ကားကိုဒေါင်အပေါ်ထပ်တွင် ယာယီနေရန် အခန်းပေးထားသည်။ မနန်းစောက အဝတ်အစားအချို့ကိုလည်း ဝယ်ပေးထားသည်။ ပွဲနေပွဲထိုင်သွားရာတွင် အဆင့်အတန်းရှိရှိ ဝတ်ရန်ဖြစ်သည်။

တစ်နာရီကျော်မှ မနန်းစောဆင်းလာသည်။ မောင်အေးမြင့်အား မြင်သည်နှင့် –

"ငါ့မောင်က ဒီလိုဆိုတော့လည်း အချောသားဘဲ၊ 'အိမ်မှာဘယ်လိုနေနေ၊ လမ်းထွက်ရင်တော့ သပ်သပ်ယပ်ယပ်၊ သားသားနားနားဝတ်မှ အမကကြိုက်တာ၊ မောင်အေးမြင့်ကို အမကဒရိုင်ဘာအဖြစ်နဲ့ထားတာမဟုတ်ဘူးနော်၊ အမရဲ့မောင်အဖြစ်ထားတာ"

"ဟုတ်ကဲ့ပါအစ်မကြီး"

"အေး အေး လာသွားကြမယ်၊ ထုံးစံအတိုင်း ရွှေစာရံဘုရားဝင်ပြီး အစ်မတော်စောမွန်လှကို ဆီမီး၊ နံ့သာ၊ ပန်းရေချမ်း ဆက်ကြမယ်။ ဒါမှ မမရဲ့ကျောက်အရောင်းအဝယ် ခေါ်တဲ့ဈေးအတိုင်းရမှာ"

ဟုတ်လည်းဟုတ်ပါသည်။ မနန်းစော ကျောက်အရောင်းအဝယ်ကြီးကြီးကျယ်ကျယ်လုပ်တိုင်း ရွှေစာရံဘုရားသို့ သွားရောက်ပူဇော်ပြီး အစ်မတော် စောမွန်လှအား တိုင်တည်ဆုတောင်းတတ်သည်။ ရှမ်းအနွယ်ဝင်ခြင်းဖြစ်၍လား၊ တိုက်ဆိုင်မှုကြောင့်လားတော့မသိပါ၊ အပြောကောင်း၊ ရုပ်ချော၊ ဥစ္စာပေါသော မနန်းစော အရောင်းအဝယ်များမှာ အလွန်အောင်မြင်လာသည်။ အချီကြီးအောင်မြင်ပြီးလျှင်တော့ မနန်းစောက ရွှေစာရံဘုရားသို့ ထပ်မံသွားပြီး ကန်တော့ပွဲပေးပြီး အစ်မတော်စောမွန်လှမင်းသမီးအား ပူဇော်တတ်ပြန်သည်။

မန္တလေးကအထွက် အောင်ပင်လယ်ကျော်ပြီးနောက် ကူမဲရွာလမ်းဆုံသို့အရောက်တွင် မနန်းစောက ကားရပ်ခိုင်းသဖြင့် လဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်ပေးရသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"လာမောင်လေး ဒီမှာ နွားနို့စစ်စစ်ရတယ်၊ မမက ဒီဒေသသမီး၊ ဒီနားကမြောင်းဘောင်လမ်းအတိုင်းသွားရင် ထန်းတောရွာ၊ တံတိုင်းရှည်ရွာ၊ မိုင်လေးဆယ်ရွာနဲ့ မမတို့နေတဲ့ ကြွက်နဖါးတောင်ခြေက ရှမ်းရွာကြီးကို ရောက်တယ်။ ရှမ်းရွာကြီးကနေ ရွှေစာရံဘုရားကိုလမ်းလျှောက်သွားရင် အနီးကလေးဘဲ၊ မမတို့က အစ်မတော်စောမွန်လှရဲ့ အမျိုးတွေဘဲ"

"ဟုတ်ကဲ့အစ်မကြီး"

ကားဆက်မောင်းခဲ့ကြသည်။ ဇီးတောကြီးကိုဖြတ်ကျော်တော့ တောင်တက်ခရီးစတင်ပေပြီ။ (၂၁)မိုင်ရောက်တော့ ချက်ချင်းရာသီဥတု ပြောင်းလဲသွားသည်။ အေးစိမ့်သောရာသီဥတု အငွေ့အသက်ကို ခံစားရခြင်းဖြစ်သည်။ (၂၁)မိုင်စခန်းတွင် ခေတ္တနားကြ၍ နေ့လည်စာစားကြသည်။ပြင်ဦးလွင်ရောက်မှ စားရန်ဖြစ်သော်လည်း ရွှေစာရံဘုရားတွင် အချိန်ကြာသွား၍ (၁၂)နာရီမထိုးမီ နေ့လည်စာစားကြခြင်းဖြစ်သည်။

မနန်းစောက အမဲသား၊ ဆိတ်သား အလွန်ကြိုက်သည်။ သွေးအားကောင်းသည်ဟု ပြောလေ့ရှိသည်။ မောင်အေးမြင့်က အမဲသား မစား၊ ဆိတ်သားတော့စားသည်။

"မောင်လေး စားစား ဝအောင်စား၊ လိုတာရှိထပ်မှာ၊ ဒီစခန်းမှာ ဆိတ်သား၊ အမဲသား လတ်လတ်ဆတ်ဆတ် စားရတယ်၊ တစ်ခါတလေ ချေ၊ ဆတ်၊ တောဝက်သားတောင် ရတတ်တယ်၊ မမကတော့ အမဲဟင်းလျာဆိုရင် အကုန်ကြိုက်တယ်၊ အိမ်မှာတော့ ကြက်သားနဲ့ငါးကိုသာ စားနေရတာ မင်းအသိဘဲ၊ အိမ်ကအဖိုးကြီးက အမဲသား၊ ဝက်သား၊ ဆိတ်သားမကြိုက်ဘူးကွဲ့၊ အသက်ကြီးလာတော့လည်း ချေးများလာတာ ထင်ပါရဲ့၊ သူ့အလုပ်ကတော့ကောင်းပါရဲ့၊ ခရီးချည်းထွက်နေရတော့ မမပျင်းလာပြီ။ တစ်ခါတစ်ခါ မမဟာယောက်ျားမရှိတဲ့ အပျိုကြီးလိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖါသာခံယူမိတယ်၊ မောင်လေးဘဝပဲ အေးပါတယ်ကွာ၊ လူဖို လူလွတ်ဘဝဟာ အလွတ်လပ်ဆုံး၊ စိတ်အချမ်းသာဆုံးပါဘဲ''

''ဒါနဲ့ ငါ့မောင်မှာ ရည်းစားသနာရောရှိပြီလား''

''မရှိသေးပါဘူး အစ်မကြီးရယ်၊ အမေအိုကြီး လုပ်ကျွေးနေရတော့ အဲ့ဒီစိတ်တွေလည်း မမွေးအားပါဘူး''

''မင်းကိုကြိုက်တဲ့ ကောင်မကလေးတွေရော မရှိဘူးလား''

ကျွန်တော်က မနက်စောစော ဒီကိုလာ၊ ညမိုးချုပ်မှ ပြန်ရောက်တတ်တာ ဘယ်ကောင်မလေးက ကြိုက်မှာလည်း အစ်မကြီးရယ်''

''အိမ်နီးပတ်ဝန်းကျင်မှာရော မရှိဘူးလားကွယ့်''

''ပတ်ဝန်းကျင်က တရုတ်တန်းဖြစ်လို့၊ တရုတ်မတွေဘဲ များတယ်၊ အစ်မကြီး၊ ကျွန်တော်ကလည်း တရုတ်မတွေကို မကြိုက်ဘူး၊ သူတို့ကလည်း ကြိုက်ကြမှာမဟုတ်ပါဘူး''

''မင်းကိုကြိုက်တဲ့သူ၊ ဒါမှမဟုတ်ရင် မင်းကကြိုက်တဲ့သူထဲက အသက်ကြီးကြီး၊ အသက်ငယ်ငယ် ဘယ်ဟာကိုရွေးမှာလည်း မောင်လေး''

''အစ်မကြီးရယ် အချိန်တန်လို့ ဖူးစာကံမှန်ရင်တော့ ကျွန်တော့်ထက်အသက်ကြီးကြီး၊ အသက်ငယ်ငယ် ရွေးရတော့မှာပေါ့ဗျာ''

''အေး အဲဒါဟုတ်တယ်၊ မမလည်း ဒီအတိုင်းဘဲ ခံယူထားတယ်၊ ကိုယ့်ထက် အသက်ကြီးကြီး၊ အသက်ငယ်ငယ် တစ်ဦးကိုတစ်ဦး ချစ်ကြဖို့သာ ပဓါနဘဲကွဲ့ မောင်လေးရဲ့''

မနန်းစောက စကားထည့်လိုက်မှန်း ရိုးသားဖြူစင်သော မောင်အေးမြင့်မသိရှာပါ။ သို့နှင့် ခရီးထွက်ခဲ့ကြပြန်သည်။ မနန်းစောတို့ ဝယ်ထားသောခြံကြီးမှာ ပြင်ဦးလွင်၊ကန်တော်ကြီးစောင်း၊ ပိုးချင်ထုတ်သည့် စက်ရုံအနီးတွင်ရှိသည်။ ခေတ်မီ တစ်ထပ်တိုက်ငယ်သော



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ထားသော်လည်း အလွန်ခန့်ညားကျယ်ဝန်းသည်။

ကန်တော်ကြီးမှ တိုက်ခတ်လာသော လေနုအေးကလေးအား ခံစားရင်း အေးချမ်း လှသည့် အနားယူရန် ကောင်းမွန်သော နေရာကလေးဖြစ်သည်။

ထိုခြံရှေ့ရောက်သော မနန်းစောက သော့ပေးသဖြင့် မောင်အေးမြင့်က ဆင်းဖွင့်ပြီး ခြံထဲအိမ်ကလေးရှေ့သို့ ကားမောင်း ဝင်ခဲ့သည်။ မောင်အေးမြင့်က အိမ်တံခါးများအား ဖွင့်ပေးရပြန်သည်။ နေ့လည်ခင်းဖြစ်၍ ထိုအိမ်တွင် ခေတ္တနားကြပြန်သည်။

မောင်အေးမြင့် ကတော့ မနားပါ။ ကားအား စစ်ဆေးပြီး ရေဆေးပြန်သည်။

ပြီးနောက် ပန်းပင်များအား ရေလောင်းသည်။ မနန်းစောကတော့ အခန်းထဲဝင်၍ အဝတ်လဲပြီး အိပ်စက်အနား ယူနေဟန် တူသည်။

မောင်အေးမြင့် အလုပ် ပြီး၍ အိမ်ထဲဝင်သွားတော့–

"မောင်လေးလား၊ မင်းအားရင် မမကို နက်စ်ကော်ဖီဖျော်ပေးစမ်းကွာ၊ ခါးခါးလေးဖျော်ပေး၊ မင်းအတွက်တော့ ကြိုက်သလိုဖျော်သောက်ပေရော့၊ ဖျော်ပြီးရင်၊ မမအခန်းထဲလာပို့နော်"

"ဟုတ်ကဲ့အစ်မကြီး"

မောင်အေးမြင့် အခန်းတွင်းဝင်၍ ကော်ဖီပို့တော့

မနန်းစောမှာ လုံချည်ပါးပါးနှင့် အင်္ကျီပါးလေးကိုသာဝတ်ပြီး အိပ်ယာပေါ်တွင် လှဲနေသည်။ အောက်ခံပင်ဝတ်မထားပါ။ မောင်အေးမြင့် ကော်ဖီပန်းကန်အား စားပွဲပေါ်ချပြီး မနန်းစောအားတစ်ချက်ကြည့်၍

"အစ်မကြီးကော်ဖီရပြီ"

"အေး အေး"

မောင်အေးမြင့် လှည့်ထွက်မည်အပြု မနန်းစောက–



www.burmeseclassic.com

www.burmeseclassic.com



"လာပါဦးမောင်လေးရယ်၊ မမခေါင်းတွေကိုက်နေလို့ လှဲနေတာ၊ မန္တလေးကပူပြီး၊ ဒီကအေးတော့၊ ရာသီဥတုပြောင်းပြီး ခေါင်းကိုက်တာ ထင်ပါရဲ့၊ မမကို ဇက်ကြောကလေးဆွဲပေးပါဦးနော်"

မောင်အေးမြင့်မှာ အခက်ကြုံရသည်။

ယခင်က မအေးမြင့် အသားနှင့် မတော်တဆစထိလျှင်ပင် သူ့မှာမနေတတ်၊ လူပျိုရိုင်း ကလေးဖြစ်၍ ပူထူနေတတ်သည်။

ယခုလို ကိုယ်ထိ၊ လက်ရောက်နှိပ်နယ် ပေးရလျှင်တော့ မစဉ်းစားဝံ့တော့။

သို့သော် အလုပ်ရှင်က အငြိုအငြင် မခံရလေအောင် နှိပ်နယ်ပေးရတော့သည်။

မနန်းစောက ကုတင်ပေါ်တွင် ထိုင်နေ၍ မောင်အေးမြင့်က ခြေတွဲလောင်းချကာ နှိပ်နယ်ပေးရသည်။ မနန်းစောဇလည်တိုင်မှာ အကြောစိမ်းကလေးများကိုပင် မြင်နေရသည်။

မောင်အေးမြင့်မှာ လူပျိုရိုင်းကလေး ဖြစ်၍ ကျေးဇူးရှင် လင်မရှိ မယားအား မပြစ်မှားမိအောင် စိတ်ထိန်းနေရသည်။

"မောင်လေး၊ ကျောဘက်ကို နှိပ်ပေးပါဦးကွဲ့၊ ပြီးတော့ ပုခုံးကို နှိပ်ပေးနော်၊ ငါ့မောင်နှိပ်တာ အခံရကောင်းသကွဲ့၊ အတော်သက်သာ သွားပြီ"

မောင်အေးမြင့်က သတိပေး၍ တောင်းပန်သော်လည်းမရ။ နောက်ပိုင်း အချစ်ကျွန်းသို့ တငြိမ့်ငြိမ့်ရွက်လှေစီး၍ သွားကြတော့သည်။

ကိစ္စများပြီးတော့၊ မောင်အေးမြင့်မှာ ထူပူ၍ အိမ်ရှေ့ဆက်တီ စားပွဲသို့ ထွက်ထိုင်နေသည်။

အေးချမ်းလှသော ပြင်ဦးလွင်မြို့ရာသီဥတုတွင် ချွေးစေးများ ပျံနေသဖြင့် ရေအေးအေး နှစ်ခွက်အား ဆင့်၍သောက်ချ လိုက်ရသည်

---



www.burmeseclassic.com

www.burmeseclassic.com



မနန်းစောကတော့ လိုအင်ဆန္ဒပြည့်စုံပြီဖြစ်၍ နှစ်ခြိုက်စွာ အိပ်မောကျသွားသည်။

မောင်အေးမြင့်အတွေးများ ယောက်ယက်ခတ်နေသည်။ ကျေးဇူးရှင်ကိုပြစ်မှားမိပြီ၊ ကာမေသုမိစ္ဆာစာရကံအား ဖေါက်ဖျက်ကျူးလွန်မိပြီ။ သို့သော်သူ့ဘာမျှ မတတ်နိုင်တော့။ ညနေ ကျောက်ရောင်းဝယ်ရာတွင် လည်း အဆင်မပြေ၊ ယခင်လိုမဟုတ်၊ မနန်းစောခေါ်သည့် ဈေးမရသည့် အပြင် ဈေးနှိမ်ခံရသည်၊ အိမ်ထောင်ရေးဖောက်ပြန်သဖြင့် စောမွန်လှ မင်းသမီးလည်း မကယ်နိုင်တော့၊ ညမိုးချုပ်မှ မန္တလေးသို့ ပြန်ဆင်း ဖြစ်ကြသည်။

မနန်းစောကပြောလာသည်။

"မောင်လေးဘာမှ အားမငယ်နဲ့ အစ်မပစ္စည်းတွေက ပုတ်သွားတဲ့ ပစ္စည်းတွေ မဟုတ်ဘူး၊ ထားနိုင်လေ တန်ဘိုးတက်လေပဲ၊ သူတို့အခုပေးတဲ့ ဈေးက မန္တလေးမှာ ဘယ်သူ့ ရောင်းရောင်းရတယ်၊ မမတို့လည်း ဆင်းရဲတဲ့သူတွေမဟုတ်ဘူး၊ ထားလိုက်တော့"

ဘယ်တုန်းကမှ မပျက်ဘူးသော မာစီဒီးကားကြီးမှာ (၂၁)မိုင် စခန်းအရောက်တွင် ထိုးရပ်သွားသည်။

"ဘာဖြစ်တာလဲ မောင်လေး"

"ကာဘရိုက်တာ ဆီပိတ်တာထင်တယ် အစ်မကြီးခဏနော်ပါ၊ ကျွန်တော်ဆင်းပြင်လိုက်ပါမယ်"

တော်ပါသေးသည် အနီးမှထမင်းဆိုင်၏ မီးအလင်းရောင်ကြောင့် စက်ခေါင်းဖုံးအား ဖွင့်လိုက်သည်နှင့် ကာဘရိုက်တာအုံအား မြင်နေရသည်။ မောင်အေးမြင့်မှာ ကျွမ်းကျင်သော စက်ဆရာဖြစ်၍ မကြာမီ ပြင်၍ရပြီး ဆက်မောင်းခဲ့ကြသည်။ ဇီးတောကြီးရွာအရောက်တွင် မီးကြီးပျောက်သွားပြန်သည်။ မောင်အေးမြင့်ဆင်းပြင်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး၊ ဘယ်လိုဖြစ်တာလဲကွဲ့"

"မသိဘူး၊ အစ်မကြီးရေ၊ အရင်ကတစ်ခါမှမဖြစ်ဖူးဘူး"

ည (၁၀)နာရီကျော်မှ အိမ်ပြန်ရောက်ကြသည်။ ထိုညက မောင်အေးမြင့် အိမ်ပြန်ခြင်းမပြုနိုင်တော့ ကားဂိုဒေါင်အပေါ်ထပ်၌ပင် အိပ်ရသည်။ ညသန်းခေါင်ကျော်တွင် မနန်းစောက မောင်အေးမြင့်နှင့် အတူလာအိပ်သည်။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဖြစ်၍ မောင်အေးမြင့်ဘဝမှာ မထူးတော့ လေ့အကြုံ ရေအစုန် တွင် တက်ကုန်၊ ရွက်စုံဖွင့်၍ နှင်ကြတော့သည်။

နောက်ပိုင်း၌ ဦးဘကောင်းမရှိချိန်၊ အိမ်ဖော်များ၊ အလုပ်များ နေချိန်များတွင် မနန်းစောရောက်လာလေ့ရှိပြီး၊ မောင်အေးမြင့်၏ ကားဂိုဒေါင်ထပ်ခိုးကလေး၌ နေ့ခင်းကြောင်တောင်ပင် နှစ်ပါးသွားကြ သည်။ ဤသို့ဖြင့် နှစ်ပေါက်လာတော့ ပိုမိုရဲတင်းလာကာ၊ မောင်အေးမြင့် ၏ ကားဂိုဒေါင်ထပ်ခိုးကလေးမှာ ပူသည်ဟု အကြောင်းပြပြီး မနန်းစော က ၎င်း၏အိမ်ခန်းသို့ မောင်အေးမြင့်အားခေါ်၍ ဖောက်ပြန်တတ်လာ သည်။

ပိုမိုရဲတင်းလာကြ၍ တစ်နေ့တွင် အိမ်ဖော်တစ်ယောက်တွေ့ သွားပြီး၊ ဦးဘကောင်းအား ပြန်တိုင်ဟန်တူသည်။ ဦးဘကောင်း ခရီး မထွက်တော့ ဂေါက်ရိုက်ပင် မသွားတော့၊ အိမ်မြဲနေသည်။ မျက်နှာ သုန်သုန်မှုန်မှုန်နှင့် မယားအားလည်း အလိုမလိုက်တော့။ မောင်အေးမြင့် အားလည်း အပြစ်မရှိ၊ အပြစ်ရှာ၍ ဆူဆဲနေတတ်သည်။ လင်မယား လည်းမတည့်တော့၊ မျက်နှာချင်းဆိုင်သည်နှင့် စကားများကြတော့သည်။ အပြင်သို့လည်း ယခင်ကလို ထွက်ခွင့်မပေးတော့၊ မသွားမဖြစ်၍ သွားရလျှင်လည်း ဦးဘကောင်းကိုယ်တိုင် ကားမောင်း၍လိုက်ပို့တတ် သည်။ မောင်အေးမြင့်နှင့်သွားလျှင်လည်း အိမ်ဖော်တစ်ယောက်အား ထည့်ပေးတတ်သည်။ မောင်အေးမြင့်မှာ ကားမောင်းရသည်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသံချောင်းနှင့်တွဲ၍ မာလီအလုပ်ကိုသာ လုပ်ရသည်ကများလာသည်။

တစ်နေ့တွင် ပြည်မြို့မှ ဦးဘကောင်း၏ ငယ်ပေါင်းသူငယ်ချင်း တစ်ယောက်ဆုံးသဖြင့် ဦးဘကောင်းမဖြစ်မနေခရီးသွားရန် ကြုံလာသည်။ မနန်းစောကို ခေါ်သော်လည်း မလိုက်သဖြင့် တစ်ဦးတည်း လင့်ရှိဗာ ကားဖြင့် ထွက်သွားသည်။ အိမ်ဖော်များကိုတော့ ကြပ်ကြပ်တည်းတည်း မှာခဲ့ဟန်တူသည်။

မနန်းစောက ဈေးချိုသို့သွားရန် မောင်အေးမြင့်အားခေါ်သည်။ အိမ်ဖော်တစ်ဦးက ဦးဘကောင်းမှာသည့်အတိုင်း လိုက်ရန်ပြင်သော်လည်း မနန်းစောကမခေါ်ပါ။ အိမ်ဖော်မိန်းကလေးမှာ အရှင်သခင်မကို လည်း ကြောက်ရသဖြင့် ငြိမ်နေပြီး ကျန်ခဲ့တော့သည်။ ကားနှင့်သွား ခြင်းမဟုတ်သဖြင့်လည်း ဦးဘကောင်းပေးခဲ့သော အမိန့်ကို ဖီဆန်ရာ မကျပါ။

မနန်းစောနှင့် မောင်အေးမြင့်တို့ ဈေးချိုအနီးအအေးဆိုင်တွင် ဝင်၍ လူရှင်းသောစားပွဲတွင် ထိုင်ကြသည်။

"မောင်လေး ဘယ်လိုလုပ်ကြမလဲ၊ အဘိုးကြီးသိသွားပြီထင် တယ်"

"အစ်မကြီး ကျွန်တော်အလုပ်ထွက်တော့မယ်"

"ယောကျာ်းပဲ၊ မင်းစိတ်ကပျော့လှချည်လားကွဲ့၊ ဘာကြောင့် အလုပ်ထွက်ရမှာလဲ၊ ဘာလဲ မမကို မချစ်တော့ဘူးလား"

"မမကို ချစ်ပါတယ်၊ ဒါပေမဲ့ မမက လင်ကြီးနဲ့ဆိုတော့ ကျွန်တော်တို့ ရပ်တန်းကရပ်တာတော်မယ်ထင်ပါတယ်"

"မင်းတကယ်ပျော့ညံ့တာကိုကွဲ့၊ သူ့မယားလိုချင်ရင် သူ့လင်ကို လှံနဲ့ထိုးရတယ်ဆိုတဲ့ စကားပုံကို မကြားဖူးဘူးလား၊ ကြံမှပေါ့ကွဲ့၊ မပကြံပါ့မယ်၊ မင်းမမကိုအကူအညီပေးဖို့သာ အသင့်စောင့်နေပေရော့"

"မမ ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မမ တာဝန်ထားပါ၊ မမခေါ်ရင်သာ၊ မင်းအပြေးလာခဲ့ပေတော့"

"ဟုတ်ကဲ့ မမ"

ထိုနေ့ကသူတို့ နှစ်ဦးဈေးချိအားပတ်ပြီး တစ်နာရီအတွင်း အိမ်ပြန်ရောက်လာကြသည်။ နှစ်ဦးစလုံးပင် မင်သေသေဖြင့် နေကြသည်။ ဦးဘကောင်းကတော့၊ သူငယ်ချင်းရက်လည်ပင်မစောင်တော့ဘဲ၊ နောက်တစ်နေ့ ညနေခင်း ပြည်မြို့မှ အိမ်သို့ပြန်ရောက်လာသည်။ အခြေအနေအေးဆေးကြောင်းသိရသဖြင့် မယားချောလေးအား ပြန်ချော့နေပြန်သည်။

BURMESE CLASSIC

လင်မယားအဆင်ပြေသည့်အနေဖြင့် ညနေပိုင်းတွင် ခြံတွင်း၌ အရက်ဝိုင်းဖွဲ့သည်။ ဦးဘကောင်း၏မိတ်ဆွေ လေးငါးဦးကိုလည်း ဖိတ်ထားသဖြင့် အိမ်ဖော်များအပြင် မောင်အေးမြင့်နှင့် ဦးသံချောင်းတို့ကလည်း ပြင်ဆင်ညှော်ခံရသည်။ ထိုညက မိုးချုပ်သဖြင့် မောင်အေးမြင့် အိမ်မပြန်နိုင်၊ မောင်အေးမြင့်ရှိနေ၍ ဦးသံချောင်းက ဇနီး နေမကောင်းဟု အကြောင်းပြကာ ခွင့်တောင်း၍ စောစီးစွာ အိမ်ပြန်သွားသည် အရက်ဝိုင်းမှာ ဦးဘကောင်း၏ ငယ်ပေါင်းသူငယ်ချင်းများဖြစ်၍ အတော်နှင့်မပြီးပါ။ ည (၁၁)နာရီခန့်မှ အရက်ဝိုင်းသိမ်းသည်။ ထိုညက ထူးဆန်းစွာ မနန်းစောမှာ ဧည့်သည်များအား ဧည့်ခံရုံသာမက သူမပါ ဝင်နေသည်ကို တွေ့ရသည်။ ဧည့်သည်များ ပြန်သွားပြီး ည (၁၂) နာရီခန့်မှ အိမ်ဖော်များနှင့် မောင်အေးမြင့်တို့ ဝိုင်းသိမ်းပြီးစီးသဖြင့် ညစာစားကြသည်။

ဦးဘကောင်းနှင့် မနန်းစောတို့ကတော့ ညစာပင်မစားကြတော့ဘဲ၊ အပေါ်ထပ်တက်သွားကြသည်။ ည (၁) နာရီခန့်မှ မောင်အေးမြင့် ကားဂိုဒေါင်ထပ်ခိုးကလေးတွင် အိပ်ယာဝင်ဖြစ်သည်။ လင်မယားနှစ်ဦး အဆင်ပြေသွားသဖြင့်လည်း သူဝမ်းသာနေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးမြင့် အိပ်ပျော်ပြီး တစ်နာရီခန့်အကြာတွင် ကားဂိုဒေါင်တံခါးအား ဖွဖွလေးထု၍ သူ့အမည်အားခေါ်နေသံကို ကြားရသည်။

"မောင်လေး၊ တံခါးဖွင့်ပါဦး၊ မမပါ"

အိပ်ယာဝင်နောက်ကျသဖြင့် မောင်အေးမြင့်မှာ အိပ်ယာက အတော်နှင့်မထနိုင်၊ နောက်တစ်ကြိမ်ထပ်ခေါ်မှ တံခါးဖွင့်ပေးနိုင်တော့သည်။

"မောင်လေး၊ မမပါ၊ အမြန်လာကူပါဦး"

"ဘာဖြစ်လို့လဲ မမ"

"ဦးဘကောင်းသေပြီထင်တယ်၊ အဲ့ဒါအလောင်းဖျောက်လိုက်ကြရအောင်"

"ဟင် ဦးဘကောင်းက ညကဘဲ အရက်သောက်သေးတယ်၊ အကောင်းကြီးပါ၊ ဘယ်နှယ်ကြောင့်သေရတာလဲ"

"အိပ်ခါနီးမှာ မမကိုချစ်ရင် အရက်ထပ်သောက်ကြမယ်ဆိုပြီး မမတို့ အရက်တစ်ခွက်စီ သောက်ကြတယ်။ သူ့ခွက်ထဲကို မမရှမ်းရိုးရာ မြားဆိပ်ထည့်လိုက်တယ်၊ အဲ့ဒီအဆိပ်က တစ်နာရီအတွင်း ခန္ဓာကိုယ်ထဲမှာ ပျံ့နှံ့သွားပြီး ပျောက်သွားတတ်တယ်၊ အဲ့ဒါအလောင်းကြီးကို ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

"မမရယ်၊ ဒီအတိုင်းထားလိုက်ပေါ့။ အဆိပ်လည်းတွေ့မှာမဟုတ်တာ၊ အရက်မူးလွန်၊ အံ့ဖတ်ဆို့ပြီး၊ သူ့ဖာသာသေတယ်ပေါ့၊ မကောင်းဘူးလား"

"အင်းအဲ့ဒါကောင်းတယ်၊ ဒါပေမဲ့ မမအဲ့ဒီအကောင်းကြီးရှိတဲ့အခန်းထဲမှာ၊ မအိပ်ရဲတော့ဘူး၊ မောင်လေးနဲ့ဘဲလာအိပ်တော့မယ်"

"မမရယ်ကောင်းပါ့မလားဗျာ၊ တော်ကြာ အိမ်ဖော်တွေသိသွားရင် မကောင်းပါဘူး"

"ဦးဘကောင်းမှ မရှိတော့ဘဲ၊ မောင်လေးရယ်၊ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရမှာလည်း၊ ဒီအိမ်မှာ အကြီးဆုံးဆိုလို့မပဘဲရှိတော့တာ၊ ဘာလဲ မောင်လေးက မမကိုမကြောက်ဘူးလား"

"မမကိုမကြောက်ပါဘူးဗျာ၊ ချစ်တာပါ"

"ချစ်ရင်လာခဲ့ကောင်လေး"

မနန်းစောကပင် ဦးဆောင်၍ မောင်အေးမြင့်လက်ကိုဆွဲပြီး အိပ်ယာဝင်ကြသည်။ မတွေ့ရတာကြာပြီဖြစ်၍ ဟတ္တနီဟုသမုတ်အပ်သော မိန်းမချောကြီးကပင် ဦးဆောင်၍ ကားဂိုဒေါင်အပေါ်ထပ်တွင် ချစ်ပွဲနွှဲကြပြန်သည်။ ဦးဘကောင်းမရှိတော့၍ လွတ်လပ်စွာ ချစ်ရည်တူပလူးကြသဖြင့် မနက်မိုးလင်းခါနီးမှ အိပ်ပျော်ကြတော့သည်။

အိပ်ယာဝင်နောက်ကျ၍ နေမြင့်မှနိုးကြသည်။ အိမ်ထဲမှာတော့ ပွက်လောညံနေပြီဖြစ်သည်။ ဦးဘကောင်းက မသေသေးဘဲ၊ သွေးများ အန်နေသည်။ အိမ်ဖော်များနိုး၍ အခန်းထဲဝင်ကြည့်ရာ ဦးဘကောင်း က–

"မနန်းစော၊ ငါ့ကို အဆိပ်ခတ်သတ်တာ၊ ငါ့ကိုဆေးရုံအမြန်ပို့" ဟုပြောပြီး၊ သတိလစ်သွားတော့သည်။ ထိုအချိန်တွင် အိပ်ခန်းထဲတွင် မနန်းစောအား မတွေ့ခဲ့ကြပါ။ ဆေးရုံပို့ရန်အတွက် မောင်အေးမြင့်အား လာနိုးစဉ် အိမ်ဖော်များက မနန်းစောကို မောင်အေးမြင့်နှင့်တွဲ၍ တွေ့ ရခြင်းဖြစ်သည်။ ညက မနန်းစောနှင့် မောင်အေးမြင့်တို့ တွေ့ကြစဉ် အချစ်စိတ်မွှန်၍ ကားဂိုဒေါင်တံခါးအား မပိတ်ခဲ့မိခြင်းကြောင့် မနန်းစော ပုန်းရန်အချိန်မရခဲ့။

BURMESE CLASSIC

မနန်းစောမှာ အကြံကြီးသူဖြစ်သည်။ သက်သေများဖြစ်ကြသည့် အိမ်ဖော်များအား သုံးလစာကြိုပေးပြီး လမ်းစရိတ်နှင့် မုန့်ဘိုးပါပေး၍ ထိုနေ့မှစပြီး အလုပ်ထုတ်ပစ်လိုက်သည်။ ဦးဘကောင်းကတော့ ဆေးရုံ ရောက်ရောက်ခြင်း ဆုံးရှာသည်။

ရှမ်းအဆိပ်မှာ သေဆုံးပြီး (၁) နာရီကျော်ခန့်အကြာမှ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ပျောက်ကွယ်သွားတတ်သော်လည်း ဦးဘကောင်းမှာ အဆိပ်သောက်ပြီး ချက်ချင်းသေဆုံးခြင်းမဟုတ်ဘဲ၊ ဆေးရုံရောက်မှ သေဆုံးခြင်းဖြစ်သဖြင့် (၁) နာရီအတွင်း past mortem ခေါ် ရင်ခွဲစစ်ဆေးချက်ပြုလုပ်ရာတွင် ခန္ဓာကိုယ်အတွင်းမပျောက်ကွယ်သေးဘဲ ပျံ့နှံ့နေသော အဆိပ်များကိုတွေ့ခဲ့ရခြင်းဖြစ်သည်။

ဦးဘကောင်း ချက်ခြင်းမသေဆုံးရခြင်းမှာလည်း အရက်သောက်များသောနေ့များတွင် ထမင်းမစားဘဲ၊ ကြက်ဥနှစ်လုံးနှင့် ဖီးကြမ်းငှက်ပျောသီးနှစ်လုံးအား အစိမ်းသောက်လေ့ရှိသော ဦးဘကောင်း၏ အကျင့်ကြောင့်ဖြစ်သည်။ ကြက်ဥသောက်ပြီးမှ အဆိပ်ထည့်ထားသော အရက်အားသောက်သဖြင့် အဆိပ်အာနိသင်ချက်ချင်းမပြဘဲ၊ ကြက်ဥအကာနှင့် ဖီးကြမ်းငှက်ပျောသီး အစာကြေချိန်မှ အဆိပ်အာနိသင်ပြသဖြင့် အချိန်နောက်ကျမှ သေဆုံးရခြင်းဖြစ်ပေလိမ့်မည်။ မည်သို့ဖြစ်စေ၊ လူသတ်မှုဖြစ်သည့်အတွက် အမှုကပေါ်လာတော့သည်။ "မကောင်းမှုဟူသည်၊ ဆိတ်ကွယ်ရာမရှိ"ဟူသော စကားပုံအတိုင်း ကျွမ်းကျင်လိမ္မာသော ရဲလုပ်ငန်းအတွင်း အသေးစိပ်စစ်ဆေးသဖြင့် အမှုမှန်ပေါ်လာတော့သည်။

အိမ်ဖော်များအားရှာဖွေ၍ မျက်မြင်သက်သေအဖြစ် စစ်ဆေးသည်။ ပစ္စည်းသက်သေ၊ လူသက်သေပြည့်စုံပြီဖြစ်၍ မနန်းစောနှင့် မောင်အေးမြင့်တို့အား ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၀၂/၁၁၄ တို့ဖြင့် အခိုင်အမာအမှုတည်ဆောက်ပြီး တရားစွဲရာ အမှုမှန်ပေါ်ပေါက်ပြီး သက်သေခိုင်လုံသဖြင့် နှစ်ဦးစလုံးအား ကြိုးဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com